# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။ **ပါပဝဂ် (ဓမ္မပဒ - ၁၁၆)**


၁၃၇၈ ခုနှစ်၊ ပြာသိုလကွယ်နေ့ | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၁၉)


# သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဆရာတော်ကြီးများထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင် ဩဝါဒခံယူ



သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဆရာတော်ကြီးများထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့ ဩဝါဒခံယူစဉ် (သတင်းစဉ်)

**ရန်ကုန် ဇန်နဝါရီ ၂၆**

နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေသည့် ရွှေကျင်သာသနာပိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐



## ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များ အချိန်မီပြီးစီးရေး နေပြည်တော်ပုံနှိပ်စက်ရုံ၌ ရိုက်နှိပ်

စာမျက်နှာ - ၆

## နာဂလှူငယ်များ ရိုးရာအကဖြင့် ရန်ကုန်မြို့သို့ သွားရောက်ဖျော်ဖြေမည်

စာမျက်နှာ - ၁၂




မြန်မာ့အလင်း

# ပြည်သူတို့၏ ဒီမိုကရေစီအားမာန်

အရိုးပေါ်အရေတင်၊ ဦးခေါင်းခွံရိုးသာသာမျက်နှာ၌ မျက်ကွင်းဟောက်ပက်ဖြစ်နေသော အာဟာရချို့တဲ့နေသည့် ကလေးငယ်တို့၏ ဓာတ်ပုံတို့ကို မြင်ဖူး၊ တွေ့ဖူးကြမည်ဖြစ်ပါသည်။ ဤဓာတ်ပုံတို့ကို ကြည့်ရှုမှုဖြင့် ဓာတ်ပုံပါကလေးငယ်တို့သည်သူတို့ တိုင်းပြည်အတွက်မဆိုထားဘိ၊ သူတို့ဘဝအတွက်ပင် ကာယစွမ်းရည်ပိုင်းအရဖြစ်စေ၊ ဉာဏစွမ်းရည်ပိုင်းအရဖြစ်စေ စွမ်းဆောင်နိုင်စွမ်းမရှိသည်မှာ ပေါ်လွင်ထင်ရှားနေပါသည်။ ကလေးငယ်တို့၌ အာဟာရချို့တဲ့မှုသည် တိုင်းပြည်အတွက် မည်မျှထိခိုက်နစ်နာသည်ကို မီးမောင်းထိုးပြလိုက်သည့်ဓာတ်ပုံများ ဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်ထောင်စုအတွင်း၊ ဒေသတစ်ခုနှင့်တစ်ခုကြား အာဟာရပြည့်ဝမှုကွာဟမှုအား တိတိကျကျ သိရှိနိုင်ရေးအတွက် သုတေသနပြုလုပ်ရန် လမ်းညွှန်ပြောကြားခဲ့မှုသည် တိုင်းပြည်ကလိုအပ်လျက်ရှိသော လုပ်ငန်းတစ်ရပ်အားထောက်ပြခဲ့ခြင်းဖြစ်ပါသည်။ တိုင်းပြည်၌ကဏ္ဍတစ်ခုချင်းအလိုက် လိုအပ်သော စာရင်းဇယားအချက်အလက်တို့ ပြည့်ပြည့်စုံစုံ တိတိကျကျမရှိ၍ ထင်ကြေးဖြင့် ဆောင်ရွက်ရခြင်းသည် တိုင်းပြည်အတွက်မကောင်းသည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သတိပေးပြောကြားခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏လမ်းညွှန်ပြောကြားမှုများသည် အနာဂတ်၌ နိုင်ငံတော်၏ ကဏ္ဍတစ်ခုချင်းအလိုက် စာရင်းဇယားအချက်အလက်တို့ သုတေသနပြုလုပ်စုစည်းနိုင်ရေးကို တွန်းအားပေးမြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း ဖော်ပြအပ်ပါသည်။

မိသားစုတစ်စုချင်းအလိုက် ကလေးငယ်များ အာဟာရပြည့်ဝရေးဆောင်ရွက်ရာ၌ ဖခင်များပါ ပူးပေါင်းပါဝင်ရေးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ နှိုးဆော်တိုက်တွန်းချက်သည် အလေးအနက်ထားခံယူကျင့်သုံးရမည့်သဘောထားဖြစ်သည်ကို ထောက်ပြလိုပါသည်။ မိသားစုဝင်များကြား တွဲလက်များခိုင်မာမှုသာ မျိုးဆက်သစ်ကလေးငယ်တို့၏ အနာဂတ်လှပမည်ဖြစ်ပါသည်။ ပြည်ထောင်စုတစ်ဝန်းလုံး ကလေးငယ်များ အာဟာရပြည့်ဝရေးဆောင်ရွက်ရာ၌ ဒေသခံပြည်သူတို့၏အမြင် သဘောထားများအား ထည့်သွင်းစဉ်းစားရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ကြားခဲ့ခြင်းသည် တိုင်းပြည်ရေးရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် ပြည်သူလူထု၏ဆန္ဒအလျောက် ပူးပေါင်းဆောင်ရွက်မှုမည်မျှအရေးပါသည်ကို ညွှန်ပြလိုက်ခြင်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့်ဆိုသော် တိုင်းပြည်အတွက် အကျိုးရှိသောကိစ္စရပ်ပင်ဖြစ်စေကာမူ၊ ပြည်သူလူထုအားနံပါတ်တစ်ထား၍ လေးလေးစားစား အကောင်အထည်မဖော်ပါက မအောင်မြင်နိုင်သည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြလိုက်ခြင်း ဖြစ်ပါသည်။ ပြည်သူလူထုအား အတင်းအကျပ်စေခိုင်းသည့်နည်းလမ်းအစား တဖြည်းဖြည်းချင်းစည်းရုံးဆောင်ရွက်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်ခဲ့ခြင်းသည် တိုင်းပြည်၏ ကဏ္ဍရပ်တိုင်း၌ ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးရန် သတိပေးခဲ့ခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုတစ်ဝန်းရှိ ကလေးငယ်များ အာဟာရပြည့်ဝရေးဆောင်ရွက်ရာ၌ ဝန်ကြီးဌာနအသီးသီး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရများနှင့် ပရဟိတအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့ခြင်းသည် ပြည်သူတို့၏ ဒီမိုကရေစီအားမာန်ဖန်တီးရန် လမ်းညွှန်ခဲ့ခြင်းဖြစ်၍ အလေးအနက် ကြိုဆိုထောက်ခံအပ်ပါသည်။ ။

## မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး ရွှေဆိုင်းများခွာ၍ မျက်နှာတော်ဖွင့်

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးမြို့မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး မျက်နှာတော်ဖွင့်ခြင်းကို ဇန်နဝါရီ ၂၄ ရက်က အဆိုပါ ဘုရားကြီး၌ ကျင်းပခဲ့သည်။

မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး၏ မျက်နှာတော်အပေါ်ပိုင်း နဖူးတော်တွင် ရွှေသင်္ကန်း ကပ်လှူမှုများကြောင့် ရွှေသင်္ကန်းများ မို့မောက်လာကာ မူလရုပ်ရှင်တော်မြတ်ကြီး၏ အနေအထားပျက်ယွင်းလာ၍စေတနာရှင်များ လှူဒါန်းထားသော ရွှေဆိုင်းများအား ပြန်လည်ခွာယူ၍ ရောင်တော်ဖွင့်ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ရေတော်ဆရာတော်နှင့် မဟာမြတ်မုနိဘုရားကြီးဩဝါဒါစရိယဆရာတော်များ၊ ဘုရားကြီးဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘုရားဖူးဧည့်သည်များ ရှေ့တွင်ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးရောင်တော်ဖွင့်ရာတွင် ရေတော် ဆရာတော်က တိုင်းထွာမှုများပြုလုပ်၍ ဖယ်ရှားရမည့် ရွှေဆိုင်းများအား အမှတ်အသားပြုလုပ်ပေးခဲ့ပြီး ပညာရှင်များက ကော်သုတ်ဖယ်ရှားနည်းဖြင့် ရွှေဆိုင်းများအား ဖယ်ရှားခဲ့ခြင်းဖြစ်သည်။ ဖယ်ရှားခဲ့သော ရွှေဆိုင်းများ၊ အသုံးပြုခဲ့သော စုတ်တံ၊ ပဝါနှင့် အခြားပစ္စည်းများကို ဘုရားကြီး၏ ရွှေမှုံက်တွင်ထည့်သွင်းပြီး ဘုရားကြီးဘဏ္ဍာတော်အဖြစ် ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေဆိုင်းများကို ဖယ်ရှားရန်အတွက် ပညာရှင်များက နည်းစနစ်သုံးမျိုးဖြင့် စမ်းသပ်ခဲ့ပြီး မဟာမြတ်မုနိဘုရားကြီး၏ မူလ မျက်နှာတော်ကြေးသားများ ထိခိုက်မှုမရှိစေရန် ကော်သုတ်ဖယ်ရှားနည်း (Paint Remover)ကို အသုံးပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အေးမြ( မန္တလေး)**




ထင်သာမြင်သာ ပြုပြင်စရာ

## မြစ်ကျောက်များစုပ်ယူရောင်းဝယ်မှုများကြောင့် ကမ်းပါးပြိုကျမှုဖြစ်ပေါ်မည်ကို စိုးရိမ်နေ

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရောဝတီမြစ်ရေလမ်းထိန်းသိမ်းရေး (၅) ပိုင်နက်လက်ပန်ခြေပေါ်အုပ်စု ရှေ့တောင်ကမ်းပါးနှင့် ရောဝတီတံတားအနီး၌ မြစ်ကျောက်များစုပ်ယူရောင်း၊ ဝယ်မှုများကြောင့် မြစ်ကမ်းပါးအနီးတွင်နေထိုင်ကြသော ပြည်သူများမှာ ကမ်းပါးပြိုကျမှုဖြစ်ပေါ်မည်ကိုစိုးရိမ်နေကြောင်း ဒေသခံများကပြောသည်။

ရောဝတီမြစ်ရေလမ်းထိန်းသိမ်းရေး(၅) ပိုင်နက်အတွင်းပါဝင်သော လက်ပန်ခြေပေါ်ကျေးရွာအုပ်စု ရောဝတီတံတား အရှေ့ဘက်အောက်နားတွင် နေ့စဉ်မြစ်ကျောက်စုပ်နေသောစက်တပ်မော်တော်သုံး၊ လေးစင်းမှာ မြစ်ကျောက်များ စုပ်ယူရောင်းဝယ်နေသဖြင့် မိုးတွင်းတွင် မြစ်ကမ်းပါးပြိုကျမှုများလည်း မကြာခဏဖြစ်ပေါ် ဖူးကြောင်း၊



မြစ်ကျောက်စုပ်ယူနေသည့် လုပ်ငန်းရှင်များ မိမိတို့စီးပွားရေးအဆင်ပြေစေရန် လုပ်ကိုင်နေကြကြောင်း ဒေသခံတစ်ဦးကပြောသည်။

“မြစ်ကျောက်စုပ်ယူနေသူတွေ ကို သွားရောက်မေးမြန်းတော့လည်း ကျေးရွာ၊ မြို့နယ်က သက်ဆိုင်ရာဌာနတွေရဲ့ခွင့်ပြုမိန့်နဲ့ လုပ်ကိုင်နေကြတာပါလို့ ပြောပါတယ်။ မြစ်ကျောက်တစ်ကျင်းကို ငွေကျပ် ၃၅၀၀၀ နဲ့ လုပ်ငန်းရှင်တွေက ပြန်လည်ရောင်းချကြတာပါ။ ဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ မလိုလားအပ်တဲ့ သဘာဝဘေးအန္တရာယ်မဖြစ်ပွားရအောင် ဆောင်ရွက်ပေးသင့်ပါတယ်” ဟု ၎င်းကဆက်ပြောသည်။

“ကျွန်တော့် ကျေးရွာအုပ်စုပိုင်အတွင်း မြစ်ကျောက်စုပ်ယူထုတ်လုပ်နေတာကို ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးအနေနဲ့ ခွင့်ပြုမိန့်မပေးထားပါဘူး။ နေ့စဉ်လာရောက် မြစ်ကျောက်စုပ်ယူနေတာကိုလည်း တွေ့မြင်ရပါတယ်။ ရေလမ်းထိန်းသိမ်းရေး (၅) ရေပိုင်နက်နဲ့သာ ဆိုင်တာပါ”ဟု လက်ပန်ခြေပေါ်အုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ဝင်းကပြောသည်။ **ကျော်ကျော်(မလှိုင်)**

## မိုးမောက်မြို့၌ မိခင်နှင့်ကလေးသေဆုံးမှုဆိုင်ရာ အသိပညာပေး

**မိုးမောက် ဇန်နဝါရီ ၂၆** - ကချင်ပြည်နယ် မိုးမောက်မြို့၌ မိခင်နှင့်ကလေးသေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှု တုံ့ပြန်ဆောင်ရွက်ခြင်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၅ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁) ဦးနေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထက်အောင်နှင့် ကျန်းမာရေးမှူး ဦးအောင်ကျော်စိုးတို့က မိခင်နှင့်ကလေးသေဆုံးမှုကို စောင့်ကြပ်ကြည့်ရှုပြီး တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ဝါဝါ (ဗန်းမော်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၆ -၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၈ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၀ · ၃၀ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၈၅ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ · ၉၁ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❒ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်တို့သည် နေပြည်တော်မှ လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းမှူးဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်တို့နှင့်အတူ မန္တလေးပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်သာသနာပိုင် ဘဒ္ဒန္တအဂ္ဂိယအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

## ဩဝါဒခံယူပွဲတက်ရောက်

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မဟာဘွဲ့နှင်းဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည့် သံဃာအဖွဲ့အစည်းအဆင့်ဆင့် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲသို့ တက်ရောက်သည်။

ဩဝါဒခံယူပွဲတွင် နိုင်ငံတော်သမ္မတဦးထင်ကျော်က သာသနာတော်ကို စောင့်ရှောက်လျက်ရှိကြသည့် ဆရာတော်ကြီးများအား တစုတဝေးတည်း ဖူးမြော်ခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူလိုပါကြောင်း လျှောက်ထားသည်။

## ဩဝါဒကထာချီးမြှင့်

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အတုလကာရီ ဆင်မင်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသက မြတ်စွာဘုရားဟောကြားတော်မူခဲ့သော "ရာဇအပရိဟာနိယ"ခေါ် အစိုးရမင်းတို့၏ မဆုတ်ယုတ်မပျက်စီးကြောင်း တရားတော်နှင့် အစိုးရမင်းများ လိုက်နာကျင့်သုံးအပ်သော "ဒသရာဇဓမ္မ"ခေါ်မင်းကျင့်တရားဆယ်ပါးတို့နှင့်စပ်လျဉ်းသည့် သမ္မောဒနီယ ဩဝါဒကထာကို ချီးမြှင့်တော်မူသည်။

## လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**





## ဆက်ကပ်လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်

(သတင်းစဉ်)

## ဖူးမြော်ကြည်ညို

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် မန္တလေးပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်သာသနာပိုင် ဘဒ္ဒန္တအဂ္ဂိယအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်

(သတင်းစဉ်)

# မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပပြုလုပ်မည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

မွန်အမျိုးသားတို့၏ ဇာတိသွေး၊ ဇာတိမာန်များ ရှင်သန်နိုးကြားရန်နှင့် မွန်စာပေ၊ မွန်ယဉ်ကျေးမှုများကို ထိန်းသိမ်းဖော်ထုတ်မြှင့်တင်လိုစိတ်များ မြင့်မားတိုးတက်လာစေရန် ရည်သန်ကာ အကြိမ်(၇၀)မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၉ ရက်၊ ဖေဖော်ဝါရီ ၅ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီမှ ည ၉ နာရီအထိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်အား ဂျပန်နိုင်ငံ အမျိုးသားရဲအဖွဲ့ ဒုတိယရဲချုပ် လာရောက်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းအား ဂျပန်နိုင်ငံ အမျိုးသား ရဲအဖွဲ့ ဒုတိယရဲချုပ် Mr. Shunichi KURYU သည် ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဧည့်သည်တော်က မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဂျပန်နိုင်ငံအမျိုးသားရဲအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ စွမ်းရည်မြှင့်တင်ရေးကဏ္ဍတွင် ပူးပေါင်း ဆောင်ရွက်ရေးနှင့် ဂျပန်နိုင်ငံ ရဲတပ်ဖွဲ့၏ဆောင်ရွက်မှု အခြေအနေများကို လာရောက်လေ့လာရန် ဖိတ်ခေါ်ခဲ့ပြီး ရဲချုပ်ဇော်ဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မှုခင်းတားဆီးနှိမ်နင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များအတွက် မှုခင်းစုံစမ်းစစ်ဆေးရေးကဏ္ဍ၊ အဆင့်မြင့်ဆိုက်ဘာနည်းပညာအသုံးပြုနိုင်ရေးကဏ္ဍ၊ ရဲတပ်ဖွဲ့ဝင်များ၏ စိတ်ပိုင်းဆိုင်ရာနှင့် ယုံကြည်ချက်၊ ခံယူချက်များ တိုးတက်မြင့်မားလာစေရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**



# ဥပဒေရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဇန်နဝါရီ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် လန်ဒန်မြို့ရှိ Park Plaza Westminster Bridge Hotel ၌ ဗြိတိန်နိုင်ငံ One Brick Court မှ Sir Edward Garnier, QC Barrister, MP နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ဗြိတိန်နိုင်ငံ အောက်လွှတ်တော် အစည်းအဝေးခန်းမအတွင်း ဗြိတိန်နိုင်ငံ အောက်လွှတ်တော်၏ မေးခွန်းအမေးအဖြေကဏ္ဍတွင် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏မေးခွန်းများ ဖြေကြားနေမှုအား တက်ရောက်ကြည့်ရှုလေ့လာသည်။

ထိုသို့လေ့လာစဉ် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌက မိမိနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များက ကြိုဆိုကြောင်း ကြေညာသည်။ ဆက်လက်၍ ဗြိတိန်နိုင်ငံဝန်ကြီးချုပ် H.E. Mrs. Theresa May ကလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အသိအမှတ်ပြုကြိုဆိုကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံမှုနှင့် လေ့လာမှုများတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အတူ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးစော၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဇော်ဝင်း၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဦးစိုင်းစံသိန်း၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီအဖွဲ့ဝင် ဒေါက်တာ ဒေါ်ရွှေပုံနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗြိတိန်နိုင်ငံ **One Brick Court** မှ **Sir Edward Garnier, QC Barrister, MP** တို့ တွေ့ဆုံဆွေးနွေးစဉ်

## တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၃/၂၀၁၇)**
**၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)**

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂/၂၀၁၆) နှင့် ၂၆.၂.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၇/၂၀၁၆)တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂) ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၈၆၉၃<br>ဗိုလ်မှူး တင်အောင်မိုး | **အစား** | ကြည်း ၁၈၃၉၉<br>ဗိုလ်မှူးကြီး သန်းဌေး |
| (၂) | ကြည်း ၅၂၂၇၇<br>ဗိုလ်ကြီး မင်းမင်းသိန်း | **အစား** | ကြည်း ၁၈၆၄၀<br>ဗိုလ်မှူးကြီး အုန်းချို |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(၅)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၂/၂၀၁၇)**
**၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)**

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၅)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနက် (၅)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ရေ ၃၇၉၇<br>ဗိုလ်မှူး တင့်လွင်စိုး | **အစား** | ကြည်း ၁၇၅၄၇<br>ဗိုလ်မှူးကြီး စိုးဝင်း |
| (၂) | ရေ ၄၀၃၈<br>ဗိုလ်မှူး အေးမင်းစိုး | **အစား** | ကြည်း ၁၉၅၀၄<br>ဗိုလ်မှူးကြီး နေလင်း |
| (၃) | ရေ ၄၁၀၈<br>ဗိုလ်မှူး သီဟဇော် | **အစား** | ကြည်း ၁၉၅၄၆<br>ဗိုလ်မှူးကြီး မြင့်ချို |
| (၄) | ရေ ၄၁၁၁<br>ဗိုလ်မှူး ကျော်သူရ | **အစား** | ကြည်း ၁၅၁၉၁<br>ဗိုလ်မှူးကြီး ကြည်ရွှေ |
| (၅) | လေ ၂၅၅၂<br>ဗိုလ်မှူး နေလင်းအောင် | **အစား** | ကြည်း ၁၇၉၈၉<br>ဗိုလ်မှူးကြီး ခင်မောင်ချို |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မုံရွာကုန်စည်ဒိုင်အသင်းဝင်အားလုံး အတွေးအခေါ်အယူအဆပြောင်းလဲမှသာ နိုင်ငံတကာကို အမီလိုက်နိုင်မည်ဖြစ်

**မုံရွာ ဇန်နဝါရီ ၂၆**

မုံရွာကုန်စည်ဒိုင်အနေဖြင့် မိမိတို့၏ စီးပွားဖက်ဖြစ်သည့် တောင်သူလယ်သမားများ၏ဘဝ မြှင့်တင်ပေးရန်လိုသလို ပြည်ပနိုင်ငံများတွင် ကုန်စည်ဖလှယ်ပို့ဆောင်မှုကို မည်သို့ဆောင်ရွက်သည်ကို လေ့လာပြီး ကုန်စည်ဒိုင်အသင်းဝင်အားလုံးသည် အတွေးအခေါ်အယူအဆ ပြောင်းလဲမှသာ နိုင်ငံတကာကို အမီလိုက်နိုင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းကမုံရွာကုန်စည်ဒိုင်ခန်းမ၌ကျင်းပသော ၂၀၁၆-၂၀၁၇ ခုနှစ် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ထည့်သွင်းပြောကြားသည်။

“စစ်ကိုင်းတိုင်းဒေသကြီးထဲက မြို့တွေကိုကြည့်ရရင် မုံရွာမြို့ဟာ အချက်အချာကျပြီး ကုန်စည်ကူးသန်းရောင်းဝယ်ရာမှာ ဗဟိုပြုအချက်အချာကျ နေရာဖြစ်ပါတယ်။ မုံရွာကနေ နိုင်ငံခြားကို ကုန်စည်ပို့ရင် ရန်ကုန်ကနေပို့လို့ရသလို တရုတ်နိုင်ငံကိုပို့ချင်ရင် မန္တလေးက တစ်ဆင့် သွားလို့ရနေပါတယ်။ အိန္ဒိယကုန်စည်ကူးသန်းရောင်းဝယ်ရေးဟာလည်း မုံရွာကိုဗဟိုပြုပြီး ချင်းတွင်းအထက်ပိုင်း ကုန်စည်တွေရဲ့ ဝင်ပေါက်ထွက်ပေါက်ဟာလည်း မုံရွာကို ဗဟိုပြုနေတာပါ။ ရန်ကုန်ကုန်စည်ဒိုင်၊ မန္တလေးကုန်စည်ဒိုင်ပြီးရင် မုံရွာကုန်စည်ဒိုင်ဟာ တတိယအဖြစ် ရပ်တည်နေတယ်ဆိုတာကို တွေ့ရတယ်။ မုံရွာကုန်စည်ဒိုင်ရဲ့ စည်းစနစ်ရှိရှိဆောင်ရွက်မှုကို လေ့လာသိရှိရတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ အားလုံးပံ့ပိုး လက်တွဲဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကုန်စည်ဒိုင်အသင်းကြီးဟာ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အလုပ်အမှုဆောင်တွေနဲ့ နှစ်နှစ်တစ်ကြိမ်ဖွဲ့စည်းပြီး တစ်လတစ်ကြိမ် အစည်းအဝေးကို ကျင်းပပြုလုပ်ပြီး အသင်းမှာရှိသင့်တဲ့ ကော်မတီအသီးသီးကို ဖွဲ့စည်းဆောင်ရွက်နေတာကိုတွေ့ရတာ အားရကျေနပ်စရာပါ။ ကျေနပ်အားရနေလို့မပြီးဘဲ တိုးတက်မှုကို ပြောင်းလဲဆောင်ရွက်သင့်တာကိုဆောင်ရွက်ကြရမှာဖြစ်ပါတယ်” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

မုံရွာမြို့ကုန်သည်ပွဲစားစက်ပိုင်များ မဟာကထိန်တော်အသင်းကုန်စည်ဒိုင် အပေါ်ထပ်အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၆-၂၀၁၇ ခုနှစ် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးတွင် သဘာပတိအဖြစ် ဦးညွန့်သောင်းက ဆောင်ရွက်ကာ အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၁၆ ခုနှစ် မုံရွာကုန်စည်ဒိုင်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အထွေထွေအတွင်းရေးမှူး ဦးတင်ကိုကိုက ဖတ်ကြားသည်။ ဆက်လက်၍ ဘဏ္ဍာရေးမှူး ဦးဝင်းမြင့်လေးက ၂၀၁၆ ပြည့်နှစ် ကုန်စည်ဒိုင်အဖွဲ့၏နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကိုဖတ်ကြား ပြီး နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းအတည်ပြုချက်ကို ရယူသည်။ မုံရွာကုန်စည်ဒိုင်ကို ၁၉၄၇ ခုနှစ်က စတင်တည်ထောင်ပြီး ၁၉၆၂ ခုနှစ် အာဏာသိမ်းချိန်တွင် အသင်းပျက်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ပြည်သူပိုင်သိမ်းရာ ကုန်စည်ဒိုင်ကိုနားခဲ့ရပြီး ၁၉၇၀ ပြည့်နှစ်တွင် ပြန်လည်ထူထောင်ကာ ၁၉၉၀ ပြည့်နှစ်တွင် မုံရွာမြို့ကုန်သည်ပွဲစားစက်ပိုင်များ မဟာကထိန်တော်အသင်းကို ပြန်လည်တည်ထောင်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## အိန္ဒိယသမ္မတနိုင်ငံတော်နေ့ အလံတင်အခမ်းအနား မန္တလေးမြို့ရှိ အိန္ဒိယဂေဟာ၌ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၆**

(၆၈)နှစ်မြောက် အိန္ဒိယသမ္မတနိုင်ငံတော်နေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ချယ်ရီလမ်း (၆၂× ၆၃)လမ်းကြားရှိ အိန္ဒိယဂေဟာ၌ကျင်းပရာ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ် Dr.Nandakumar နှင့် မိသားစုဝင်များ၊ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများ၊ အိန္ဒိယနွယ်ဖွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ် Dr. Nandakumar က အိန္ဒိယနိုင်ငံသမ္မတကြီး၏ မိန့်ခွန်းလွှာအား ဖတ်ကြားသည်။

ထို့နောက် ဧည့်ပရိသတ်များအား အိန္ဒိယယဉ်ကျေးမှု အက၊ သီချင်းများဖြင့် သီဆိုဖျော်ဖြေဧည့်ခံကြပြီး အိန္ဒိယကောင်စစ်ဝန်ချုပ်က သီဆိုဖျော်ဖြေကြသော အဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

❀ *ကျောဖုံးမှ*

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှစပြီး နှစ်နိုင်ငံအကြားတွင် ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးထားရှိခဲ့သည်ကို မှတ်သားမိပါကြောင်း၊ နှစ်နိုင်ငံအကြား တူညီသည့်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံတို့သည် မိမိတို့နှစ်နိုင်ငံကို အတူတကွ စုစည်းစေခဲ့သည်ဆိုသည်ကို အထူးပြောရန် မလိုပါကြောင်း၊ ထို့အပြင် မိမိတို့နှစ်နိုင်ငံသည် ဒေသနှင့် ကမ္ဘာကြီးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့နှင့်စပ်လျဉ်းပြီး တူညီသော ပြင်းပြသောဆန္ဒသဘောထားများ ရှိကြသည့် နိုင်ငံများလည်း ဖြစ်ကြပါကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့၏ မကြာသေးမီက အိန္ဒိယနိုင်ငံကို သွားရောက်ခဲ့သည့် ခရီးစဉ်များကို ဝမ်းမြောက်စွာဖြင့် ပြန်ပြောင်းပြောကြားလိုပါကြောင်း၊ အဆိုပါ အဆင့်မြင့်ခရီးစဉ်များသည် နှစ်နိုင်ငံချစ်ခင်ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းမည်ဆိုသည့် ကတိကဝတ်ပြုမှုကို ထင်ဟပ်ပြနေရုံသာမက နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍအသစ်တစ်ရပ် ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ နှစ်ပေါင်းများစွာကြာအောင် မိမိတို့နှစ်နိုင်ငံသည် တူညီသည့် တန်ဖိုးထားမှုနှင့် အတွေ့အကြုံများအပေါ်အခြေပြုပြီး ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာကဏ္ဍများတွင် ကောင်းမွန်သည့်ဆက်ဆံရေးနှင့် ရင်းနှီးစွာဆောင်ရွက်ခဲ့ကြပါကြောင်း။

ယနေ့အချိန်၌ မိမိတို့သည် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ စိုက်ပျိုးရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကို မျှော်လင့်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံထူထောင်ရေးကြိုးပမ်းမှုများတွင် ကူညီပံ့ပိုးမှုအမျိုးမျိုးနှင့် ပူးပေါင်းဆောင်ရွက်မှုပြုသည့် အိန္ဒိယအစိုးရအဆက်ဆက်၏ ထောက်ခံမှုနှင့် နားလည်မှုကို တန်ဖိုးထားပါကြောင်း။

အိန္ဒိယနိုင်ငံ ဆတက်ထမ်းပိုး တိုးတက်သာယာဝပြောစေရန်နှင့် ပိုမိုကောင်းမွန်သော နှစ်နိုင်ငံဆက်ဆံရေး ပိုမိုရင်းနှီးလေးနက်သည့် နှစ်နိုင်ငံဆက်ဆံရေးအတွက် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် တက်ရောက်လာကြသူများအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

## တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်းဆိုင်ရာအချက်များ ထုတ်ပြန်ထား

**နေပြည်တော် ဇန်နဝါရီ ၂၆**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ Website ဖြစ်သော www.dtm.gov.mm တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

## အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၂၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် မိုးလုံလေလုံအားကစားရုံ၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက ၂၀၁၇ ခုနှစ် မော်လမြိုင်ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ခြောက်မြို့နယ် အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပကြောင်း သိရသည်။ **(အောက်ပုံ)**

ပိုက်ကျော်ခြင်းဖွင့်ပွဲအခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြတ်သူ၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးမှူးနှင့် မော်လမြိုင်၊ ချောင်းဆုံ၊ မုဒုံ၊ ရေး၊ သံဖြူဇရပ်၊ ကျိုက်မရောမြို့နယ်အသင်း ခြောက်သင်းမှ အားကစားသမားများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြတ်သူက အမှာစကားပြောကြား၍ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**





ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုကိုးကျွန်းဆိပ်ခံတံတားတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုကိုးကျွန်းဆိပ်ခံတံတားတည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ကိုကိုးကျွန်းမြို့သို့ ရောက်ရှိပြီး ကိုကိုးကျွန်းဆိပ်ခံတံတားတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျွန်းပတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ကိုကိုးကျွန်းပတ်လမ်းမှ ကြွက်ကျွန်းသို့သွားသည့် မြေသားလမ်းဖောက်လုပ်ရန် လျာထားမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ကိုကိုးကျွန်းမြို့နယ်ခန်းမ၌ ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုကိုးကျွန်းမြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား နှုတ်ဆက်အားပေးသည်။

ညနေပိုင်းတွင် ကိုကိုးကျွန်းတပ်နယ်ခန်းမ၌ တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံသည်။

ထို့နောက် ရေတပ်စခန်းဌာနချုပ်ရှိ တပ်မိသားစုဝင်များနှင့် ဒေသခံပြည်သူများက အုန်းထွက်ပစ္စည်းများဖြင့်ပြုလုပ်သည့် အိမ်အလှဆင်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများ ထုတ်လုပ်နေမှု၊ အုန်းဆီသန့်စက်ရုံအတွင်း အုန်းဆီသန့်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေတပ်စခန်းဌာနချုပ်ရှိ စိုက်ပျိုးမွေးမြူရေးခြံအတွင်း ဥစားကြက်၊ DYL ဝက်နှင့် နို့စားနွားများမွေးမြူထားရှိမှု၊ Green House ဖြင့် သီးနှံပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ မုန်တိုင်ရေလှောင်တမံသို့ရောက်ရှိပြီး ဆည်ရေသိုလှောင်ထိန်းသိမ်းထားရှိမှု၊ ဒေသစိုက်ပျိုးရေးနှင့် သောက်သုံးရေ ဖြန့်ဝေပေးမှု၊ မိတ္ထီလာကန်သို့ ရေကူးပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ကျောက်ပန်းတောင်းမြို့နယ်ရှိ ကြက်မောက်တောင် ရေလှောင်တမံသို့ရောက်ရှိကြပြီး နှစ်စဉ်မိုးရွာသွန်းမှုနှင့် ရေစုဆောင်းသိုလှောင်နိုင်မှု၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မုန်တိုင်ရေလှောင်တမံနှင့် ကြက်မောက်တောင်ရေလှောင်တမံ များအား ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရာသီဥတု ဖောက်ပြန်ပြောင်းလဲလာခြင်းနှင့် ပုံမှန်မဟုတ်သောမိုးရွာသွန်းမှုများကြောင့် အချို့ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသကဲ့သို့ မိုးရေချိန်အလွန်အမင်း ကျဆင်းလာသော ဒေသများတွင် စိုက်ပျိုးရေနှင့် သောက်သုံးရေ အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေလျက်ရှိရာ ဆည်တမံများအတွင်း သိုလှောင်ရရှိလာသော ရေများကို စနစ်တကျ အကျိုးရှိစွာသုံးစွဲနိုင်ရေးအတွက် ရေဖြန့်ဝေပေးမှုအပိုင်း တာဝန်ယူထားသည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ ပူးပေါင်းညှိနှိုင်းပြီး တောင်သူများ အကျိုးအမြတ် ပိုမိုရရှိမည့် ရေအနည်းလိုသီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်ရေးကို သီးနှံပုံစံများ ချမှတ်ပညာပေးဆောင်ရွက်ကြရန် လိုအပ်ချက်များအား အသေးစိတ်ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ညောင်ဦးမြို့နယ် အပူပိုင်းဒေသသီးနှံ ဗဟိုသုတေသနခြံသို့ ရောက်ရှိကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အပူပိုင်းဇုန်ဒေသအတွင်း ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထို့နောက် ညောင်ဦးခရိုင်အတွင်းရှိ လောကနန္ဒာ မြစ်ရေတင်စီမံကိန်းနှင့် လက်ပံခြေပေါ် မြစ်ရေတင်စီမံကိန်း လုပ်ငန်းခွင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် နမ့်စန်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် မချမ်းဘောမြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များ အချိန်မီပြီးစီးရေး နေပြည်တော်ပုံနှိပ်စက်ရုံ၌ ရိုက်နှိပ်

သတင်းဆောင်းပါး - ကျော်သူဝင်း၊ ဓာတ်ပုံ - မောင်ကျော်ကြီး



၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံ၌ ပုံနှိပ်လျက်ရှိကြောင်း သိရှိရသည်။

"ဧပြီလ ၁ ရက်နေ့မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင်က ပုံနှိပ်ဖို့ ဇန်နဝါရီလ ၁၆ ရက်နေ့မှာ စတင်အပ်နှံလာတဲ့အတွက် ကျွန်တော်တို့က ဇန်နဝါရီလ ၂၁ ရက်နေ့မှာ စတင်ပုံနှိပ်နေတာ ဖြစ်ပါတယ်။ ဆန္ဒမဲလက်မှတ်တွေ အချိန်မီပြီးစီးဖို့အတွက် ဝန်ထမ်းတွေကို နေ့ဆိုင်းညဆိုင်းခွဲပြီး ဆောင်ရွက်နေပါတယ်။ ဝန်ထမ်းတွေက သာမန်အားဖြင့် နံနက် ၈ နာရီကနေ ညနေ ၄ နာရီအထိ တာဝန်ထမ်းဆောင်တာဖြစ်ပေမယ့် ဆန္ဒမဲလက်မှတ်ရိုက်နေတဲ့ကာလမှာတော့ နှစ်ဆိုင်းခွဲချထားပြီး အချိန်မီအပ်နှံနိုင်ရေးဆောင်ရွက်နေတာဖြစ်ပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်တွေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဇန်နဝါရီလ ၂၈ ရက်နေ့မှာ လွှဲပြောင်းအပ်နှံနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု စက်ရုံမှူး ဦးမင်းကိုကိုက ပြောပြသည်။

"ဆန္ဒမဲလက်မှတ်တွေကို ပုံနှိပ်တဲ့အခါမှာ လုံခြုံရေးအမှတ်အသားနဲ့ ထည့်သွင်းဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တံဆိပ်ပါတဲ့ ရေစာနဲ့ ပြုလုပ်တာဖြစ်ပါတယ်။ မဲလက်မှတ်ရိုက်မယ့် စက္ကူက အဝါရောင် ဝူဖရီးစက္ကူဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံက တင်သွင်းခဲ့တာဖြစ်ပါတယ်။ ကုမ္ပဏီနဲ့ စာချုပ်ချုပ်စဉ်ကတည်းက လုံခြုံရေးအရ ပေါက်ကြားမှုမရှိစေဖို့ သေချာစွာဆောင်ရွက်ခဲ့တဲ့အတွက် မဲလက်မှတ်တွေကို အတုအပပြုလုပ်လို့ မရပါဘူး။ အဲဒီစက္ကူတွေမှာ ဆန္ဒမဲလက်မှတ်အမျိုးအစားအလိုက် လုံခြုံရေးအမှတ်အသားတွေ ခွဲခြားပုံနှိပ်ထားပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်တွေကို နေပြည်တော်ပုံနှိပ်စက်ရုံတစ်ခုတည်းကပဲ ရိုက်နှိပ်တာ ဖြစ်ပါတယ်။ လုံခြုံရေးအနေနဲ့ ပြင်ပလုံခြုံရေးနဲ့ အတွင်းပိုင်းလုံခြုံရေးဆိုပြီး နှစ်မျိုးထားရှိပါတယ်။ အပြင်ပိုင်းလုံခြုံရေးကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ဆောင်ရွက်တာဖြစ်ပြီး အတွင်းပိုင်းလုံခြုံရေးကိုတော့ တာဝန်ချထားတဲ့ဝန်ထမ်းတွေ၊ စက်ရုံအလုပ်သမားတွေ အားလုံးကို လုံခြုံရေးမပေါက်ကြားစေဖို့ လက်ကိုင်ဖုန်းတွေကအစ ယူဆောင်လာခွင့် လုံးဝမပြုပါဘူး။ လုံခြုံရေးဂိတ်မှာ စစ်ဆေးမှုခံယူပြီးမှ လုပ်ငန်းခွင်ဝင်ရောက်စေတာဖြစ်ပါတယ်"ဟု ဦးမင်းကိုကိုက ပြောပြသည်။



ရိုက်နှိပ်ပြီး ဆန္ဒမဲလက်မှတ်များအား ဝန်ထမ်းများက ချုပ်လုပ်နေမှုကို တွေ့ရစဉ်

ထို့အပြင် ရိုက်နှိပ်ပြီး ဆန္ဒမဲများ သိုလှောင်သိမ်းဆည်းထားမှုနှင့်ပတ်သက်၍ "ရိုက်နှိပ်ပြီး ဆန္ဒမဲလက်မှတ် အရွက်ရေ ၅၀ ကို တစ်အုပ်နှုန်းနဲ့ ချုပ်ထားတဲ့ စာအုပ်လေးတွေကို စာအုပ်အမှတ်စဉ်ရိုက်ပြီး ၂၅ အုပ်ကိုတစ်စည်း စည်းပါတယ်။ နောက်သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဂိုဒေါင်ထဲမှာ ထားရှိပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သက်ဆိုင်ရာလွှတ်တော်များကို ခွဲခြားထားပြီး မရောရအောင် စနစ်တကျသိမ်းဆည်းထားပါတယ်။ ပြည်သူ၊ အမျိုးသား၊ တိုင်းဒေသကြီး၊ ပြည်နယ်စတဲ့ ဆန္ဒမဲလက်မှတ်တွေကို အရောင်နဲ့ခွဲထားတာဖြစ်ပါတယ်"ဟု ဆိုသည်။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ် စုစုပေါင်း ၁၉ နယ်ရှိပြီး ပြည်သူ့လွှတ်တော်အတွက် မဲဆန္ဒနယ် ၉ နယ်၊ အမျိုးသားလွှတ်တော်အတွက် မဲဆန္ဒနယ် ၃ နယ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်အတွက် မဲဆန္ဒနယ် ၇ နယ်ဖြစ်သည်။ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ်အရေအတွက် စုစုပေါင်းမှာ ၂၄၇၁၆၅၀ ဖြစ်ပြီး ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲ ၁၃၉၀၅၅၀၊ အမျိုးသားလွှတ်တော်အတွက် ဆန္ဒမဲလက်မှတ် ၈၂၂၉၀၀နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ် ၂၅၈၂၀၀ ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များ နေပြည်တော် ပုံနှိပ်စက်၌ ရိုက်နှိပ်နေမှုကို တွေ့ရစဉ်

နေပြည်တော် ပုံနှိပ်စက်ရုံ၌ ဆန္ဒမဲလက်မှတ်များ စစ်ဆေးနေသည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်က "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆန္ဒမဲလက်မှတ်တွေကို ကျွန်တော်ရယ်၊ နောက်တစ်ဦးရယ် လာစစ်ဆေးတာဖြစ်ပါတယ်။ စတင်ရိုက်နှိပ်ချိန်ကနေ ပြီးဆုံးချိန်အထိ စစ်ဆေးရတာ ဖြစ်ပါတယ်။ ဒီ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်တွေရိုက်နှိပ်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အမှာစာရချိန်ကစပြီး စစ်ဆေးရတာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အတည်ပြုပေးပို့ထားတဲ့ စာမူနဲ့ နောက်ဆုံး ပုံနှိပ်ဖို့ထားတဲ့စာမူတွေကို တိုက်ဆိုင်စစ်ဆေးရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်၊ မဲဆန္ဒနယ်မြေ၊ ပါတီအမည်၊ ပါတီတံဆိပ်တွေ မူရင်းနဲ့ မှန် မမှန် တိုက်ဆိုင်စစ်ဆေးပါတယ်။ နောက်ပြီး အရောင်တွေ ထပ်မထပ်၊ ဇယားပါ မှန် မမှန် စစ်ဆေးပေးရပါတယ်၊ ပုံနှိပ်စက်စတင်လည်ပတ်နေချိန်မှာလည်း မှားယွင်းမှုကင်းစင်ရေး၊ အချိန်မီပြီးစီးရေးအတွက် ဒီကဝန်ထမ်းတွေနဲ့ ပူးပေါင်းလုပ်ဆောင်ပါတယ်"ဟု ပြောပြသည်။

အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကော်မရှင်ခွဲအဆင့်ဆင့်အား ရွေးကောက်ပွဲဆိုင်ရာ မွမ်းမံသင်တန်းများ၊ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် ဒေသများမှ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ခွဲဝင်များအား ဆင့်ပွားသင်တန်းများ ပို့ချလျက်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသား နှစ်သန်းကျော်က လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၅ ဦးအနက် ၁၉ ဦးကို ရွေးချယ်ကြရမည်ဖြစ်သည်။ အဆိုပါ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာရှိမှု၊ လွတ်လပ်မှု၊ တရားမျှတမှုနှင့် အများယုံကြည်လက်ခံမှုစသည့် ရွေးကောက်ပွဲဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ရိုက်နှိပ်ပြီး ဆန္ဒမဲလက်မှတ်များ ဂိုဒေါင်အတွင်း၌ စနစ်တကျသိမ်းဆည်းထားသည်ကို တွေ့ရစဉ်




**ဒို့ညီနောင်ထု တည်ထောင်ပြု**
**ပြည်ထောင်စုနေ့ ဒို့မမေ့**

## ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ်နိုးကြားရှင်သန်ရေး၊
(၂) အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊
(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊
(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNDP တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာကိစ္စများ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၆**



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်အား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ ဌာနေကိုယ်စားလှယ် Mr. Peter Batchelor သည် ယနေ့နံနက် ၁၁ နာရီက ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာပြည်သူပြည်သားများအပေါ် သက်ဆိုင်ရာကဏ္ဍအသီးသီးမှပိုင်းဝန်းကူညီထောက်ပံ့ပေးနေမှု၏အောင်မြင်ဖြစ်ထွန်းမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNDP တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပိုမို ပူးပေါင်းဆောင်ရွက်သွားမည့်အစီအမံများ၊ ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်း ရေရှည်သဟဇာတဖြစ်စွာ အတူလက်တွဲနေထိုင်ရေး၊ အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။
**(သတင်းစဉ်)**

# ကျောင်းနေအရွယ်ကလေးတိုင်း သင်ယူတတ်မြောက်နိုင်ရေး ဆရာ ဆရာမများက ကောင်းမွန်စွာ သင်ကြားပို့ချရန် လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၂၆**



ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အခြေခံပညာစတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းနေအရွယ် ကလေးအားလုံး ပညာရေးရယူနိုင်စေရန်အတွက် သင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကောင်းမွန်စွာ သင်ယူတတ်မြောက်နိုင်ရေးအတွက် ဆရာ ဆရာမများက ကောင်းမွန်စွာ သင်ကြားပို့ချပေးနေသူများဖြစ်ရန် လိုအပ်ကြောင်း၊ ကျောင်းဆောင်၊ စာသင်ခန်းများ၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ၊ သိပ္ပံခန်းသုံးပစ္စည်းများ လုံလောက်အောင် ထားရှိပေးရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ကျောင်းထွက်နှုန်းလျော့ပါးအောင် မိဘဆရာအသင်းနှင့် ပူးပေါင်းပြီး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ စာမေးပွဲများဖြစ်သော အခြေခံပညာစတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲဆိုင်ရာလုပ်ငန်းများကို စာမေးပွဲစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ၊ တိတိကျကျလိုက်နာဆောင်ရွက်ကြရမည် ဖြစ်ကြောင်းနှင့် အဆင့်အလိုက် တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲက ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်းလျော့ပါးရေး၊ သင်ယူပြီးမြောက်မှုနှုန်းမြင့်မားရေး၊ အတန်းကူးပြောင်းမှုနှုန်းမြင့်မားရေး၊ ကျောင်းအဆင့်တိုးမြှင့်ရေး၊ ဆရာ ဆရာမများ ခန့်ထားပြောင်းရွှေ့ရေး၊ ရာထူးတိုးမြှင့်ရေး၊ ကျောင်းထောက်ပံ့ကြေးများ ထင်သာမြင်သာရှိအောင် စနစ်တကျသုံးစွဲရေး၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ရေး၊ မိဘဆရာအသင်းနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဆရာ ဆရာမများအရည်အသွေးမြင့်မားရေးဆိုင်ရာလုပ်ငန်းများ၊ အခြေခံပညာစတုတ္ထတန်း၊ အဋ္ဌမတန်း စာမေးပွဲဆိုင်ရာ လုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများက အခြေခံပညာစတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲဆိုင်ရာလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

အခြေခံပညာစတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အိုးကြီးချက်ပြိုင်ပွဲ၌ လူ ၂၀၀၀ ကို နေ့စဉ် စတုဒိသာကျွေးမွေးမည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကကြီးမှူးကျင်းပသော မြန်မာ့ရိုးရာအိုးကြီးချက်အလွတ်တန်းပြိုင်ပွဲတွင် နေ့စဉ် လူပေါင်း ၂၀၀၀ ကို စတုဒိသာထမင်းကျွေးမွေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးစိန်ခဲက ပြောသည်။

“ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆယ့်နှစ်လပွဲတော်ရာသီတွေရှိတယ်။ ထမင်းရည်ချောင်းစီး အလှူပွဲတွေရှိတယ်။ ဒီအလှူပွဲတွေရဲ့နောက်ကွယ်က ချက်ပြုတ်ပေးကြတဲ့ အလှူတော်အိုးသူကြီးတွေကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီပြိုင်ပွဲကြီးကို ကျင်းပရခြင်းဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးမှာ ဇန်နဝါရီ ၂၅ ရက်မှစပြီး ၂၉ ရက်အထိ မိုင်ဒါကွင်းမှာ နေ့စဉ်အသားပိဿာချိန် ၁၆၀ နဲ့ ဆန် ရှစ်အိတ်ချက်ပြုတ်မှာဖြစ်ပါတယ်။ ချက်ပြုတ်ထားတဲ့ ဟင်းလျာနဲ့ ထမင်းတွေကို နေ့စဉ် လူပေါင်း ၂၀၀၀ ကို စတုဒိသာကျွေးမွေးသွားမှာဖြစ်ပါတယ်” ဟု ဦးစိန်ခဲက ပြောကြားသည်။

ဇန်နဝါရီ ၂၅ ရက်က အုပ်စု(က)မှ အသင်းရှစ်သင်း၊ ဇန်နဝါရီ ၂၆ ရက်က အုပ်စု(ခ) မှ အသင်းရှစ်သင်းတို့ ယှဉ်ပြိုင်ပြီး ဇန်နဝါရီ ၂၇ ရက်တွင် ကွာတားဖိုင်နယ်၊ ဇန်နဝါရီ ၂၈ ရက်တွင် အကြိုဗိုလ်လုပွဲနှင့် ဇန်နဝါရီ ၂၉ ရက်တွင် ဗိုလ်လုပွဲကျင်းပကာ ဆုကြေးအဖြစ် ပထမဆု ငွေကျပ် သိန်း ၅၀၊ ဒုတိယဆု ငွေကျပ်သိန်း ၃၀ နှင့် တတိယဆုငွေကျပ်သိန်း ၂၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ့ရိုးရာအိုးစည်ဒိုးပတ်ပြိုင်ပွဲ၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ မှော်အနုပညာပြပွဲများကိုလည်း ထည့်သွင်းထားကြောင်း၊ နေ့စဉ်နံနက် ၁၀ နာရီမှ ည ၁၀ နာရီအထိ ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ စတုဒိသာကျွေးမွေး ခြင်းကို နေ့စဉ် ညနေ ၄ နာရီမှ ၆ နာရီအတွင်း ကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရ သည်။ မြန်မာ့ရိုးရာအိုးကြီးချက်အလွတ်တန်းယှဉ်ပြိုင်ရာတွင် ထမင်း၊ အသားဟင်း၊ အရန်ဟင်း၊ အရည်ဟင်း၊ အစပ် စုစုပေါင်း ငါးမျိုးတို့ကို အချိန် ၄ နာရီဖြင့် ချက်ပြုတ်ရ ခြင်းဖြစ်ပြီး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အကောင်းဆုံးချက်ပြုတ်နိုင်သူ များအား ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်စိုး**

# ယခင်ဘူတန်ဘုရင်၏ ပထမမြောက်မိဖုရားဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့၌ ကြည့်ရှုလေ့လာ

**မန္တလေး ဇန်နဝါရီ ၂၆**

ဘူတန်နိုင်ငံဘုရင်မင်းမြတ်၏ ခွေးတော်ဖြစ်သူ ယခင်ဘူတန်ဘုရင်၏ ပထမမြောက် မိဖုရား Her Majesty the Queen Mother Ashi Dorji Wangmo Wangchuck ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ က ညောင်ဦးမြို့မှတစ်ဆင့် မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူနှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ဧည့်သည်တော်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ် အကွက် ၅၄ ရှိ ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သွားရောက်လေ့လာကြရာ ကျောင်းအုပ်ဆရာတော်ကြီးနှင့် ကျောင်းဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြပြီး ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ ခွေးတော်သည် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးသည်။

ထိုမှတစ်ဆင့် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်ဘုရားသို့ သွားရောက်၍ အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ ရေချမ်းနှင့် နံ့သာများ ဆက်ကပ်လှူဒါန်းပူဇော်သည်။

ထို့နောက် မန္တလေးတောင် ရသေ့ကြီး ဦးခန္တီတန်ဆောင်းနှင့် ဂေါတမ ဗုဒ္ဓ၏ အရိုးဓာတ်တော် အပူဇော်ခံဌာနသို့ သွားရောက်ဖူးမြော် ကြည်ညိုကြပြီးနောက် ဦးခန္တီကျောင်းတိုက်ရှိ နာယကဆရာတော်ကြီးများကို ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ မန္တလေးတောင်တော်ရှိ ဆုတောင်းပြည့်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ဆီမီး၊ ရေချမ်းနှင့် နံ့သာများဆက်ကပ်လှူဒါန်း၍ အင်္ဂါထောင့်ရှိ ဂြိုဟ်ပြေနံ့ပြေဘုရား၌ ရေသပ္ပာယ်ကြသည်။ ယင်းနောက် မန္တလေးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရှုခင်းအလှတို့ကို မန္တလေးတောင်တော်ပေါ်မှ ကြည့်ရှုလေ့လာကြပြီးနောက် မန္တလေးတောင် ဆုတောင်းပြည့်ဘုရားအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုသည်။

**တင်မောင်(မန်းကိုယ်ပွား)**





# စာပေပွဲတော် အကြိုပြင်ဆင်ထားရှိမှုများ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် မန္တလေးမြို့ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်း အချက်အလက်နှင့် နည်းပညာတက္ကသိုလ်၌ ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိကျင်းပမည့် ကလေးစာပေပွဲတော်(မန္တလေး) ကြိုတင်ပြင်ဆင်ထားရှိမှုများကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ဖွင့်ပွဲအခမ်းအနားကျင်းပမည့် အခြေအနေနှင့် ပြခန်းများ၊ ပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် စာအုပ်စာစောင်များခင်းကျင်းပြသရောင်းချရန် စီစဉ်ထားရှိမှုများကို ကဏ္ဍအလိုက် လိုက်လံရှင်းလင်းပြသခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူလေးများ၏ ကလေးစာပေပွဲတော် တေးသီချင်းဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းနှင့် ဘာသာကျောင်းများမှ ပြခန်းများကို စစ်ဆေးကြည့်ရှုခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလည်း ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**စာအုပ် စာပေ လူ့မိတ်ဆွေ**

# ကလေးစာပေပွဲတော်(မန္တလေး) ဖွင့်ပွဲအခမ်းအနားအတွက် အင်အားပြည့် အစမ်းလေ့ကျင့်

**မန္တလေး ဇန်နဝါရီ ၂၆**

ကလေးစာပေပွဲတော်(မန္တလေး) ဖွင့်ပွဲအခမ်းအနားအတွက် အင်အားပြည့် အစမ်းလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက ပွဲတော်ကျင်းပမည့် ချမ်းမြသာစည်မြို့နယ် မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၌ ကျင်းပခဲ့သည်။

အဆိုပါ အစမ်းလေ့ကျင့်ရာတွင် ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနား၌ ပါဝင်ဆောင်ရွက်ကြမည့် ကျောင်းသား ကျောင်းသူများ၏ ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခြင်းနှင့် စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်းကဏ္ဍများကို အပြီးသတ်လေ့ကျင့်ခဲ့ကြသည်။

ကလေးစာပေပွဲတော်(မန္တလး)ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တိုင်တိုင်ကျင်းပမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတဦးထင်ကျော် တက်ရောက်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၀၀၊ ကိုယ်ပိုင်ကျောင်းများမှ ၁၀၀ နှင့် ဘာသာကျောင်းများမှ ၁၀၀ စုစုပေါင်းကျောင်းသားကျောင်းသူ ၅၀၀ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။

ကလေးစာပေပွဲတော်တွင် ပါဝင်မည့်အစီအစဉ်များအနေဖြင့် မြေညီထပ်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှပြသမည့် ကလေးစာပေများ၊ ဆရာကြီး မင်းသုဝဏ်၏ စာအုပ်များကို ပြသထားမည့်အပြင် စာအုပ်အရောင်းဆိုင်ပေါင်း ၅၀ ကျော်ကိုလည်း ခင်းကျင်းထားရှိပြီး ကာတွန်းပေါင်း ၁၀၀ ကျော်ကိုလည်း ပြသထားမည် ဖြစ်သည်။

ထို့အပြင် ပထမထပ်၌ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းနှင့် ဘာသာကျောင်းများမှ ပြခန်းများ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ရုပ်သေးပြခန်းနှင့် ဖျော်ဖြေရေးအစီအစဉ်များထားရှိကာ ဒုတိယထပ်၌ စာပေဟောပြောပွဲများ စာပေစကားဝိုင်းများကိုလည်း စီစဉ်ထားရှိကြောင်းနှင့် ပျော်ပွဲရွှင်ပွဲများအနေဖြင့် ဆေးရောင်ခြယ်ခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း၊ စက္ကူခေါက်ပြိုင်ပွဲ၊ အရုပ်ဆက်၊ စကားပုံဆက်ပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲနှင့် အိမ်ဆောက်ပြိုင်ပွဲများပါဝင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# KBZ Visa Credit Card ကို ပုံစံနှစ်မျိုးဖြင့် ထုတ်ပေးသွားမည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

ကမ္ဘောဇဘဏ်လီမိတက်သည် ကမ္ဘာ့ထိပ်တန်း ငွေပေးချေမှုဆိုင်ရာ နည်းပညာကုမ္ပဏီဖြစ်သည့် VISA နှင့် ပူးပေါင်းဆောင်ရွက်သည့် KBZ Visa Credit Card စတင်မိတ်ဆက်သည့် အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ Melia Hotel ၌ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာမျိုးအောင်နှင့် တာဝန်ရှိသူများ၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ အမှုဆောင်ဒါရိုက်တာများဖြစ်ကြသော ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်၊ VISA မှ (Group Country Manager၊ Southeast Asia) Mr.Rajiv Ramanathan နှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကမ္ဘောဇဘဏ်လီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။




ရှေးဦးစွာ ကမ္ဘောဇဘဏ်လီမိတက် ဒုတိယ ဥက္ကဋ္ဌ(၂) ဦးသန်းချိုက "ယနေ့သည် မြန်မာနိုင်ငံရဲ့ Cashless Society ခေတ်သစ်ကို စတင်ဖော်ဆောင်တဲ့ စိတ်လှုပ်ရှားစရာ ကောင်းတဲ့နေ့တစ်နေ့ဖြစ်တဲ့အတွက် KBZ Visa Credit Card ဟာ မြန်မာနိုင်ငံသူ နိုင်ငံသားများရဲ့ လူနေမှုဘဝ အဆင့်အတန်းတွေ မြင့်သထက်မြင့်လာအောင်၊ နိုင်ငံရဲ့ စီးပွားရေး စနစ်တကျ တိုးတက်လာအောင် တစ်ထောင့်တစ်နေရာကနေ ကူညီပေးနိုင်သည့် Product တစ်ခု ဖြစ်လာဖို့ အပြည့်အဝယုံကြည်ထားပါတယ်" ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် VISA မှ Mr. Rajiv Ramanathan (Group Country Manager၊ Southeast Asia) က ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး KBZ Visa Credit Card နှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်လီမိတက်ကတ်ဌာနမှ အထွေထွေမန်နေဂျာ ဒေါ်ဆွေဇင်ဝင်းက Movie Clip များဖြင့် ရှင်းလင်းပြောကြားကာ အောင်မြင်ခြင်း အမှတ်တရဓာတ်ပုံများရိုက်ကူးကြကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ အကြီးဆုံးဘဏ်တစ်ခုဖြစ်သည့် ကမ္ဘောဇဘဏ်လီမိတက်နှင့် ကမ္ဘာ့အကြီးဆုံး ငွေပေးချေမှုကွန်ရက်ကို တည်ဆောက်ထားသည့် Visa တို့ပူးပေါင်းကာ KBZ Visa Credit Card ကို Classic Card နှင့် Platinum Card ဟူ၍ ပုံစံနှစ်မျိုးဖြင့် ထုတ်ဝေသွားမည်ဖြစ်သည်။ ယင်းကတ်နှစ်မျိုးစလုံးကို Visa ၏ ဆန်းသစ်သော PayWave နည်းပညာဖြင့် ချိတ်ဆက်လုပ်ဆောင်စေမည်ဖြစ်ပြီး ယခင်သမားရိုးကျကတ်ဖြစ်ခြင်း၊ ကတ်ထိုးထည့်ခြင်းသာမက ငွေပေးချေမှုအတွက် လက်မှတ်မလိုဘဲ ကတ်ပေါ်ရှိ POS Terminal များကို ထိလိုက်ရုံဖြင့် အသုံးပြုနိုင်စေမည်ဖြစ်ကြောင်းသိရသည်။အဆိုပါကတ်ဖြင့် ကမ္ဘာတစ်ဝန်းမှ Visa လက်ခံသည့် ATM များ၊ POS များ စုစုပေါင်း သန်း ၄၀ ကျော်နှင့် မြန်မာနိုင်ငံတွင် Visa အသုံးပြုနိုင်သော နေရာပေါင်း ၇၀၀၀ ကျော်တွင်ဈေးဝယ်ခြင်း၊ ငွေပေးချေခြင်းနှင့် ငွေထုတ်ယူခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။ KBZ Visa Credit Card ကို ပြည်သူများ၊ လုပ်ငန်းရှင်များ သုံးစွဲခြင်းဖြင့် Cash Society စနစ်မှ ခေတ်မီ Cashless Society စနစ်သို့ ပိုမိုပြင်စွာ ကူးပြောင်းနိုင်ပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အများကြီးအထောက်အပံ့ပေးနိုင်မည် ဖြစ်သည်။ အဆိုပါကတ်ဖြင့် သုံးစွဲငွေများကို ၄၅ ရက်အတွင်း ဘဏ်သို့ပြန်လည်ပေးသွင်းပါက အတိုးမဲ့ဖြင့် သုံးစွဲနိုင်မည်ဖြစ်ပြီး ၄၅ ရက်ကျော်လွန်မှ ပြန်လည်ပေးချေပါက သတ်မှတ်အတိုးနှုန်းအတိုင်း ပြန်လည်ပေးချေရမည်ဖြစ်သည်။

ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့် နိုင်ငံတကာမှ ပေးအပ်ချီးမြှင့်သော ဘဏ်လုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆုများကို နှစ်စဉ်ရရှိထားသည့်အပြင် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင်လည်း ကမ္ဘောဇဘဏ်လီမိတက်၏ နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးခွဲများကို အောင်မြင်စွာ ဖွင့်လှစ်ထားပြီးဖြစ်သည်။ ထို့အပြင် ကမ္ဘောဇဘဏ်လီမိတက်သည် တစ်နိုင်ငံလုံးတွင် ပထမနေရာမှ ငါးနှစ်ဆက် နိုင်ငံတော်အခွန်ဘဏ္ဍာ တာဝန်ကို အများဆုံးကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းကိုလည်း ဖွဲ့စည်းတည်ထောင်ကာ နိုင်ငံနှင့်အဝန်းတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းရပ်များတွင် စဉ်ဆက်မပြတ်ကူညီပံ့ပိုးလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သဲနိုင်ဦး (မြန်မာစာ)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့၌ ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **(မိုး/ဇလ)**

# မြစ်ကြီးနားမြို့နယ်ရှိ ကရိန်နေဝ် အပန်းဖြေရိပ်သာ မြေနေရာကို မူလပိုင်ရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်

**မြစ်ကြီးနား ဇန်နဝါရီ ၂၆**

ကချင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသည် နှစ်(၆၀)နီးပါး သိမ်းဆည်းခံခဲ့ရသည့် ကရိန်နေဝ်အပန်းဖြေရိပ်သာ မြေနေရာကို မူလပိုင်ရှင် ဒူဝါကရိန်နေဝ်မိသားစုထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါ ဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများကို ဗဟိုကော်မတီ၏ မူဝါဒများ၊ ညွှန်ကြားချက်များနှင့်အညီ ပြည်နယ်အတွင်း ကော်မတီအဆင့်ဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကာ သိမ်းဆည်းမြေများနှင့် ပြန်လည်စွန့်လွှတ်မြေများ အားလုံးကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ အထောက်အထားခိုင်လုံပါက သက်ဆိုင်ရာ မူလပိုင်ရှင်များထံ လွှဲပြောင်းအပ်နှံနိုင်ရန် စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ရှင်းလင်းပြောကြားပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (တပ်ပြင်ပ ကရိန်နေဝ်မြေ)က စွန့်လွှတ်အပ်နှံလာသည့် မြစ်ကြီးနားမြို့နယ် ရွှေစက်ရပ်ကွက် ကွင်းအမှတ်/အမည်(၂က/မိန်ခိန်ရွှေစက်)၊ ဦးပိုင်အမှတ် (၂၇၈)ရှိ မြေဧရိယာ ၃ ဒသမ ၇၄ ဧကနှင့် ပတ်သက်သည့် စာရွက်၊ စာတမ်းများကို မူလပိုင်ရှင်ဖြစ်သူ ဒူဝါကရိန်နေဝ်မိသားစုထံ ပြန်လည်ပေးအပ်ရာ ဒူဝါ ကရိန်နေဝ်၏ ဇနီး ဒေါ်ဂျာဗာက လက်ခံရယူသည်။ **(ယာပုံ)**

ယင်းနောက် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က ပြန်လည်လွှဲပြောင်းပေးအပ်သည့် မြေ ၃ ဒသမ ၇၄ ဧကနှင့် ပတ်သက်သည့် မြေစာရင်းပုံစံ (၁၀၅၊ ၁၀၆)ကို ဒူဝါကရိန်နေဝ်၏ ဇနီးထံ ထပ်မံလွှဲပြောင်းပေးအပ်ရာ ဒူဝါကရိန်နေဝ်၏ မြေး ဒေါ်ကရိန်နန်ဘူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယခု လွှဲပြောင်းပေးအပ်သည့် ကရိန်နေဝ်အပန်းဖြေရိပ်သာကို စတင်အကောင်အထည်ဖော် တည်ထောင်ခဲ့သူ ဒူဝါကရိန်နေဝ်မှာ ကချင်အမျိုးသားခေါင်းဆောင်ပါလီမန်လူမျိုးစု လွှတ်တော်အမတ်တစ်ဦးဖြစ်ပြီး အဆိုပါမြေကို ၂၀၁၂ ခုနှစ်မှစတင်၍ ကာကွယ်ရေးဝန်ကြီးဌာနသို့ ပြန်လည်ရရှိရန် လျှောက်ထားခဲ့ရာ ၂၀၁၄ ခုနှစ်တွင် တပ်မတော်မှအရာရှိကြီးများက ခရိုင်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများရှေ့၌ မြေပေးမိန့်ကို ထုတ်ပေးထားခဲ့ကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စိစစ်ဆောင်ရွက်ခဲ့ပြီး မြေစာရင်းပုံစံ (၁၀၅၊ ၁၀၆)ကို လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**



# ပြန်လည်ရှင်သန်ရန်လိုအပ်နေသည့် မောင်တောမြို့လယ်က ပြည်သူ့အလင်း ခေတ်မီစာကြည့်တိုက်



**မောင်တော ဇန်နဝါရီ ၂၆**

ပြည်သူတို့၏အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်တောမြို့၏ အထင်ကရနေရာ၌ တည်ရှိသည့် ပြည်သူ့အလင်း ခေတ်မီစာကြည့်တိုက်ကို မောင်တောဒေသခံ ပြည်သူများက ပြန်လည်ရှင်သန် ဖွံ့ဖြိုးစေလိုနေကြကြောင်း သိရသည်။

"ပြည်သူ့အလင်း ခေတ်မီစာကြည့်တိုက်ဟာ မောင်တောမြို့ရဲ့ အရေးပါတဲ့ မြို့လယ်မှာရှိတယ်၊ လိပ်စာတိတိကျကျ ပြောရရင် မောင်တောမြို့ မြို့မအရှေ့ရပ်ကွက် ဦးဥတ္တမလမ်းမကြီးပေါ်မှာ တည်ရှိပါတယ်၊ စာကြည့်တိုက်ဆိုတာ စာဖတ်ချင်လာအောင် ဆွဲဆောင်နိုင်ဖို့ လိုပါတယ်"ဟု စာကြည့်တိုက်ကော်မတီအတွင်းရေးမှူးဟောင်းဖြစ်သည့် တရားလွှတ်တော်ရှေ့နေ ဦးအောင်ကျော်ညွှန့်က ပြောကြားသည်။

ပြည်သူ့အလင်း ခေတ်မီစာကြည့်တိုက်ကို လွန်ခဲ့သည့် ၁၅ နှစ်ခန့်က မောင်တောမြို့ပေါ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းမှ စာအုပ်စာပေစိတ်ပါဝင်စားသူများက ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"စာကြည့်တိုက်ကို ၂၀၀၂ ခုနှစ်ကတည်းက မောင်တောမြို့ပေါ်မှာရှိတဲ့ နှစ်ဖက်လူ့အဖွဲ့အစည်းက စိတ်ပါဝင်စားသူတွေ၊ ပြည်သူထည့်ဝင်ငွေတွေနဲ့ ဦးစီးတည်ထောင်ခဲ့ကြတယ်။ စာကြည့်တိုက်ဝန်ထမ်းတွေခန့်ထားပြီး စည်စည်ကားကား ဖွင့်လှစ်ခဲ့ကြတယ်။ ၂၀၁၂ ခုနှစ်နောက်ပိုင်း ဝန်ထမ်းတွေမခန့်ထားနိုင်တော့ဘူး၊ စာကြည့်တိုက်မှူးတစ်ဦးပဲကျန်တယ်။ စာကြည့်တိုက်ရန်ပုံငွေနည်းပါးတဲ့အတွက် စာကြည့်တိုက်မှူးကိုလည်း ထောက်ပံ့ငွေအနည်းငယ်ပဲ ပေးနိုင်ခဲ့တယ်။ ၂၀၁၃ ခုနှစ်မှာ စာကြည့်တိုက်မှူး ကွယ်လွန်သွားတယ်။ စာကြည့်တိုက်လုပ်ငန်းတွေလည်း မလည်ပတ်နိုင်တော့ဘူး၊ စာဖတ်ချင်တဲ့သူတွေက စာအုပ်အသစ်တွေ ရောက်လားလို့ မေးလာကြပေမယ့် စာအုပ်စာစောင်အသစ်တွေ ထပ်မံဝယ်ယူမဖြည့်တင်းနိုင်တော့ဘူး"ဟု ဦးအောင်ကျော်ညွှန့်က ဆက်လက်ပြောပြသည်။

သို့သော်လည်း မောင်တောဒေသခံ ပြည်သူများအနေဖြင့် အဆိုပါစာကြည့်တိုက်ကို ပြန်လည်ဖွင့်လှစ်ပြီး စာကြည့်တိုက်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန် မျှော်လင့်လျက်ရှိနေကြသည်။

"စာကြည့်တိုက်ကို အရင်တုန်းကလို ကောင်းကောင်းမွန်မွန်လေးပြန်ဖြစ်စေချင်တယ်၊ ကွန်ပျူတာတွေ၊ ရုပ်မြင်သံကြားစက်တွေ တပ်ဆင်ချင်တယ်၊ စာကြည့်တိုက် ကော်မတီကိုလည်း ပြန်လည်ဖွဲ့စည်းစေလိုတယ်၊ အားလုံးဝိုင်းဝန်းကူညီပေးကြဖို့ ပြောလိုတယ်၊ စာကြည့်တိုက်ဟာ မြို့ရဲ့အရေးပါတဲ့နေရာမှာ တည်ရှိတဲ့အတွက် ပြည်သူတွေရဲ့ ပညာအလင်းကို အဓိကဖြန့်ဖြူးပေးတဲ့ နေရာတစ်ခုဖြစ်လာမယ်၊ အဓိကကတော့ စာကြည့်တိုက်ရန်ပုံငွေ လွန်စွာနည်းပါးနေတာဖြစ်ပါတယ်"ဟု ဦးအောင်ကျော်ညွှန့်က ဆိုသည်။

တာဝန်ရှိသူများ အနေဖြင့်လည်း ပြည်သူ့အလင်း ခေတ်မီစာကြည့်တိုက် ပြန်လည်ရှင်သန်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိနေကြကြောင်း သိရသည်။

မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်စန်းစန်းအောင်က "ကျွန်မ ၂၀၁၆ ခုနှစ်မှာ မောင်တောမြို့ကို စတင်ရောက်ရှိ တာဝန်ထမ်းဆောင်ပါတယ်။ ကျွန်မ မရောက်မီကတည်းက ဒီစာကြည့်တိုက် ပိတ်ထားတယ်လို့ သိရတယ်၊ ကျွန်မ မောင်တောကို ရောက်ရောက်ချင်းပဲ ဒီစာကြည့်တိုက် ပြန်လည်ရှင်သန်နိုင်အောင် ကြိုးပမ်းနေပါတယ်၊ စာကြည့်တိုက်ဖွံ့ဖြိုးရေး ရန်ပုံငွေရရှိအောင် ပြည်နယ်အစိုးရကို တင်ပြထားပါတယ်၊ ဌာနအနေနဲ့ စာအုပ်စာစောင်တွေနဲ့ စာကြည့်တိုက် နည်းပညာတွေကို ဆက်လက်ပံ့ပိုးကူညီသွားမှာ ဖြစ်ပါတယ်"ဟု ဆိုသည်။

"ပြည်သူ့အလင်း ခေတ်မီစာကြည့်တိုက် ပြန်လည်ရှင်သန်လာအောင် ကျွန်တော်ဆောင်ရွက်နေပါတယ်၊ စာကြည့်တိုက်ရန်ပုံငွေ ဖြည့်တင်းနိုင်အောင်လည်း စီမံနေပါတယ်"ဟု မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးရဲထွဋ်က ဆိုသည်။

**မင်းမင်းဇော် (သတင်းစဉ်)**

**ဓာတ်ပုံ-မောင်ဖိုးဇော်**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံများတွေ့ဆုံ

**တောင်ငူ ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) အဖွဲ့ဝင်များနှင့် ဒေသခံများတွေ့ဆုံပွဲကို ဇန်နဝါရီ ၂၅ ရက်မွန်းလွဲ ၁ နာရီက တောင်ငူမြို့နယ် ငွေတောင်လေးကျေးရွာ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ကော်မတီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်က အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင် ကေအင်န်ယူ တပ်မဟာ(၃)မှ အယ်ကလူဖိုးနှင့် ကေအင်န်ယူ တပ်မဟာ(၂)မှ ထွန်းကဲတို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင် ဦးစောလင်းအောင်က NCA ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းပြောကြားပြီး ကော်မတီအတွင်းရေးမှူး (၂) ဒုတိယဗိုလ်မှူးကြီး သိန်းထိုက်ဦးက နှစ်ဖက်လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ Military Code Of Conduct (COC) အကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသူ ဒေသခံများက JMC နှင့် ပတ်သက်သည့် သိလိုသည်များကို မေးမြန်းကြရာ အတွင်းရေးမှူး(၂)နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ သံတောင်ကြီးမြို့နယ်များမှ ဒေသခံတိုင်းရင်းသားများ၊ တောင်ငူမြို့နယ် ဆင်ပင်ကြီးရွာ၊ ကွမ်းပင်ချောင်းရွာ၊ ရှောက်ပင်ချောင်းရွာနှင့် ငွေတောင်လေးကျေးရွာအနီးရှိ ဒေသခံများ တက်ရောက်ကြကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# တပ်ကုန်းမြို့ ပြည်သူ့စာကြည့်တိုက် ပြန်လည်ပေါ်ထွန်းလာရန် မြို့သူမြို့သားများ မျှော်လင့်

**တပ်ကုန်း ဇန်နဝါရီ ၂၆**

နေပြည်တော် တပ်ကုန်းမြို့ပေါ်၌ ၁၉၆၆ ခုနှစ်က မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တက္ကသိုလ်ကျောင်းသားများ စုပေါင်း၍ ပဒေသာကပွဲများ၊ ပြဇာတ်များ ကပြ၍ ရန်ပုံငွေရှာဖွေကာ ပြည်သူ့စာကြည့်တိုက်ကို ယခု အောင်ဆန်းခန်းမကြီး၏အရှေ့ဘက် မြေနေရာ၌ တည်ဆောက်ခဲ့ပြီး စာကြည့်တိုက်မှူး ပန်းချီဖုန်းမြင့်က တာဝန်ယူကြီးကြပ်ဆောင်ရွက်ခဲ့သည်။

နောင်ခေတ်အဆက်ဆက်တွင် ငွေကြေးအခက်အခဲကြောင့် စာကြည့်တိုက် မဖွင့်နိုင်တော့၍ တယ်လီဖုန်း(အိတ်ချိန်း)ရုံး၊ ကြံတောင်သူအရောင်းဆိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးတို့ကို ငှားရမ်းထားရှိခဲ့သည်။

၂၀၁၄ ခုနှစ် ဇူလိုင်လက နေပြည်တော်ကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် အောင်ဆန်းခန်းမကြီးကို ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာ ဘေးပတ်လည်ရှိ ဈေးဆိုင်ခန်းများနှင့်အတူ ပြည်သူ့စာကြည့်တိုက်လည်း ဖျက်သိမ်းခံခဲ့ရသည်။

ယခု ပြည်သူ့အစိုးရလက်ထက်တွင် နိုင်ငံတစ်ဝန်း စာကြည့်တိုက်များ၊ ကျေးလက်၊ တောရွာပါမကျန် အားသွန်ခွန်စိုက် ကြိုးပမ်းဖွင့်လှစ်နေကြချိန် တပ်ကုန်းမြို့ပေါ်၌ ပြည်သူ့စာကြည့်တိုက် အဖျက်ခံထားရသဖြင့် ပြည်သူများ အသိပညာတိုးတက်စေရန်အတွက် ပြည်သူ့စာကြည့်တိုက်ကို ယခင်မူလနေရာ၌ ပြန်လည်ပေါ်ထွန်းလာစေရန် မြို့သူ၊ မြို့သားများက မျှော်လင့်တောင့်တလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# ထရန့်အစိုးရအဖွဲ့က ဦးစားပေးလုပ်ဆောင်ရမည့် စိန်ခေါ်မှုများကို ကြေညာ

**ဝါရှင်တန် ဇန်နဝါရီ ၂၆**

အမေရိကန်သမ္မတဒေါ်နယ်ထရန့် ဦးဆောင်သည့်အစိုးရအဖွဲ့သည် အိုင်အက်စ်စစ်သွေးကြွအုပ်စုများအား ချေမှုန်းတိုက်ခိုက်နိုင်ရေး၊ မြောက်ကိုရီးယားနှင့် အခြားနိုင်ငံများ၏ ခြိမ်းခြောက်လာမှုများကို တွန်းလှန်နိုင်မည့် ဒုံးကျည်ကာကွယ်ရေးစနစ် အဆင့်မြှင့်တင် ဖန်တီးနိုင်ရေးအပါအဝင် များစွာသော ရည်မှန်းချက်ပန်းတိုင်စာရင်းဇယားများကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

သမ္မတသစ်ဒေါ်နယ်ထရန့် စတင်ရုံးထိုင်ပြီးသည့်နောက်တွင် ၎င်း၏အစိုးရအဖွဲ့သည် သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုအပါအဝင် စိန်ခေါ်မှုအမျိုးအစားခြောက်ခုကို ရင်ဆိုင်ရလျက်ရှိကြောင်း အိမ်ဖြူတော်၏ဝက်ဘ်ဆိုက်၌ ရေးသားဖော်ပြခဲ့သည်။

အဓိက ဦးစားပေးဆောင်ရွက်ရမည့် စိန်ခေါ်မှုတစ်ရပ်မှာ အိုင်အက်စ်စစ်သွေးကြွများအား နှိမ်နင်းရေးဖြစ်ပြီး လိုအပ်လာလျှင် အမေရိကန်တပ်ဖွဲ့သည် အခြားနိုင်ငံများမှ အင်အားစုများဖြင့် စုပေါင်းကာ တပ်ဖွဲ့ဝင်အင်အားတိုးချဲ့သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

အကြမ်းဖက်အုပ်စုများထံသို့ ငွေကြေးအရင်းအမြစ်များ စီးဆင်းနေမှုကို ရပ်တန့်သွားစေရန်အတွက် နိုင်ငံတကာက ပူးပေါင်းပါဝင်ဆောင်ရွက်ရန် တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

နောက်ထပ် ရည်မှန်းချက်ပန်းတိုင်တစ်ခုမှာ မြောက်ကိုရီးယားနှင့် အခြားနိုင်ငံများက တိုက်ချင်းပစ်ဒုံးကျည်များဖြင့် တိုက်ခိုက်လာမှုကိုရင်ဆိုင်နိုင်မည့် ကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်သွားရန်ဖြစ်သည်။ အစိုးရအဖွဲ့က နိုင်ငံအတွင်းသို့ နယ်စပ်မှတစ်ဆင့် တရားမဝင်ရွှေ့ပြောင်းသွားလာသူများ အဆက်မပြတ်ဝင်ရောက်မှု၊ ဒုစရိုက်ဂိုဏ်းများနှင့် မူးယစ်ဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုကို တားဆီးသွားမည်ဟု ပြောကြားခဲ့သည်။ **(ရိုက်တာ)**




# တံတိုင်းကာရံမည့် ကန်ဆုံးဖြတ်ချက်အား မက္ကဆီကိုသမ္မတငြင်းပယ်

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၂၆**

နှစ်နိုင်ငံနယ်စပ်တွင် တံတိုင်းကာရံမည့် အမေရိကန်၏ ဆုံးဖြတ်ချက်အား ငြင်းပယ်ကြောင်းနှင့် မည်သည့်တံတိုင်းအတွက်မျှ အခကြေးငွေပေးဆောင်ရန် အစီအစဉ်မရှိကြောင်း မက္ကဆီကိုနိုင်ငံသမ္မတ အန်းရစ်ပီနာနီတိုက ယမန်နေ့က ပြောကြားခဲ့သည်။

တံတိုင်းကာရံမည့် အမေရိကန်၏ ဆုံးဖြတ်ချက်ကို လက်မခံနိုင်ကြောင်း၊ တံတိုင်းကာရံလိုက်ခြင်းအားဖြင့် စည်းလုံးမှုကို ဝေးကွာသွားစေနိုင်သကဲ့သို့ နှစ်နိုင်ငံကြား ကွဲကွာမှုကို ဖြစ်စေနိုင်ကြောင်း မက္ကဆီကိုနိုင်ငံသမ္မတ အန်းရစ်ပီနာနီတိုက ပြောခဲ့သည်။

အမေရိကန်- မက္ကဆီကိုနယ်စပ်အား တံတိုင်းကာရံရန် သမ္မတဒေါ်နယ်ထရန့် လက်မှတ်ရေးထိုးလိုက်ပြီးနောက် မက္ကဆီကို သမ္မတက ယခုကဲ့သို့တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။ တံတိုင်းတည်ဆောက်မှုအပေါ် မက္ကဆီကိုက ယုံကြည်မှုမရှိကြောင်း၊ မည်သည့်တံတိုင်းအတွက်မျှ အခကြေးငွေပေးဆောင်မည် မဟုတ်ကြောင်း မက္ကဆီကိုသမ္မတက ပြောခဲ့သည်။



အမေရိကန်နှင့် မက္ကဆီကိုနှစ်နိုင်ငံကြား တံတိုင်းကာရံမည့် ကိစ္စသည် ထရန့်၏ မဲဆွယ်စည်းရုံးရေး ကတိတစ်ခုဖြစ်ပြီး ယင်းအချက်ဖြင့် မဲဆန္ဒရှင်များမှ ဆန္ဒမဲများရရှိခဲ့ခြင်းဖြစ်သည်။

တံတိုင်းတည်ဆောက်မည့် ကုန်ကျစရိတ်အား မက္ကဆီကိုနိုင်ငံဘက်မှလည်း ပေးဆောင်ရမည်ဟု ထရန့်က နားလည်ထားပြီး ကနဦးတည်ဆောက်စဉ်တွင် အမေရိကန်အစိုးရက ငွေကြေးစိုက်ထုတ်မည်ဖြစ်ကြောင်း ၎င်းကအရိပ်အမြွက် ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# သေနတ်ပစ်ခံရ၍ သေဆုံးသူအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အခမ်းအနား၌ သေနတ်ပစ်မှုထပ်မံဖြစ်ပွား

**ချီကာဂို ဇန်နဝါရီ ၂၆**

ချီကာဂို၌ သေနတ်ပစ်ခတ်ခံရမှုကြောင့် သေဆုံးသွားသူအား ဝမ်းနည်းပူဆွေးသည့် အထိမ်းအမှတ်ပြုလုပ်ရန် စုဝေးနေစဉ် သေနတ်သမားများ၏ ဝင်ရောက်ပစ်ခတ်မှုကြောင့် အသက် ၁၂နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် လူခြောက်ဦး ဒဏ်ရာရသွားကြောင်း ဒေသမီဒီယာများက ဖော်ပြသည်။

မြို့တွင်း၌ ဖြစ်ပွားနေသည့် သေနတ်ဖြင့်အကြမ်းဖက်ခံရမှုများကို ကိုင်တွယ်ရန် တားဆီးပိတ်ဆို့နေမှုများအပေါ် သမ္မတဒေါ်နယ်ထရန့်က သတိပေးခြိမ်းခြောက်ခဲ့ပြီးနောက် တစ်ရက်အကြာ ဗုဒ္ဓဟူးနေ့တွင် ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေနတ်ပစ်ခတ်မှုသည် ပြီးခဲ့သည့် တနင်္လာနေ့က သေနတ်ပစ်ခံရပြီးသေဆုံးသွားသည့် ဂျမာရတ်ဖီးလ်၏ သေဆုံးမှုကို ဝမ်းနည်းပူဆွေးသည့် အခမ်းအနားပြုလုပ်ရန် အများပြည်သူတို့ စားသောက်ဆိုင်တစ်ခုအတွင်း စုဝေးရောက်ရှိနေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ချီကာဂိုထရီဘွန်းသတင်းစာတွင် ဖော်ပြခဲ့သည်။

ဒုစရိုက်ဂိုဏ်းတစ်ခုက အခမ်းအနားသို့ တက်ရောက်လာမည့်သူ တစ်ဦးကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း လူမှုအဖွဲ့အစည်း တက်ကြွလှုပ်ရှားသူ ဂျယ်ဒီဒတ်ဘရောင်းက သတင်းစာသို့ ပြောကြားခဲ့သည်။ သေနတ်ထိမှန်သူခြောက်ဦးကို နီးစပ်ရာဒေသဆေးရုံများသို့ အရေးပေါ်ပို့ဆောင်ခဲ့သည်ဟု ချီကာဂိုရဲဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လည်ပင်းတွင် သေနတ်ထိမှန်ခဲ့သည့် အသက် ၁၆ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးမှာ ဒဏ်ရာပြင်းထန်ပြီး ကျန်ငါးဦးမှာ စိုးရိမ်ရဖွယ်မရှိတော့ကြောင်း သိရသည်။ လူဦးရေ ၂ ဒသမ ၇ သန်းရှိသည့် ချီကာဂိုသည် အမေရိကန်၏ အခြားမြို့ကြီးများထက် သေနတ်ပစ်ခတ်မှု ပိုမိုအဖြစ်များကြောင်း သိရသည်။
**(ရိုက်တာ)**

# ဩစတြေးလျအကျဉ်းထောင်မှ လူငယ်သုံးဦး ထွက်ပြေးလွတ်မြောက်

**ဆစ်ဒနီ ဇန်နဝါရီ ၂၆**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၁၀၀ အကွာရှိ လူငယ်တရားစီရင်ရေးဌာန (အကျဉ်းထောင်)၌ ယမန်နေ့က အဓိကရုဏ်းတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် ပြစ်မှုကျူးလွန်သူ လူငယ်သုံးဦး ထွက်ပြေး လွတ်မြောက်သွားခဲ့ကြောင်း ဇန်နဝါရီ ၂၆ ရက်တွင် ရဲတပ်ဖွဲ့ကပြောသည်။ ပြစ်မှုကျူးလွန်သူ စုစုပေါင်း ၁၅ ဦးခန့်ရှိကြောင်း သိရပြီး လွတ်မြောက်သူအများစုမှာ ကားများခိုးယူကာ ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခိုးယူသွားသောကားနှင့် ရဲကားတစ်စီးတိုက်မိပြီး အကျဉ်းသားခြောက်ဦးကို ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကာ အခြားနှစ်ဦးကို လမ်းလျှောက်ထွက်ပြေးနေစဉ် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကျန်ရှိသည့် ခုနစ်ဦးအနက် လေးဦးကို ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း ဗစ်တိုရီးယားပြည်နယ် ဒုတိယရဲမင်းကြီး ရှိန်းပက်တွန်က အတည်ပြုပြောကြားခဲ့ပြီးနောက် ကျန်သုံးဦးမှာ ဝရမ်းပြေးများအဖြစ် လွတ်မြောက်နေဆဲဖြစ်သည်။

ပြစ်မှုကျူးလွန်သူများသည် ထိန်းသိမ်းရေးစင်တာရှိ ဝန်ထမ်းတစ်ဦးကို တိုက်ခိုက်ပြီးနောက် လွတ်မြောက်သွားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့သည် ဝန်ထမ်း၏ သော့များကို ယူသွားပြီး ကတ်များကို ချိုးဖျက်ခဲ့ကြောင်း၊ အဆိုပါပစ္စည်းများကို အသုံးပြုလျက် အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့ခြင်းဖြစ်ကြောင်း ဗစ်တိုရီးယားပြည်နယ် လက်ထောက်ရဲမင်းကြီး ရစ်ခ်နူဂျန့်က ဇန်နဝါရီ ၂၆ ရက်တွင် သတင်းထောက်များကို ပြောကြားသည်။ **(ဆင်ဟွာ)**

အကျဉ်းသားများ၏ လှုပ်ရှားမှုကို စီစီတီဗွီမှတ်တမ်းတွင် တွေ့ရစဉ်



# ဆိုမာလီနှင့် ကင်ညာနိုင်ငံသား ၉၀ ကျော်အား အမေရိကန်က ပြည်နှင်ဒဏ်ပေး

**ဝါရှင်တန် ဇန်နဝါရီ ၂၆**

အမေရိကန်နိုင်ငံသည် ဆိုမာလီနိုင်ငံသားများနှင့် ကင်ညာနိုင်ငံသား ၉၀ ကျော်အား ပြည်နှင်ဒဏ်ပေးခဲ့ကြောင်း၊ ပြည်နှင်ဒဏ်ပေးခံရသူများမှာ ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီမြို့သို့ ယမန်နေ့က ရောက်ရှိခဲ့ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်နှင်ဒဏ်အပေးခံရသူများတွင် ဆိုမာလီနိုင်ငံမှ အမျိုးသား ၉၀ နှင့် ကင်ညာနိုင်ငံမှ အမျိုးသမီးနှစ်ဦး ပါဝင်ကြောင်းနှင့် မည်သည့်အတွက်ကြောင့် ပြည်နှင်ဒဏ်ပေးခံရခြင်းကိုမူ မသိရှိရကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ အဲရစ်ကီရိတ်သီက ပြောခဲ့သည်။

အမေရိကန်နိုင်ငံ အာဏာပိုင်များက တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများနှင့်ပတ်သက်ပြီး တင်းကျပ်စွာဆောင်ရွက်နေသည့်အတွက် ယခုပြည်နှင်ဒဏ်ပေးမှုသည် ယခင်ဖြစ်စဉ်များနှင့် နှိုင်းယှဉ်ပါက အရေအတွက်ပိုများကြောင်း တာဝန်ရှိသူများက ဆိုသည်။
**(ဆင်ဟွာ)**

# ပြည်သူ့အကျိုးစီးပွားကိုဖြည့်ဆည်းနိုင်ရေး လူမှုရေးအဖွဲ့အစည်းများနှင့် ကွန်ရက်သဖွယ် ချိတ်ဆက်ဆောင်ရွက်မည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကလေးများအား ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒ၊ မူကြိုနည်းပညာရပ်များနှင့်အညီ လူမှုဝန်ထမ်းနည်းလမ်းများဖြင့် ပြုစုပျိုးထောင်ပေးနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးဆောင်ရွက်ပြီး ကလေးများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကစားစရာနှင့် အာဟာရပဲနို့ရည်များကို ပေးအပ်သည်။



**တိုက်တွန်းပြောကြား**

ယင်းနောက် မူလတန်းကြိုကျောင်းခန်းမ၌ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူငယ်များနှင့်တွေ့ဆုံရာ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်တွင် ပါရှိသည့် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးများအတွက် ငွေကြေးထောက်ပံ့ရေး အစီအစဉ်ကို ဖွံ့ဖြိုးမှု အနည်းဆုံးဖြစ်သည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနမှဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လူမှုအဖွဲ့အစည်းများနှင့် ကွန်ရက်သဖွယ် ပြုလုပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ပခုက္ကူခရိုင်အတွင်းရှိ လူမှုရေးအဖွဲ့အစည်း ၃၀ မှ တာဝန်ရှိသူများက ၎င်းတို့အခက်အခဲများ၊ လိုအပ်ချက်များအား ဆွေးနွေးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆွေးနွေးမေးမြန်းချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးသည်။

**အလှူငွေများလှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခရိုင်လူမှုဝန်ထမ်းရုံး အဆောက်အအုံဆောက်လုပ်နေမှုအား လည်းကောင်း၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံများအား လည်းကောင်းကြည့်ရှုပြီး ပခုက္ကူဘိုးဘွားရိပ်သာနှင့် မျက်မမြင်ကျောင်းများသို့ သွားရောက်၍ အဘိုး အဘွားများ၊ သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အလှူငွေများလှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၃ ခုနှစ်အတွက် စာပေဗိမာန် စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ်တတိယဆုရ စောခက်၏ " အလွမ်းပင်အိုက ပန်းလက်ကျန်နှင့်အခြားဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် ရခိုင်ပြည်နယ်အောက်ကျွန်းစဉ်နယ်သား ပင်လယ်ကမ်းခြေနေ ရေလုပ်သားတို့၏ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းကို အခြေပြုရေးဖွဲ့ထားသော ဝတ္ထုတိုများဖြစ်သည်။ ဝတ္ထုတို ၁၁ ပုဒ်ပါဝင်၍ တစ်ပုဒ်နှင့်တစ်ပုဒ် ကွဲပြားစွာသရုပ်ဖော်ရေးဖွဲ့ထားပါသည်။ အထူးသဖြင့် ရိုးရာဓလေ့နှင့်ယှဉ်၍ မိမိတို့ဘဝရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားနေကြသော ရေလုပ်သားတို့အကြောင်းကို သုတရသစုံလင်စွာရေးဖွဲ့ထားသည်။ အလွမ်းပင်အိုက ပန်းလက်ကျန် ခေါင်းစဉ်အောက်မှ ဝတ္ထုတိုတွင် ရေလုပ်သားမိန်းမပျိုလေးနုဖြူ၏ မိန်းမသားတန်မဲ့ငါးဖမ်းရသည့်ဘဝကို ပီပီပြင်ပြင် သရုပ်ဖော်ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ရောင်းဈေးငွေကျပ် ၂၃၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာအုပ်ဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်း နှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်၊ ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**




## ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဇန်နဝါရီလကုန်တွင် ကျင်းပမည်

**မုံရွာ ဇန်နဝါရီ ၂၆**

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို ၂၀၁၇ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် မုံရွာမြို့ရှိ တိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ကို ဇန်နဝါရီ ၃၁ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီတွင် စတင်ကျင်းပမည်ဖြစ်သဖြင့် တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒနယ်အသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်များအား တိုင်းဒေသကြီး လွှတ်တော်ရုံး(မုံရွာမြို့)သို့ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ဇန်နဝါရီ ၃၀ ရက်(တနင်္လာနေ့)ထက်နောက်မကျစေဘဲ ရောက်ရှိသတင်းပို့နိုင်ရေးအတွက် ကြိုတင်ဖိတ်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အောက်ရှိ ဆေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၅ ရက်တွင် တောင်ငူမြို့နှင့် ၁၂ မိုင်ခန့်အကွာရှိ ငွေတောင်ကလေးကျေးရွာနှင့် အနီးဝန်းကျင်ဒေသတို့မှ ပြည်သူများ၊ ကလေးသူငယ်များအား ဆေးကုသပေးစဉ်
သူရ(တောင်ငူ)

## ကျောက်တန်းမြို့နယ် ကျေးရွာများသို့ လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

**ကျောက်တန်း ဇန်နဝါရီ ၂၆**

လူထုဗဟိုပြု စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် စီမံကိန်းမိတ်ဆက်ဆွေးနွေးခြင်း၊ လူထုပူးပေါင်းပါဝင်မှု ဆန်းစစ်ခြင်း၊ ကျေးရွာအတွင်း စီမံကိန်းလုပ်ငန်းခွဲများရေးဆွဲဖော်ထုတ်ခြင်း စသည့်လုပ်ငန်းများကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၃ ရွာတွင် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် ဇန်နဝါရီ ၂၅ ရက် နံနက်က ကျောက်တန်းမြို့နယ် ချောင်းဝကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည့်ဆွေးနွေးပွဲတွင် လူထုဗဟိုပြုစီမံကိန်းမှ ကျား/ မ ရေးရာ ဝေဖန်အကြံပြု ဒေါ်မြင့်မြင့်ရွှေနှင့် ကျေးရွာတာဝန်ခံ စည်းရုံးရေးမှူး ဦးသက်ကိုလင်းတို့က ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများရေးဆွဲဖော်ထုတ်ခြင်း၊ ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီရွေးချယ်ခြင်း အစီအမံများကို ရှင်းလင်းဆွေးနွေးဆောင်ရွက်ကြသည်။ အဆိုပါလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ချောင်းဝကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်စိုးနှင့် ကျေးရွာသူ ကျေးရွာသားများက လူထုဗဟိုပြုစီမံကိန်းတွင် အခြေခံအချက်များအပါအဝင်လုပ်ငန်းစဉ်များကို ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**



# မိတ္ထီလာမြို့ပေါ်ရှိ ရပ်ကွက်နှစ်ခုအား ရေပိုက်လိုင်းများတိုးချဲ့တပ်ဆင်

**မိတ္ထီလာ ဇန်နဝါရီ ၂၆**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုတိုးချဲ့ ရေပေးရေးလုပ်ငန်းရန်ပုံငွေဖြင့် ငွေကျပ်သန်းပေါင်း ၂၀၀ ကျော် အကုန်အကျခံ၍ ပင်းတလဲ၊ တဲစုသွား မြင်တော်ကန်ရပ်ကွက်နှင့် ပေါက်ချောင်းရပ်ကွက်သစ် (တရုတ်ဂိတ်)ရပ်ကွက်တို့တွင် ဇန်နဝါရီလမှစ၍ ရေစင်များ ဆောက်လုပ်ပြီး ရေပိုက်များသွယ်တန်းကာ ရပ်ကွက်လူထုသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ပင်းတလဲ-တဲစုသွား မြင်တော်ကန်ရပ်ကွက်တွင် ရေဂါလန် ၁၂၀၀၀ ဆံ့ ရေစင်ဆောက်လုပ်ပြီး ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ ခြောက်လက်မပိုက်၊ လေးလက်မပိုက်၊ သုံးလက်မပိုက်များဖြင့် ငွေကျပ် ၇၂ သန်း အကုန်အကျခံကာ ရေပိုက်လိုင်း အရှည်ပေ ၁၂၇၉၀ တပ်ဆင်ကာ ရေများပေးဝေနေပြီဖြစ်သည်။

ထို့နောက် ပေါက်ချောင်းကွက်သစ် (တရုတ်ဂိတ်)ရှိ လူနေအိမ်ခြေ ၃၀၀ ကို ရေဂါလန် ၁၂၀၀၀ ဆံ့ ရေစင်ဆောက်လုပ်ပြီး လျှပ်စစ်မော်တာတပ်ဆင်ကာ ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ ခြောက်လက်မပိုက်၊ လေးလက်မပိုက်၊ သုံးလက်မပိုက်များဖြင့် ငွေကျပ် ၁၃၂ သန်း အကုန်အကျခံကာ ရေပိုက်လိုင်းအရှည်ပေ ၂၀၀၀၀ ကျော်ဖြင့် ယခုအခါ ရေများစတင်ပေးဝေနေပြီ ဖြစ်သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရပ်ကွက်နှစ်ခုရှိ အိမ်ထောင်စု ၄၀၀ ကျော်အား သောက်သုံးရေပေးဝေနေသဖြင့် မြင်တော်ကန်ရပ်ကွက်နှင့် ပေါက်ချောင်းရပ်ကွက်သစ်ရှိ အိမ်ထောင်စုများမှာ သောက်သုံးရေဖူလုံစွာရရှိနေသဖြင့် ဝမ်းသာနေကြကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**



# မြန်မာ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အနာဂတ်

## မောင်ပါဝါ

*ဇန်နဝါရီ ၂၆ ရက်မှ အဆက်*

ကျွန်ုပ်တို့သည် လက်ရှိကုန်းတွင်း (Inland) နှင့် ကမ်းလွန် (Off-shore) ဒေသများတွင် ဇီဝရုပ်ကြွင်းလောင်စာ၊ ကျောက်မီးသွေး/ ရေနံ/ သဘာဝဓာတ်ငွေ့များ ပေါကြွယ်ဝသည်ကိုသာ ယေဘုယျ နားလည်ထားကြပါသည်။

ကုန်းတွင်း/ ကမ်းလွန် သဘာဝဓာတ်ငွေ့သိုက်များမှ အလျှံပယ်ထွက်ရှိနေသော ဓာတ်ငွေ့များရှိနေသော်လည်း နိုင်ငံ့လျှပ်စစ်ဖွံ့ဖြိုးမှုကို တစ်ဟုန်ထိုး လုပ်ဆောင်နိုင်ခြင်း မရှိသည့်အပေါ် ဝေဖန်ပြစ်တင်မှုများပင် ဖြစ်ပေသည်။ အကျဉ်းချုပ်၍ ရှင်းလင်းတင်ပြရန် လိုအပ်ပါမည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လက်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိရာတွင် နိုင်ငံပိုင် ဓာတ်ငွေ့တာဘိုင်စက်ရုံ ငါးခု (714.70 MW)၊ ပုဂ္ဂလိက ကုမ္ပဏီများ၏ Independent Power Producers (IPP) စက်ရုံများ (ရန်ကုန်) လေးခု (281.43 MW)၊ နိုင်ငံပိုင်စက်ရုံ (ဒေသအလိုက်) ငါးခု (232.20 MW)၊ ပုဂ္ဂလိကကုမ္ပဏီများ၏ IPP စက်ရုံများနှင့် ငှားရမ်းစက်များ (Rental Engines) လေးခု (465.505 MW) စုစုပေါင်း စက်တပ်ဆင်အင်အား (1693.805 MW) ရှိပါသည်။ စာရင်းပြန်ချုပ်သော် (က) နိုင်ငံပိုင်စက်ရုံများ (GE Frame-6/ GE Frame-5) (946.90 MW) (ခ) IPP စက်ရုံများ (433.40 MW) နှင့် (ဂ) ငှားရမ်းအသုံးပြု ဓာတ်ငွေ့အင်ဂျင်စက်များ (313.505 MW)ဟူ၍ အဓိက ကျင့်သုံးစနစ် သုံးမျိုးဖြင့် လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။ ယခင်ရှိပြီး ဓာတ်ငွေ့တာဘိုင်စက် အဟောင်းများကိုလည်း ပြန်လည်ပြုပြင်ပြီးစီးခဲ့၍ ထုတ်လုပ် စက်စွမ်းရည် (Efficiency) များသည်လည်း မူလထက် သိသိသာသာ တိုးတက်ရရှိနေပြီဖြစ်ပါသည်။


ဖော်ပြပါ ဓာတ်ငွေ့တာဘိုင်စက်ရုံများ၊ ဓာတ်ငွေ့သုံးအင်ဂျင်များအတွက် ဓာတ်ငွေ့သုံးစွဲနိုင်မှုနှင့် ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ်များကိုလည်း သိရှိထားကြရန် လိုအပ်မည် ယူဆသဖြင့် လေ့လာရရှိအချက်အလက် တချို့ကို ဖော်ပြလိုပါသည်။ သဘာဝဓာတ်ငွေ့များ ရရှိသုံးစွဲမှုတွင် တစ်ရက်လျှင် ကုန်းတွင်းပိုင်း (Inland) မှ (4.91) သန်းကုဗပေ (ကျွန်းချောင်း စက်ရုံ တစ်ခုသာအသုံးပြု)၊ ကမ်းလွန် (Off-shore) ဓာတ်ငွေ့သိုက်များဖြစ်ကြသည့် **ရတနာ**မှ ၁၇၁ ဒသမ ၄၁ သန်းကုဗပေ၊ **ဇောတိက** မှ ၆၄ ဒသမ ၇၇ သန်း ကုဗပေနှင့် **ရွှေ** မှ ၆၆ ဒသမ ၅၉ သန်းကုဗပေ အသီးသီး ရှိကြရာ ကမ်းလွန်မှ စုစုပေါင်း တစ်ရက်လျှင် ၃၀၂ ဒသမ ၇၇ သန်း ကုဗပေ (302.77 mmscfd) ရယူသုံးစွဲ ရန်ဖြစ်ပါသည်။ ဓာတ်ငွေ့သိုက်အလိုက် Calorific Values (Heat Rates) ကွာခြားမှုရှိကြရာ ကုန်းတွင်းဓာတ်ငွေ့မှာ 1000 Btu/cuft၊ ကမ်းလွန်မှ ရတနာဓာတ်ငွေ့မှာ 720 Btu/cuft ၊ ဇောတိကဓာတ်ငွေ့မှာ 910 Btu/cuft နှင့် ရွှေဓာတ်ငွေ့မှာ 1,010 Btu/cuft အသီးသီးရှိကြသည့်အလျောက် ဈေးနှုန်း များမှာလည်း USD 7.5 - 10.0/ mmsBtu ရှိကြောင်း သိရှိရပါသည်။ အချုပ်အားဖြင့်နိုင်ငံပိုင် State-owned/ IPP/ Rental Gas Engine ကဏ္ဍသုံးခု၏ ၂၀၁၆ ခုနှစ် မေလစစ်တမ်းအရ စက်တပ်ဆင်အင်အား ၁၆၉၃ ဒသမ ၈၅ မဂ္ဂါဝပ်မှ တစ်လလျှင် စုစုပေါင်း ထုတ်လုပ်နိုင်မည့်ဓာတ်အား (Total Unit Generation) မှာ ကုန်းတွင်းပိုင်းဓာတ်ငွေ့ (Inland Gas) ဖြင့် ၈၀၄၄ မဂ္ဂါဝပ်နာရီ (MWh) နှင့် ကမ်းလွန်ဓာတ်ငွေ့ (Off-shore) ဖြင့် ၆၁၇၄၀၆ ဒသမ ၈၂ မဂ္ဂါဝပ်နာရီခန့်ရှိသဖြင့် ဓာတ်ငွေ့နှင့် ရေနွေးငွေ့သုံးစက်ရုံများ Combined Cycle Power Plants (CCPP) ၏ ခန့်မှန်းပျမ်းမျှဓာတ်ငွေ့တန်ဖိုး သက်သက်ကုန်ကျစရိတ် (အခြားစရိတ်များပါဝင်ခြင်းမရှိ) မှာ US Cent 6.9/kW အရ ခန့်မှန်းကုန်ကျမည့် နိုင်ငံခြားသုံးငွေမှာ တစ်လလျှင် USD 42.60 million ဖြစ်ပါသည်။ ရတနာ/ ဇောတိက/ ရွှေတို့မှခွဲဝေရရှိ ကမ်းလွန်ဓာတ်ငွေ့ (ကုန်းတွင်းမပါ) 9,111.6062 MMCF တန်ဖိုးကို ပျမ်းမျှ 913 Btu/cuft နှင့် ဈေးနှုန်း USD 8.25/mmBtu တို့ဖြင့် တွက်ချက်ပါက USD 68.63 million ကုန်ကျမည်ဖြစ်ပါသည်။ ယင်းအပြင် ဆက်နွယ်လုပ်ငန်းများအတွက် ၃၀ ရာခိုင်နှုန်း အပိုဆောင်းရသည်ဖြစ်ရာ စုစုပေါင်း USD 89.22 million ရှိမည်ဖြစ်သဖြင့် ဖော်ပြ "v" တစ်လ၏ Total Unit Generation ၆၁၇၄၀၆ ဒသမ ၈၂ MWh အတွက် ဓာတ်အားခနှုန်းထားမှာ US Cent 14.45/kW ဖြစ်ပါမည်။ လက်ရှိ USD နှင့် မြန်မာငွေလဲလှယ်နှုန်း 1,400/- (ဆို) အရ ဓာတ်အား တစ်ယူနစ် (1 kWh) အတွက် ၂၀၂/ ၃၀ ခန့် ကုန်ကျမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ဖွံ့ဖြိုးဆဲနှင့် အဘက်ဘက်တွင် ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသော မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်ရယူအသုံးပြုရာတွင် သဘာဝဓာတ်ငွေ့အရင်းအမြစ်တစ်ရပ်အပေါ်တွင် အလုံးစုံမှီခိုရန် သင့်/ မသင့်၊ ပြည်ပသို့ တင်ပို့ရောင်းချရရှိနိုင်ခြားသုံးငွေကို တခြား ဖွံ့ဖြိုးမှုအခြေခံအဆောက်အအုံများဆိုင်ရာအတွက်ကိုပါ စဉ်းစားရန် လို/ မလို သုံးသပ်နိုင်ကြရန် အလို့ငှာတင်ပြခြင်း ဖြစ်ပါသည်။ ဥပမာ - ကမ္ဘာ့ ထိပ်တန်းစီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိသော နော်ဝေနိုင်ငံသည် နိုင်ငံ့ထွက်ရှိသမျှ ဓာတ်ငွေ့အားလုံးကို ပြည်ပသို့ ရောင်းချ ပြီး နိုင်ငံ့လျှပ်စစ်လိုအပ်ချက်၏ ၉၉ ဒသမ ၈ ရာခိုင်နှုန်းကို ရေအားလျှပ်စစ်ကဏ္ဍအပေါ် အားပြုမှီခိုလျက်ရှိကြောင်း ဖော်ပြ လိုပါသည်။

**ကမ္ဘာ့ရုပ်ကြွင်းလောင်စာအရင်းအမြစ်များ**

မြန်မာနိုင်ငံအနေဖြင့် လက်ရှိကုန်းတွင်းနှင့် ကမ်းလွန်ဒေသများတွင် ဇီဝရုပ်ကြွင်းလောင်စာများဖြစ်ကြသည့် ကျောက်မီးသွေး/ ရေနံ/ သဘာဝဓာတ်ငွေ့များ အလျှံပယ်ပေါ်များသည်ကိုသာ သိရှိနားလည်ထားကြပါသည်။ IEA World Energy Outlook ၂၀၁၀ ၏ ထုတ်ပြန်ချက်အရ ယင်းအရင်းအမြစ်များမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များတွင် ပါဝင်ခြင်းမရှိကြသည့်အလျောက် တဖြည်းဖြည်း အထွက်နှုန်းကျဆင်းလာပြီး (Declining) ၂၀၈၀ ပြည့်နှစ်ဝန်းကျင်တွင် ကုန်ခန်းသွားမည်ဟု ဖော်ပြထားပါသည်။ ပုံ (၁၉) ဖြင့် တင်ပြပါသည်။ မိမိတို့၏ ယင်းရုပ်ကြွင်းလောင်စာ အရင်းအမြစ်များ လျော့နည်း/ ကျဆင်းကာလနှင့် နောက်ဆုံး ကုန်ခန်းချိန်တွင် အာမခံချက်ပေးသော

ပုံ (၁၉)

**ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ (ဇီဝရုပ်ကြွင်းလောင်စာ) များ ကုန်ခန်းသွားနိုင်သည့် ကာလခန့်မှန်းချက် ဇယား**




Source-IEA World Energy Qutlook 2010 Time (year)

လျှပ်စစ်ပမာဏရရှိရေးအတွက်ယခုကတည်းက လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်ဖြင့် လုပ်ကိုင်ကြမှသာလျှင် မိမိတို့၏ သမိုင်းကောင်း ထင်ကျန်ရစ်မည်ဖြစ်ပါသည်။ ယခုပင် နောက်ကျနေပြီဖြစ်၍ ယနေ့ပင်လုပ်ကိုင်ကြရန် လိုပြီဖြစ်ပါသည်။ ဆောင်းပါးတွင် မီးမောင်းထိုးပြသည့် သံလွင်မြစ်ပေါ်တည်ဆောက်မည့် ရေအားလျှပ်စစ် တမံကြီးများမှာ Three Gorges Dam (China)၊ Itaipu Dam (Brazil-Uruguay) တို့ကဲ့သို့ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် ကြီးမားသောရိုက်ခတ်မှုများ မရှိနိုင်ကြောင်း အသေးစိတ်ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ လက်တွေ့စီမံကိန်းစနစ်ချမှတ်မှု (ဥပမာ- တမံအရွယ်အစား၊ စက်တပ်ဆင်အင်အားရွေးချယ်မှု စသည်တို့ကိုပြန်လည်သုံးသပ် ပြုပြင်ဆောင်ရွက်နိုင်ကြရန်သာ ဖြစ်ပါသည်။) ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ရှုထောင့်မျိုးစုံမှ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လက်ရှိနှင့်အနာဂတ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်မှာ သဘာဝပတ်ဝန်းကျင်အကြောင်းပြု ကန့်ကွက်နေကြမည့်အစား ရှေ့နောက်ချင့်ချိန် နိုင်စွမ်းရှိကြသော နိုင်ငံသားများအမြင်ဖြင့် အချိန်တစ်ခုအတွင်း တစ်လုံးတစ်ခဲတည်းရရှိနိုင်မည့် ရေအားလျှပ်စစ်ကဏ္ဍကို တိုးမြှင့်လုပ်ဆောင်ခြင်း (ယခင်နှင့် ယနေ့ တရုတ်နိုင်ငံသည်ပင် ရေအားလျှပ်စစ်ကို လက်မလွှတ်ပါ) နှင့်အတူ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်လျက် (ဂျပန်နိုင်ငံသည်ပင် ယနေ့ နေရောင်ခြည်မှ ကျောက်မီးသွေး အရှေ့သို့ ဦးတည်နေပြီဖြစ်ပါသည်) မြန်မာနိုင်ငံ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ နှစ် ၂၀ မြန်မာ့စွမ်းအင်မဟာစီမံချက်ပါ ရေစပ်လျှပ်စစ်စက်တပ်ဆင်အင်အားများ ပြည့်မီစွာရရှိရေးကြိုးပမ်းဆောင်ရွက်သွားနိုင်ကြပါရန် တင်ပြလိုက်ရပါသည်။

## သင်တန်းသားရဲတပ်ဖွဲ့ဝင်များ ပြည်သူလူထုနှင့်ရင်းနှီးစွာ နယ်မြေကွင်းဆင်းမှု ပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/ ၂၀၁၇) မှ သင်တန်းသားအရာရှိများနှင့် အခြားအဆင့်များသည် ဇန်နဝါရီလ တတိယပတ်က နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်အတွင်း နေထိုင်သည့် ပြည်သူလူထုများအား တစ်အိမ်တက်ဆင်းလိုက်လံ၍ တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်ရန် ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေး အကြံပြုချက်များ ရယူခဲ့ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် ကြိုတင်ကာကွယ်မှုကို အခြေခံပြီး ဥပဒေကို လေးစားလိုက်နာသော ပြည်သူလူထုနှင့် ပူးပေါင်း၍ ရပ်ရွာ၏ တွန်းအားဖြင့် ရဲလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အဆိုပါ သင်တန်းနည်းပြအရာရှိ ဖြစ်သူ ဒုရဲမှူးဝင်းနိုင်က ပြောသည်။

အဆိုပါသင်တန်းသားများကို ဒုရဲမှူးဝင်းနိုင် ဦးဆောင်၍ ရဲအုပ် မြတ်ကိုကို၊ တောင်ညိုနယ်မြေရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး၊ ရွှေနံ့သာရဲကင်းစခန်းမှူးနှင့်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ပြီး ရပ်ကွက်နေပြည်သူများအား မှုခင်းကြိုတင်ကာကွယ် ရေးနှင့် မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ အရေးပေါ်ဆက်သွယ်ခေါ်ဆိုနိုင်ရန် မြို့နယ်ရဲတပ်ဖွဲ့စခန်းများ၏ ဖုန်းနံပါတ်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသားများအနေဖြင့် ယခုကဲ့သို့ ပြည်သူလူထုနှင့်ရင်းနှီးပွင့်လင်းစွာ ထိတွေ့ဆက်ဆံပြီး နယ်မြေကွင်းဆင်းမှုကို ပျဉ်းမနား၊ ဇမ္ဗူသီရိ၊ ပုပ္ပသီရိ၊ ဥတ္တရသီရိမြို့နယ်တို့တွင် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကာ အဆိုပါသင်တန်းမှာ ရက် သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(ဝ၁၄)

## တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ကိုးဦးအား ပညာသင်ဆုချီးမြှင့်

**မုံရွာ ဇန်နဝါရီ ၂၆**

မုံရွာမြို့၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်က တည်ထောင်ထားသော လွင်အီလက်ထရွန်နစ်ပညာသင်ဆုချီးမြှင့်ရေးအဖွဲ့က ၂၀၁၆ ခုနှစ်တွင် ပညာသင်ဆုချီးမြှင့်ခဲ့သည့် ကျောင်းသား ကျောင်းသူ ငါးဦးနှင့် ယခု ၂၀၁၇ ခုနှစ်အတွက် ပညာသင်ဆုရခဲ့သူ လေးဦးတို့အား ပညာသင်ဆုပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ရက် နံနက်၉နာရီက မုံရွာမြို့ အလယ်ရပ်ရွှေကျင်ဓမ္မာရုံကျောင်းတိုက် ဝိနယဗိမာန်တော်၌ ကျင်းပသည်။

ပြီးခဲ့သည့်၂၀၁၆ခုနှစ်က ပညာသင်ဆုအတွက် လျှောက်ထားသူ ၁၂ ဦးရှိပြီး မကွေးဆေးတက္ကသိုလ်မှ လေးဦးနှင့် သူနာပြုတက္ကသိုလ်မှ တစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ငါးဦး၊ ၂၀၁၇ခုနှစ်တွင် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ် ကျောင်းသား တစ်ဦး၊ စီးပွားရေးတက္ကသိုလ်မှ ကျောင်းသူ တစ်ဦး၊ မန္တလေးသူနာပြုတက္ကသိုလ်မှ ကျောင်းသူ တစ်ဦးနှင့် မကွေးဆေးတက္ကသိုလ်ကျောင်းသား တစ်ဦး စုစုပေါင်းလေးဦးကို ပညာသင်ဆုများပေးအပ်ချီးမြှင့်သည်။

ရွေးချယ်ထားသော ကျောင်းသား ကျောင်းသူများကို တစ်လလျှင် ငွေကျပ် ၆၀၀၀၀ဖြင့် တစ်နှစ်လျှင် ၁၀ လနှင့် ဘွဲ့ရသည်အထိ တစ်ဦးလျှင် ငွေကျပ်သိန်း ၆၀ ထောက်ပံ့ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

### မီးဖိုမီးအသုံးပြုလျှင်

(၁) လူစောင့်ထားပါ။ (၂) လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။ (၃) မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။ (၄) မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံ အကာအရံများ ထားပါ။ (၅) ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၅၃)

# အမှားရှိလျှင် အမှန်ပြင်



**ဦးဟန်ညွန့်(ဥပဒေ)**

**အမှန်ပြင်**

"တရားရုံးအချင်းချင်း ထိန်းသိမ်းပြင်ဆင်နိုင်တာတွေ ရှိပါတယ်။ မူလရုံးတွေကို အထက်ရုံးများက ပြုပြင်ပေးနိုင်ပါတယ်။ အမှားရှိလျှင် အမှန်ပြင်နိုင်ပါတယ်။ အကိုးအကားနဲ့ရေးပေးပါဦးဆရာ"ဟု လူငယ်ရှေ့နေတစ်ဦးက မေးလည်းမေး၊ တိုက်တွန်းလည်းတိုက်တွန်းသောကြောင့် ဤဆောင်းပါးကို ရေးမိ၊ တွေးမိပါသည်-

**ပြစ်မှုဆိုင်ရာပြင်ဆင်မှု**

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှု တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ရှေ့နေချုပ်နည်းဥပဒေ ၉၈ မှ ၁၀၄ တို့တွင်ပြဋ္ဌာန်းထားသည်။ ယင်းနည်းဥပဒေ ၉၈ မှ ၁၀၁ အထိပြဋ္ဌာန်းချက်များကို စိစစ်ကြည့်သော် တာဝန်ခံဥပဒေအရာရှိ၊ အမှုလိုက်ဥပဒေအရာရှိ၊ ခရိုင်တာဝန်ခံ ဥပဒေအရာရှိနှင့် ပြည်နယ်/တိုင်းတာဝန်ခံဥပဒေအရာရှိတို့က လိုက်နာဆောင်ရွက်ရမည့်တာဝန်များကို ဖော်ပြသတ်မှတ်ထားခြင်းဖြစ်သည်။ သို့ဖြစ်ရာ အထွေထွေလျှောက်ထားမှု တင်သွင်းခြင်း၊ ပိတ်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ နည်းဥပဒေ ၉၈ နှင့် ၁၀၄ အထိပါပြဋ္ဌာန်းချက်များနှင့်အညီလိုက်နာဆောင်ရွက်ရမည်ဖြစ်သည်-

**ထပ်မံဆုံးဖြတ်ချက်**

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ရှေ့နေချုပ်ဥပဒေနှင့် နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ခံဥပဒေအရာရှိက ခရိုင်တရားရုံးသို့ဖြစ်စေ၊ ပြည်နယ်/တိုင်းတရားရုံးသို့ဖြစ်စေ၊ တရားရုံးချုပ်သို့ဖြစ်စေပြစ်မှုဆိုင်ရာ ပြင်ဆင်မှု တင်သွင်းခွင့်ရှိသည့်နည်းတူ နစ်နာသူအမှုသည်ကဖြစ်စေ၊ တရားလိုဘက်က ငှားရမ်းထားသော ပြင်ပရှေ့နေကဖြစ်စေ၊ တရားရုံးအဆင့်ဆင့်သို့ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု တင်သွင်းခွင့်ရှိမည်။

တာဝန်ခံဥပဒေအရာရှိကဖြစ်စေ၊ နစ်နာသူအမှုသည်ကဖြစ်စေ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုတင်သွင်းခြင်းမရှိသော်လည်း ပြည်နယ်တိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၄၃၅ (၁) အရ အောက်ရုံး အမှုတွဲကိုတောင်းခေါ်စိစစ်ပြီးဆုံးဖြတ်ချက်သည် တရားမျှတမှုမရှိခြင်း၊ ဥပဒေအရမှားယွင်းချွတ်ချော်ခြင်း၊ ပြစ်မှုနှင့်လျော်ညီသည့် ပြစ်ဒဏ်ချမှတ်မှုမရှိခြင်း အစရှိသည့်အချက်အချို့ကို တွေ့ရှိရပါက မိမိ၏ ဆင်ခြင်တုံတရားအရပြင်ဆင်မှု(က)ဖွင့်လှစ်ဆောင်ရွက်ခွင့်လည်း ရှိပေသည်။

**(ကိုအောင်မိုးဝင်း-ပါ-၂နှင့် နိုင်ငံတော်)**

**[၂၀၀၂၊ မတစ၊ စာ-၁]**

**ပြစ်မှုဆိုင်ရာကျင့်ထုံးပြဋ္ဌာန်းချက်**

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၅(၁)တွင်-

"တရားလွှတ်တော်က ဖြစ်စေ၊ စက်ရှင်တရားရုံးကဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးကဖြစ်စေ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက အာဏာအပ်နှင်းထားသူနယ်ပိုင်ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ ၎င်း၏သို့မဟုတ် မိမိ၏စီရင်ပိုင်ခွင့်အာဏာနယ်မြေအတွင်းရှိ လက်အောက်ခံပြစ်မှုဆိုင်ရာ တရားရုံးတစ်ရုံးရုံးက မှတ်တမ်းတင်သော သို့မဟုတ် ချမှတ်ထားသောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်သို့မဟုတ် အမိန့်မှန်၊ မမှန် ဥပဒေနှင့်ညီ၊ မညီ၊သင့်မြတ်ခြင်းရှိ၊ မရှိတို့ပြင် ယင်းလက်အောက်ခံတရားရုံး၏ မှုခင်းဆောင်ရွက်ချက်သည် နည်းလမ်းကျ၊ မကျသိရှိရန်ကိစ္စအလို့ငှာ ယင်းတရားရုံးရှေ့ရှိမည်သည့်မှုခင်းဆောင်ရွက်ချက်အမှုကိုမဆို ခေါ်ယူစိစစ်နိုင်သည်။ ယင်းသို့အမှုတွဲကို ခေါ်ယူသည့်အခါ မည်သည့်ပြစ်ဒဏ်ကိုမဆို ဆိုင်းငံ့ထားရန်နှင့် တရားခံအချုပ်တွင်ရှိနေလျှင် အာမခံနှင့်ဖြစ်စေ၊ ၎င်းကိုယ်တိုင်ခံဝန်ချုပ်ချုပ်ဆို၍ဖြစ်စေအမှုတွဲကို စိစစ်နေဆဲတွင်လွှတ်ထားစေရန် ညွှန်ကြားနိုင်သည်"ဟု ပြဋ္ဌာန်းထားသည်။

> **ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ရှေ့နေချုပ်ဥပဒေနှင့် နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ခံဥပဒေအရာရှိက ခရိုင်တရားရုံးသို့ဖြစ်စေ၊ ပြည်နယ်/တိုင်းတရားရုံးသို့ဖြစ်စေ၊ တရားရုံးချုပ်သို့ဖြစ်စေပြစ်မှုဆိုင်ရာ ပြင်ဆင်မှု တင်သွင်းခွင့်ရှိသည့်နည်းတူ နစ်နာသူအမှုသည်ကဖြစ်စေ၊ တရားလိုဘက်က ငှားရမ်းထားသော ပြင်ပရှေ့နေကဖြစ်စေ၊ တရားရုံးအဆင့်ဆင့်သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု တင်သွင်းခွင့်ရှိမည်။**

**ပြင်ဆင်မှုဖွင့်ခွင့်**

အထက်ဖော်ပြပါ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၃၅ (၁) ပါပြဋ္ဌာန်းချက်အရဆိုလျှင် တရားလွှတ်တော်ကဖြစ်စေ၊ စက်ရှင်တရားရုံးကဖြစ်စေ၊ ခရိုင် ရာဇဝတ်တရားသူကြီးကဖြစ်စေမိမိ၏စီရင်ပိုင်ခွင့် အာဏာနယ်မြေအတွင်းရှိ လက်အောက်ခံပြစ်မှုဆိုင်ရာ တရားရုံးတစ်ရုံးရှိမည်သည့် မှုခင်းဆောင်ရွက်ချက်အမှုကိုမဆို ခေါ်ယူစိစစ်နိုင်ရန် ပြင်ဆင်မှု ဖွင့်လှစ်ဆောင်ရွက်ခွင့်ရှိကြောင်း တွေ့ရှိသည်။

သို့ဖြစ်ရာ ပြစ်မှုဆိုင်ရာပြင်ဆင်မှုတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ရှေ့နေချုပ်ဥပဒေနှင့် ရှေ့နေချုပ်နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ခံဥပဒေအရာရှိက ခရိုင်တရားရုံးသို့ဖြစ်စေ၊ ပြည်နယ်တိုင်းတရားရုံးသို့ဖြစ်စေ၊ တရားရုံးချုပ်သို့ဖြစ်စေ၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု တင်သွင်းခွင့်ရှိသည့်နည်းတူ နစ်နာသူအမှုသည်ကဖြစ်စေ၊ တရားလိုဘက်က ငှားရမ်းထားသော ပြင်ပရှေ့နေကဖြစ်စေ တရားရုံး အဆင့်ဆင့်သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုတင်သွင်းခွင့်ရှိပေသည်။

တာဝန်ခံဥပဒေအရာရှိကဖြစ်စေ၊ နစ်နာသူအမှုသည်ကဖြစ်စေ၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု တင်သွင်းခြင်းမရှိသော်လည်း ပြည်နယ်၊ တိုင်းတရားရုံးနှင့်တရားရုံးချုပ်တို့က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၅ (၁) အရ အောက်ရုံးအမှုတွဲကို တောင်းခေါ်စိစစ်ပြီး ဆုံးဖြတ်ချက်သည် တရားမျှတမှုမရှိခြင်း၊ ဥပဒေအရ မှားယွင်းချွတ်ချော်ခြင်း၊ ပြစ်မှုနှင့်လျော်ညီသည့်ပြစ်ဒဏ်ချမှတ်မှုမရှိခြင်းအစရှိသည့် အချက်အချို့တွေ့ရှိရပါက မိမိ၏ဆင်ခြင်တုံတရားအရ ပြင်ဆင်မှု (က)ဖွင့်လှစ်ဆောင်ရွက်ခွင့်ရှိပေသည်။

**တိုင်စာများက ထောက်ပြသည်**

တရားစီရင်ရေးအပေါ် မကျေနပ်သူများက တိုင်စာများရေးသားတိုင်ကြားကြသည်။ တရားမျှတမှုမရှိကြောင်း၊ ဥပဒေအရ မှားယွင်းနေကြောင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ်မမျှတကြောင်း စသည်ဖြင့်ဖော်ပြပြောဆိုသည်။ စောဒကတက်သည်။ မကျေနပ်မှုများအလီလီ....။

အဆင့်မြင့်ရုံးများက ဘာလုပ်ကြမည်လဲ။ ညွှန်ကြားချက်များထုတ်ပြီးသား။ ညွှန်ကြားချက်များနှင့်အညီ ရုံးစစ်ဆေးနိုင်သည်။ ခေါ်ယူမေးမြန်းနိုင်သည်။ တရားသူကြီးများ မျက်နှာစုံညီအစည်းအဝေးလည်းရှိသည်။ အောက်ရုံးများကို အထက်ရုံးများက ကြီးကြပ်မှုလည်း ပြုနိုင်သေးသည်။ အမှုတွဲများအပေါ် စီရင်ဆုံးဖြတ်ချက်များအပေါ် ပြင်ဆင်မှုပင် ဖွင့်လှစ်နိုင်ခွင့် ရှိသေးသည်။ ဥပဒေလောကသားများသိပြီးသားပါ။

**ဤသို့ဆိုလျှင်**

ပြည်သူ့အခွင့်အရေးမထိခိုက်အောင် တရားမျှတမှုရှိအောင်၊ ဥပဒေနှင့်ညီအောင် ကြံဆောင်လုပ်ကိုင်စရာတွေအများကြီးပါပဲ။ တရားသူကြီးတွေကို မကျေနပ်၍၊ တရားရုံးများ၏ အဆုံးအဖြတ်ကို မကျေနပ်၍၊ လမ်းပေါ်ထွက်ပြီး ဆန္ဒပြဖို့လိုပါဦးမည်လား။ သူ့အလုပ်သူလုပ်ဖို့သာ အဓိကမဟုတ်လား။ အလုပ်မလုပ်လျှင်၊ တာဝန်မကျေလျှင်တော့၊ ဥပဒေနှင့်အညီသာ ဆောင်ရွက်ကြရပေတော့မည်။ ဘာပြောကြဦးမည်လဲ။

**မူလရုံးနှင့်အထက်ရုံး**

မူလရုံးများကို အထက်ရုံးများက ကြီးကြပ်ဖို့၊ လမ်းပြဖို့၊ ညွှန်ပြဖို့ တာဝန်ရှိသည်။ တာဝန်ကျေပွန်ဖို့သာလိုသည်။ အမှားရှိလျှင် အမှန်ပြင်နိုင်သည်။ ထိုသို့အမှန်ပြင်ကြောင်းကိုတော့ ပြည်သူအများမြင်စေရာသည်။ မည်မျှအမှားကို မည်သို့အမှန်ပြင်ပေးပါသလဲ။ ပွင့်လင်းမြင်သာရှိစေချင်တာပါ။ ပြင်ပေးတာတွေရှိသော်ငြား၊ ထုတ်ဖော်မပြော၍များ မသိတာလား။

**စေတနာ**

(၁)အထက်ရုံးတွေက မူလရုံးတွေကို အမှားပြင်ပေးကြပါ။ သိလျက် မသိချင်ယောင်ဆောင်မနေသင့်ပါ။ မှားမှန်းသိလျက်မပြင်ပေးလျှင် တာဝန်မကျေပါ။

(၂)ပြင်ဆင်ချက်များကို ကြိုဆိုကြောင်း စဉ်းစားမိသော ကျွန်တော်၏စေတနာ ဥပဒေ အတွေးမျှသာပါ....။

## ညောင်ဦးမြို့နယ်၌ ကျေးလက်ရေရရှိရေး စက်ရေတွင်းတူး

**ညောင်ဦး ဇန်နဝါရီ ၂၆**

ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေရှားပါးသည့် ကျေးရွာများတွင် ကျေးလက်နေပြည်သူများသောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် တွင်းနက်အဝီစိစက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၂ ရက်က ခရိုင်ဦးစီးမှူးဦးကျော်မင်းနောင်နှင့် ဝန်ထမ်းများ သည် မြို့နယ်အတွင်း တွင်းနက်အဝီစိစက်ရေတွင်းတူးဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်း တွင်းနက် အဝီစိစက်ရေတွင်းတူးဖော်ဆောင်ရွက်နေသည့် ကျေးရွာများမှာ လက်ဝဲကျေးရွာ၊ ငါ့မင်းမေးအုပ်စု-ထန်းပေါက်တောကျေးရွာ၊ ပျဉ်တိုင်းကျေးရွာ၊ ငါ့လင်းပုတ်ကျေးရွာ၊ ချောင်းဝကျေးရွာနှင့်ဈေးမကြီးကျေးရွာတို့ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## စားသုံးရန်မသင့်သော သက်တမ်းလွန်ပစ္စည်းများ ရောင်းချခြင်းရှိ မရှိ စစ်ဆေး

**ဒီးမော့ဆို ဇန်ဝါရီ ၂၆**



စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းသည့် အစားအသောက်များ စားသုံးနိုင်ရန်အတွက် နိုင်ငံတော်မှ တားမြစ်ထုတ်ပြန်ထားသည့် စားသုံးရန် မသင့်သော အစားအသောက်များ ဈေးကွက်အတွင်း ရောင်းချမှုမရှိစေရေးနှင့် ထုတ်ကုန် လုံခြုံစိတ်ချမှုရှိစေရေးအတွက် ဇန်နဝါရီ ၂၅ ရက်က လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် မြို့မဈေးအတွင်း သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်သောအဖွဲ့များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဈေးအတွင်းစားသုံးရန်မသင့်သော အစားအသောက်များ၊ သက်တမ်းလွန်ပစ္စည်းများရောင်းချခြင်း ရှိ/မရှိကို ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်မြို့ရီ၊ ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမီးမီးလေးနှင့် တာဝန်ရှိသူများက စစ်ဆေးခဲ့ရာ တားမြစ်ပစ္စည်းများရောင်းချခြင်း မရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**တွံတေး ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ဇန်နဝါရီ ၂၄ရက်က မြို့နယ်အဆင့် ကဗျာရွတ်ဆို ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ဉာဏစွမ်းရည် ပြိုင်ပွဲဆုပေးပွဲအခမ်းအနား ကျင်းပခဲ့သည်။

ကျောင်းပြင်ပဗဟုသုတရရှိစေမည့် စာပေများကို ဖတ်ရှုလေ့လာတတ်သည့် အကျင့်ရရှိခြင်းဖြင့်ဉာဏ်ရည်များ ပိုမိုမြင့်မားလာနိုင်စေရန်နှင့် စာကြည့်တိုက်ကို ရင်းနှီးကျွမ်းဝင်မှုရှိစေရန်အတွက် ပြိုင်ပွဲများကျင်းပပေးရခြင်းဖြစ်ကြောင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဦးက ပြောသည်။

အခမ်းအနားတွင် အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေနိုင်ဦးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရခြင်းနှင့် မြို့နယ်အတွင်း စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အခြေအနေများကို မြို့နယ်ဦးစီးမှူးက ရှင်းလင်းပြောကြားသည်။

ယင်းနောက်ပြိုင်ပွဲကျင်းပရေးအဖွဲ့က တွံတေးမြို့နယ်အတွင်းရှိ မူလတန်း (လွန်)၊ မူလတန်းကျောင်းခြောက်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၀ တို့က ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံရွေး၊ ဉာဏ်စမ်းအမေးအဖြေ၊ ပုံဆက်နှင့်ပုံပြောပြိုင်ပွဲများကိုယှဉ်ပြိုင်ကြပြီး ဆုရရှိသောကျောင်းများအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ဘိုကာရှီမြေဆွေးပုံပြုလုပ်နည်းကို အညာမြေတောင်သူများ စိတ်ပါဝင်စားစွာဖြင့် လက်တွေ့ဆောင်ရွက်လာကြ

**မြိုင် ဇန်နဝါရီ ၂၆**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ငြေး၊ ဇုန်တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်အေမွန်အိနှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် (မိုးစပါး၊ ကုလားပဲ၊ နွေစပါး) စိုက်ပျိုးရေရရှိသည့် ဆူးဝင်းကျေးရွာအုပ်စု ဗိုလ်ကွယ်ဆည် ရေသောက်ဧရိယာအတွင်းရှိ ရွာသာအေးကျေးရွာ တောင်သူများနှင့် ဇန်နဝါရီ ၂၄ ရက်က တောင်သူ ဦးသိန်းဆွေ လယ်တော၌ တွေ့ဆုံပြီး သီးနှံအကျိုးပြု အဏုဇီဝမြေသြဇာ ဘိုကာရှီမြေဆွေးပုံ ပြုလုပ်ပုံအဆင့်ဆင့်နှင့် ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးရေး၊ အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာတို့ကို အချိန်ကိုက် အချိုးကျသုံးစွဲရေး၊ ပိုးသတ်ဆေးများကို လိုအပ်မှသာအသုံးပြုကြရန်၊ ဘိုကာရှီမြေဆွေးပုံပြုလုပ်၍ အကျိုးပြု အဏုဇီဝမြေသြဇာများကို အဓိကထား အသုံးပြုကြရန်နှင့် ယင်းမြေသြဇာအသုံးပြုခြင်းဖြင့် အချိန်တိုအတွင်း သီးနှံများဖြစ်ထွန်းမှု အားကောင်းခြင်း၊ လုပ်အားခအကုန်အကျနည်းပြီး ငွေကြေးသက်သာမှုရှိခြင်းတို့ကြောင့် တောင်သူများအနေဖြင့် လက်တွေ့အသုံးပြု ဆောင်ရွက်ကြရန်နှင့် အသုံးပြုနည်းစနစ်များကို မြို့နယ်ဦးစီးမှူးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘိုကာရှီမြေဆွေးပုံပြုလုပ်နည်းနှင့် အသုံးပြုနည်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြပြီး တောင်သူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် ဆွေးနွေးပွဲအပြီးတွင် ဒေသခံတောင်သူများအနေဖြင့် ဘိုကာရှီမြေဆွေးပုံပြုလုပ်နည်းများကို စိတ်ပါဝင်စားစွာဖြင့် စိုက်ပျိုးရေးဝန်ထမ်းများနှင့် အတူ တောင်သူ ဦးသိန်းဆွေ၊ ဦးလှသောင်းနှင့်ဒေါ်ဂျမ်းတို့၏ လယ်မြေအတွင်း၌



အလျား ၆ ပေ၊ အနံ ၃ ပေ၊ အမြင့် ၃ ပေရှိ ကောက်ရိုး၊ နွားချေး၊ အသင့်သုံးနိုင်သော EM (Effective Microorganism)၊ ပလတ်စတစ်တို့ဖြင့် မြေဆွေးပုံပြုလုပ်နည်းအဆင့်ဆင့်တို့ကို ဆောင်ရွက်ကြကာ တောင်သူတစ်ဦးလျှင် ကောက်ရိုးမြေဆွေးပုံ တစ်ပုံစီ လက်တွေ့ပြုလုပ်ပြသခဲ့ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

# အရေးပေါ်ဖြစ်စဉ်များအား ဥပဒေနှင့်အညီဆောင်ရွက်ခြင်း ဆွေးနွေးပွဲကျင်းပ

**နွားထိုးကြီး ဇန်နဝါရီ ၂၆**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် အမှတ်(၅)ရပ်ကွက် အင်ကြင်းကမ္ဘာခန်းမ၌ သုခချမ်းသာနှင့် စိမ်းလန်းစိုပြည် (နွားထိုးကြီး)၏ သဘာဝဘေးအန္တရာယ် ကျရောက်မှုအတွက် ကူညီခြင်းနှင့် အရေးပေါ်ဖြစ်စဉ်များအား ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲ၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစန်းကျော်မိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က အမှာစကားပြောကြားပြီး ကင်ဆာကြောက်ရင် 'ပလတ်စတစ်နှင့် ဖော့ဘူးရှောင်' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေကိုလည်းကောင်း၊ သိမှတ်ဖွယ်ရာကလေးတို့၏ အခွင့်အရေးများအကြောင်းနှင့် ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း၊ သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများအကြောင်းကို လည်းကောင်း၊ ဆင်ခြေထောက် ရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မီးဘေးလုံခြုံရေးခေါင်းစဉ်ဖြင့် လည်းကောင်း တာဝန်ရှိသူများက ဟောပြောကြသည်။

ထို့နောက် အခြေခံ အသက်ကယ်အထောက်အကူပြုစုနည်းကို သုခချမ်းသာလူငယ် မောင်မယ်များနှင့် ပူးပေါင်းပြီးသရုပ်ပြ ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ငလျင်ဘေးအန္တရာယ်ကြုံပါက တုံ့ပြန်နိုင်ရန် ဇာတ်တိုက်လေ့ကျင့်

**ရန်ကုန် ဇန်နဝါရီ ၂၆**
စာသင်ကျောင်းများ ဘေးကင်းလုံခြုံရေး အစီအစဉ်အရ ဘေးအန္တရာယ်ကြုံတွေ့ပါက အရေးပေါ်အခြေအနေ တုံ့ပြန်နိုင်ရန်နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ လျော့ပါးသက်သာစေရန် ဆောင်ရွက်လျက်ရှိရာ ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခြင်းအစီအစဉ်ကို ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ် (၂)၌ ဇန်နဝါရီ ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းများစီမံချက် အကောင်အထည်ဖော်လျက်ရှိရာတွင် Plan International Myanmar အဖွဲ့အစည်းက ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန စသည့် သက်ဆိုင်ရာဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်တစ်ရပ်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ဆောင်ရွက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စာသင်ကျောင်းများ ဘေးကင်းလုံခြုံစေရန်နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးသက်သာစေရန်၊ ဘေးမဖြစ်မီ၊ ဖြစ်နေစဉ်၊ ဖြစ်ပြီးအချိန်များတွင် ကျောင်းသား ကျောင်းသူများအတွက် ဘေးကင်းလုံခြုံမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ မြှင့်တင်ပေးရန်တို့အတွက် အဓိက ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး စီမံချက်အလိုက် စာသင်ကျောင်းများ၌ ဇာတ်တိုက်လေ့ကျင့် ခြင်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများပေးခြင်း၊ စာသင်ကျောင်းများ ဘေးကင်းလုံခြုံရေး အထောက်အကူပစ္စည်းများ ထောက်ပံ့ခြင်း (ရှေးဦးပြုစု ရေးသေတ္တာ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများနှင့် ကြိုတင်သတိပေးရေးအထောက်အကူပြုပစ္စည်းများ)၊ မီးသတ်ဆေးဘူး၊ လေ့ကျင့်ခန်းစာအုပ်နှင့် Halmet များဖြန့်ဝေပေးခြင်းတို့ကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"ငလျင်ဘေးအန္တရာယ် ကြိုတင်သရုပ်ပြလေ့ကျင့်ခြင်းကို ရန်ကုန်မှာ ပထမဆုံးအကြိမ် ပြုလုပ်တာ ဖြစ်ပါတယ်။ ကလေးတွေရဲ့ အချိန်အများစုက စာသင်ကျောင်းမှာ ဖြစ်တဲ့အတွက် စာသင်ကျောင်းတွေ ဘေးကင်းလုံခြုံရေးက အဓိကကျပါတယ်။ ဘယ်လို ဘေးအန္တရာယ်တွေ ကြုံတွေ့ရနိုင်လဲ၊ ဘေးအန္တရာယ် ကြုံနေချိန်မှာ ဘယ်လိုလုပ်မလဲ။ ဒါတွေကို သင်တန်းတွေ၊ အသိပညာပေးတာတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်ပြီးဆောင်ရွက်နေပါတယ်။ အခု လှိုင်သာယာ အထက (၂)မှာ ငလျင်ဘေးနဲ့ပတ်သက်လို့ ကြိုတင်သရုပ်ပြလေ့ကျင့်ခြင်း အစီအစဉ်ပြီးရင် မြို့တွင်းမြို့နယ်မှာလည်း ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုတွေ လုပ်သွားပေးဖို့ရှိပါတယ်" ဟု Plan International Myanmar မှ စီမံကိန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

**စုနှင်းလဲ့**

# ပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်ရေး လုံခြုံရေးဂရုပြုဆောင်ရွက်



**ကန့်ဘလူ ဇန်နဝါရီ ၂၆**
အခြားတိုင်းဒေသကြီး၊ မြို့နယ် ကျေးရွာတို့၌ လက်နက်ကိုင်တပ်ဖွဲ့ဝင်တစ်ဦးဖမ်းဆီးရမိသည့် ဖြစ်ရပ်များကြောင့် စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ်တွင်လည်း အဆိုပါဖြစ်ရပ်မျိုးမဖြစ်ပွားစေရေးအတွက် ရပ်ကွက်၊ ကျေးရွာအဝင်အထွက် မောင်းတံဂိတ်များ၌ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ရပ်ကွက်၊ကျေးရွာများတွင် နေထိုင်ခြင်းမရှိသောလူစိမ်းများ ဝင်၊ ထွက်သွားလာမှု အခြေအနေများကို မြို့နယ်အတွင်းရှိ မြို့မရဲစခန်းများ၊ နယ်မြေရဲစခန်းများ၊ ရဲကင်းများက လှည့်ကင်း၊ ဝပ်ကင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးမြင့်ဇော်၏ ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၂၂ ရက် ည ၁၀ နာရီမှ ဇန်နဝါရီ ၂၃ ရက် နံနက် ၅ နာရီအထိ ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူး ဝင်းနိုင် ဦးဆောင်ကာ မြို့မရဲစခန်းမှ ဒုရဲအုပ်အောင်နိုင်မြင့်နှင့် တပ်ဖွဲ့ဝင်များ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးနှင့် အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ငန်းများ မိမိတို့နယ်မြေအတွင်း မဖြစ်ပွားစေရေးအတွက် လှည့်ကင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးဖွင့်

**မအူပင် ဇန်နဝါရီ ၂၆**
အစားအသောက်နှင့် ကွပ်ကဲရေးဦးစီးဌာနမှ မအူပင်ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခရိုင်ရုံးသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က ခရိုင်ရုံးသစ် အဆောက်အအုံရှေ့မျက်နှာစာ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မအူပင်ခရိုင်ရုံးသစ်အား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မြင့်၊ ခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ကျော်မြင့်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးရုံးသစ်ဖွင့်လှစ်နိုင်ခြင်းကြောင့် အများပြည်သူတို့၏အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန် နှင့်လူသုံးကုန်ပစ္စည်းများ အရည်အသွေးပြည့်မီရေးနှင့် ဘေးကင်းလုံခြုံရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဆုရအသင်းအား ဂုဏ်ပြု

**နေပြည်တော် ဇန်နဝါရီ ၂၆**
နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးဖလား အသက်(၂၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲကို ပြီးခဲ့သည့် ဒီဇင်ဘာလဒုတိယပတ်က ပျဉ်းမနားမြို့နယ် ပေါင်းလောင်း ပြည်သူပိုင်အားကစားကွင်း၌ ယှဉ်ပြိုင်ရာ ဆုရရှိသူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ပျဉ်းမနားမြို့ ပန်းခင်း(၂)ရပ်ရှိ ရွှေကမ္ဘာခန်းမ၌ ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဂုဏ်ပြုခံအားကစားသမားများအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲတွင် မြို့ပေါ်ရှိ ရပ်ကွက်ဘောလုံးအသင်း ၁၀ သင်းဝင်ရောက်ယှဉ်ပြိုင်ရာ ရွာကောက်ကျေးရွာမှ ပထမဆုရရှိပြီး ဒိုင်းဆုကို ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးထံသို့ အသင်းခေါင်းဆောင်နည်းပြနှင့် အားကစားသမားများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# (မွန်ပြည်နယ်)ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပပြီးစီး

**သထုံ ဇန်နဝါရီ ၂၆**
မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလား ရှမ်းကျေးရွာဘောလုံးကွင်း၌ ပအိုဝ်းအမျိုးသား အဖွဲ့ချုပ် (မွန်ပြည်နယ်)မှ ဦးဆောင်ကျင်းပသော ဖိတ်ခေါ်ဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီလတတိယပတ်က ကျင်းပခဲ့သည်။ ဒီဇင်ဘာ ၇ ရက်မှ စတင်၍ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းကို အုပ်စုလေးစုခွဲ၍ ယှဉ်ပြိုင် ကစားခဲ့ကြပြီး ဇန်နဝါရီ ၁၉ ရက်က ဗိုလ်လုပွဲကို ဒုံဝန်းကျေးရွာအသင်းနှင့် ကျောက်ရေတွင်းကျေးရွာ အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျောက်ရေတွင်း အသင်းက ဗိုလ်စွဲခဲ့သည်။

ဆုများကို ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (မွန် ပြည်နယ်)မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး အနိုင်ရ ဗိုလ်စွဲသွားသော ကျောက်ရေတွင်း ကျေးရွာဘောလုံးအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ယခုပြိုင်ပွဲသည် ပထမဦးဆုံးအကြိမ် ကျင်းပပေးခြင်းဖြစ်ပြီး ဆက်လက်၍ အားကစားပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ခွန်(ဝင်းပ)**

# မှုခင်းအသိပညာပေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၆**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်း၌ မှုခင်းအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။

မှုခင်းအသိပညာပေးဟောပြောပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးရာဇာဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ခင်မောင်ဦး၊ မြို့မရဲစခန်းမှူးဒုရဲမှူး မျိုးလွင်နှင့်အဖွဲ့တို့က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ အမျိုးသမီးငယ်များမုဒိမ်းပြုကျင့်မခံရစေရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ အရွယ်မရောက်ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်စောင့်ရှောက်ရေးနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ Community Based Policing ရပ်ကွက်အခြေပြု ရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အချိန်အဟုန် မြှင့်ဆောင်ရွက်နိုင်ရန်မှုခင်းအသိပညာပေးဟောပြောမှု ပြုလုပ်ခဲ့ရာရပ်ကွက်နေပြည်သူ ၁၀၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# မူလတန်းအဆင့် ပန်းချီနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**တပ်ကုန်း ဇန်နဝါရီ ၂၆**
နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးတို့ပူးပေါင်းစီစဉ်သည့် ပြည်ထောင်စုနေ့အကြိုအထိမ်းအမှတ်အဖြစ် မူလတန်းအဆင့် ပန်းချီနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ပြိုင်ပွဲသို့ မြို့ပေါ်ကျောင်းများရှိ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ပန်းချီပြိုင်ပွဲတွင် ၁၆ ဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ၁၇ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမင်းမွန်ဇံနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မေသုခ**

# လီဗာပူးကို ချယ်လ်ဆီး အနိုင်ရမှာလား

— ဝေမိုးဆက် —

ပရီမီယာလိဂ်ပွဲစဉ် (၂၃)ကိုလာမယ့် ဖေဖော်ဝါရီ ၁ ရက်၊ ၂ ရက်နေ့တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ ချယ်လ်ဆီးနဲ့ လီဗာပူးတို့ ပြန်လည်ဆုံတွေ့နေတာကြောင့် ချယ်လ်ဆီးအနေနဲ့ လက်ရှိအချိန်မှာ အကောင်းဆုံးခြေစွမ်းရရှိနေသလို လီဗာပူးကိုပထမအကျော့ ရှုံးကြွေးပြန်လည်ပေးဆပ်နိုင်မှာလားဆိုတာ စောင့်ကြည့်ချင်စရာဖြစ်နေပါတယ်။ ဒီပွဲစဉ်မှာ မန်ယူကတော့အိမ်ကွင်းမှာ ဟားလ်နဲ့သာ ရင်ဆိုင်ရမှာဖြစ်လို့နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေကာ စပါးကလည်းအဝေးကွင်းမှာ နိုင်ပွဲရယူသွားနိုင်ဖို့ ရှိနေပါတယ်။

## ဘုန်းမောက် VS ပဲလေ့စ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ပဲလေ့စ် | ၁ | ၁ | ဘုန်းမောက် |

ဘုန်းမောက်ဟာ နောက်ဆုံးအိမ်ကွင်းပွဲစဉ်မှာ ဝက်ဖို့ဒ်နဲ့ သရေကျခဲ့ရတဲ့အတွက် နိုင်ပွဲရရှိရေး ပြန်လည်အားစိုက်လာမှာပါ။ အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် ဘုန်းမောက်ရဲ့ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းအား ကောင်းမွန်မှုရှိပါတယ်။ ပဲလေ့စ်ကတော့ ရလဒ်ပိုင်းဆိုးရွားနေပြီး တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေမတည်ငြိမ်ပါဘူး။ ဒါကြောင့်ဒီပွဲမှာ အိမ်ကွင်းအားနဲ့ ဖိအားပေးလာမယ့် ဘုန်းမောက်ကသာ နိုင်ပွဲရယူသွားနိုင်ဖို့ ရှိနေပါတယ်။

## ဘန်လေ VS လက်စတာ

| | | | | |
|---|---|---|---|---|
| ပကျော့ | လက်စတာ | ၃ | ၀ | ဘန်လေ |

အမှတ်လိုအပ်မှုတွေများနေတဲ့ လက်စတာဟာ ရလဒ်ပိုင်းကောင်းမွန်ဖို့ အားစိုက်ကစားလာဖို့ရှိတယ်။ ဒါပေမယ့်လည်း ဘန်လေဟာ အိမ်ကွင်းကစားပုံကောင်းမွန်မှု အပြည့်ရှိတာကြောင့် ဒီပွဲမှာလည်း လက်စတာတို့အခက်အခဲတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာကစားပုံသိသိသာသာကောင်းမွန်တတ်တဲ့ ဘန်လေရဲ့ခံစစ်ပိုင်း ကစားအားကြောင့် လက်စတာတို့ရုန်းကန်ရနိုင်ကာ နိုင်ရင်တောင် ဂိုးမပြတ်နိုင်ဘူး။

## ဆန်းဒါးလန်း VS စပါး

| | | | | |
|---|---|---|---|---|
| ပကျော့ | စပါး | ၁ | ၀ | ဆန်းဒါးလန်း |

လက်ရှိအချိန်မှာ စပါးရဲ့ခြေစွမ်းပိုင်းက အကောင်းဆုံး အခြေအနေမှာရှိနေပါတယ်။ ထိပ်ဆုံးကချယ်လ်ဆီးအနေနဲ့လည်း လီဗာပူးနဲ့ ဆုံတွေ့နေရတာကြောင့် ဒီပွဲမှာစပါးတို့ မဖြစ်မနေအနိုင်ကစားသွားဖို့ရှိနေပါတယ်။ ဆန်းဒါးလန်းကတော့ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေ များလွန်းနေပါတယ်။ ဒါကြောင့်လည်း ဆန်းဒါးလန်းတို့ အိမ်ကွင်းအားရှိနေပေမယ့် စပါးကို ထိန်းချုပ်နိုင်ဖို့ခက်ခဲနေကာ စပါးကသာ နိုင်ပွဲရသွားဖို့ရှိနေပါတယ်။

## ဝက်စ်ဟမ်း VS မန်စီးတီး

| | | | | |
|---|---|---|---|---|
| ပကျော့ | မန်စီးတီး | ၃ | ၁ | ဝက်စ်ဟမ်း |

မန်စီးတီးဟာ စပါးကို အနိုင်မယူနိုင်ခဲ့တဲ့ အမှတ်တွေဆုံးရှုံးမှုများခဲ့တာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရရှိဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်းလက်ရှိအချိန်မှာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း နှစ်ပွဲဆက်အနိုင်ရလာခဲ့တဲ့ ဝက်စ်ဟမ်းခြေစွမ်းကလည်း ကောင်းမွန်မှုအပြည့်ရှိနေပါတယ်။ အထူးသဖြင့် ဝက်စ်ဟမ်းဟာအိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုမိုကောင်းမွန်တာမို့ မန်စီးတီးအနိုင်ရမယ်ဆိုရင် တောင်ဂိုးမပြတ်နိုင်ပါဘူး။

## ဆွမ်ဆီး VS ဆောက်သမ်တန်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဆောက်သမ်တန် | ၁ | ၀ | ဆွမ်ဆီး |

နောက်ဆုံးပွဲစဉ်မှာ လီဗာပူးကိုအနိုင်ရခဲ့တယ် ဆိုပေမယ့် လီဗာပူးခံစစ်အားနည်းမှုတွေကြောင့်သာ ဆွမ်ဆီးတို့ဂိုးတွေရခဲ့တာဖြစ်ပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်လို့ ဆွမ်ဆီးတို့အားစိုက်ကစားလာမှာဖြစ်ပေမယ့် ဆောက်သမ်တန်ရဲ့ ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုရှိပါတယ်။ ဒါကြောင့် ဆွမ်ဆီးတို့ ဒီပွဲစဉ်မှာလည်း ဂိုးရယူနိုင်ဖို့ အခက်အခဲတွေရှိလာနိုင်ပါတယ်။ ဆွမ်ဆီးကွင်းဖြစ်ပေမယ့် ဆောက်သမ်တန်တို့ အနိမ့်ဆုံးသရေရမယ်။

## မန်ယူ VS ဟားလ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဟားလ် | ၀ | ၁ | မန်ယူ |

ဒီရာသီမှာ ဟားလ်ဟာမန်ယူနဲ့တွေ့တိုင်း ရလဒ်ကောင်းဖို့ ရုန်းကန်ရလေ့ရှိပါတယ်။ ဟားလ်အနေနဲ့လက်ရှိအချိန်မှာလည်း ရမှတ်လိုအပ်နေတာကြောင့် အားစိုက်ကစားလာမှာဖြစ်ပေမယ့် မန်ယူကအိမ်ကွင်းအားနဲ့နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာသေချာနေတယ်။ ဒါကြောင့်လည်း ဟားလ်တို့ရလဒ်ကောင်းဖို့ရုန်းကန်ရနိုင်ပါတယ်။ အိမ်ကွင်းပွဲတွေမှာခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်တဲ့ မန်ယူကသာနိုင်ပွဲ ပြန်လည်ရယူနိုင်မှာပါ။

## အာဆင်နယ် VS ဝက်ဖို့ဒ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဝက်ဖို့ဒ် | ၁ | ၃ | အာဆင်နယ် |

အာဆင်နယ်ဟာ အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် နိုင်ပွဲရရှိရေးအတွက် အားစိုက်ကစားလာဖို့ သေချာနေသလို အသင်းလိုက်ကစားပုံနဲ့ တိုက်စစ်ပိုင်းကလည်း တည်ငြိမ်မှုရှိနေတယ်။ ဝက်ဖို့ဒ်ကတော့အဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတက်ပါဘူး။ အထူးသဖြင့် အဝေးကွင်းမှာ ခံစစ်အားနည်းမှုတွေ များလွန်းနေပါတယ်။ အိမ်ကွင်းအားနဲ့ပါ ဖိအားပေးလာမယ့် အာဆင်နယ်ကသာအိမ်ကွင်း နိုင်ပွဲရရှိသွားဖို့ရှိတယ်။

## မစ်ဒယ်ဘရော့ VS ဝက်စ်ဘရွန်း

| | | | | |
|---|---|---|---|---|
| ပကျော့ | ဝက်စ်ဘရွန်း | ၀ | ၀ | မစ်ဒယ်ဘရော့ |

ဝက်စ်ဘရွန်းဟာ နောက်ဆုံးအိမ်ကွင်းပွဲမှာ ဆန်းဒါးလန်းကိုအနိုင်ကစားနိုင်ခဲ့ပြီး အိမ်ကွင်းကစားပုံကောင်းမွန်မှုရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း ဝက်စ်ဘရွန်းဟာ အဝေးကွင်းပွဲစဉ်တွေမှာတော့ ခြေစွမ်းပိုင်းက ကျဆင်းမှုတွေရှိတက်ပြီး ခံစစ်ပိုင်းလည်းအားနည်းတတ်တယ်။ အထူးသဖြင့် မစ်ဒယ်ဘရော့ဟာ ဝက်စ်ဟမ်းကို အရေးနိမ့်ခဲ့တာကြောင့် အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရယူနိုင်ရေး အားစိုက်လာဖို့ရှိနေပါတယ်။ ဝက်စ်ဘရွန်းသရေလောက်ပဲ ကစားနိုင်မယ်။

## လီဗာပူး VS ချယ်လ်ဆီး

| | | | | |
|---|---|---|---|---|
| ပကျော့ | ချယ်လ်ဆီး | ၁ | ၂ | လီဗာပူး |

လီဗာပူးဟာဆွမ်ဆီးကိုမထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ရေး အားစိုက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့်လည်း အခုနောက်ပိုင်းမှာလီဗာပူးရဲ့ကစားပုံဟာ အားနည်းမှုအချို့ ရှိလာတာတွေ့ရတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက စိတ်ချရမှုမရှိပါဘူး။ ဒါ့အပြင် ချယ်လ်ဆီး ကလည်းလက်ရှိအချိန်မှာ အကောင်းဆုံး ခြေစွမ်းကိုရရှိနေတာကြောင့် အိမ်ကွင်းမှာ လီဗာပူးတို့ သရေလောက်ပဲ ကစားနိုင်ဖို့ရှိနေပါတယ်။

## စတုတ် VS အဲဗာတန်

| | | | | |
|---|---|---|---|---|
| ပကျော့ | အဲဗာတန် | ၁ | ၀ | စတုတ် |

ပရီမီယာလိဂ်ပြိုင်ပွဲမှာ သုံးပွဲဆက်တိုက် အနိုင်ရရှိခဲ့ပြီး အဲဗာတန်ဟာ ခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်နေပါတယ်။ ဆောက်သမ်တန်၊ မန်စီးတီးတို့ကိုတောင် ဂိုးပြတ်တွေနဲ့ အနိုင်ရယူနိုင်ခဲ့ပြီး ပဲလေ့စ်ကိုလည်း အဝေးကွင်းမှာ အနိုင်ရခဲ့တာဖြစ်ပါတယ်။ စတုတ်ကတော့ မန်ယူနဲ့ ကစားခဲ့တဲ့ပွဲစဉ်မှာ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့သလို အိမ်ကွင်းပွဲစဉ်တွေမှာလည်း ခြေစွမ်းပိုမိုတည်ငြိမ်တက်ပါတယ်။ ဒါကြောင့်လည်း သရေကျသွားဖို့များတယ်။

## ပရီမီယာလိဂ်ပွဲစဉ်(၂၃)

**အင်္ဂါနေ့ (၃၁-၁-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၁၅ | ဘုန်းမောက် | - | ပဲလေ့စ် |
| နံနက် ၂း၁၅ | အာဆင်နယ် | - | ဝက်ဖို့ဒ် |
| နံနက် ၂း၁၅ | ဘန်လေ | - | လက်စတာ |
| နံနက် ၂း၁၅ | မစ်ဒယ်ဘရော့ | - | ဝက်စ်ဘရွန်း |
| နံနက် ၂း၁၅ | ဆန်းဒါးလန်း | - | စပါး |
| နံနက် ၂း၁၅ | ဆွမ်ဆီး | - | ဆောက်သမ်တန် |
| နံနက် ၂း၃၀ | လီဗာပူး | - | ချယ်လ်ဆီး |

**ဗုဒ္ဓဟူးနေ့ (၁-၂-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၁၅ | ဝက်စ်ဟမ်း | - | မန်စီးတီး |
| နံနက် ၂း၃၀ | မန်ယူ | - | ဟားလ် |
| နံနက် ၂း၃၀ | စတုတ် | - | အဲဗာတန် |

## စပိန်လာလီဂါပွဲစဉ်(၂၀)

**သောကြာနေ့ (၂၇-၁-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၁၅ | အိုဆာဆူနာ | - | မာလာဂါ |

**စနေနေ့ (၂၈-၁-၁၇)**

| | | | |
|---|---|---|---|
| ည ၆း၃၀ | ဗီလာရီးရဲ | - | ဂရန်နာဒါ |
| ည ၉း၄၅ | အလာဗက်စ် | - | အက်သလက် |
| နံနက် ၀၀း၀၀ | အီဘာ | - | ဒီပို့တီဗို |
| နံနက် ၂း၁၅ | လီဂါနက်စ် | - | ဆယ်တာဗီဂို |

**တနင်္ဂနွေနေ့ (၂၉-၁-၁၇)**

| | | | |
|---|---|---|---|
| ည ၅း၃၀ | ဘက်တစ် | - | ဘာစီလိုနာ |
| ည ၉း၄၅ | အက်စ်ပန်ညို | - | ဆီဗီလာ |
| နံနက် ၀၀း၀၀ | ဘီဘာအို | - | ဂီဂျွန် |
| နံနက် ၂း၁၅ | ရီးရဲ | - | ဆိုစီဒက် |

**တနင်္လာနေ့ (၃၀-၁-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၁၅ | လက်စ်ပဲလ်မက်စ် | - | ဗလင်စီယာ |

## စီးရီးအေပွဲစဉ်(၂၂)

**စနေနေ့ (၂၇-၁-၁၇)**

| | | | |
|---|---|---|---|
| ည ၁၁း၃၀ | လာဇီယို | - | ချီယေဗို |
| နံနက် ၂း၁၅ | အင်တာ | - | ပက်စ်ကာရာ |

**တနင်္ဂနွေနေ့ (၂၈-၁-၁၇)**

| | | | |
|---|---|---|---|
| ည ၆း၀၀ | တိုရီနို | - | အတ္တလန္တာ |
| ည ၈း၃၀ | ကယ်ဂလီယာရီ | - | ဘိုလော့ဂ်နာ |
| ည ၈း၃၀ | ခရိုတိုနီ | - | အမ်ပိုလီ |
| ည ၈း၃၀ | ဖီယိုရင်တီနာ | - | ဂျီနိုအာ |
| ည ၈း၃၀ | ဆက်ဆူအိုလို | - | ဂျူဗင်တပ်စ် |
| ည ၈း၃၀ | အူဒီးနိစ် | - | အေစီမီလန် |
| ည ၈း၃၀ | ဆမ်ဒိုးရီးယား | - | ရိုးမား |
| နံနက် ၂း၁၅ | နာပိုလီ | - | ပါလာမို |

## ပြင်သစ်ပထမတန်းပွဲစဉ်(၂၂)

**သောကြာနေ့ (၂၇-၁-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၁၅ | မာဆေး | - | မောင့်ပယ်လီယာ |

**စနေနေ့ (၂၈-၁-၁၇)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | လိုင်ယွန် | - | လေလီ |
| နံနက် ၁း၃၀ | နန်စီ | - | ဘော်ဒိုး |
| နံနက် ၁း၃၀ | လောရီယင့် | - | ဒီဂျွန် |
| နံနက် ၁း၃၀ | ဘက်စတီယာ | - | ကိန်း |
| နံနက် ၁း၃၀ | အန်ဂျာစ် | - | မက်ဇ် |
| နံနက် ၁း၃၀ | ရိန်းစ် | - | နန့်စ် |

**တနင်္ဂနွေနေ့ (၂၉-၁-၁၇)**

| | | | |
|---|---|---|---|
| ည ၈း၃၀ | နိုက်စ် | - | ဂူအင်ဂမ့် |
| ည ၁၀း၃၀ | တူးလောက်စ် | - | စိန့်အေတီယန် |
| နံနက် ၂း၃၀ | ပီအက်စ်ဂျီ | - | မိုနာကို |

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၈)

**သောကြာနေ့ (၂၇-၁-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၀၀ | ရှော်လ်ကေး | - | ဖရန့်ဖွတ် |

**စနေနေ့ (၂၈-၁-၁၇)**

| | | | |
|---|---|---|---|
| ည ၉း၀၀ | ဝုဖ်ဘတ် | - | အော့ဘတ် |
| ည ၉း၀၀ | အင်ဂိုစတတ် | - | ဟမ်းဘတ် |
| ည ၉း၀၀ | ဝါဒါဘရီမင် | - | ဘိုင်ယန် |
| ည ၉း၀၀ | ဒရမ်စတတ် | - | ကိုလုံး |
| ည ၉း၀၀ | လိုက်ပဇစ် | - | ဟော့ဖန်ဟိန်း |
| နံနက် ၀၀း၀၀ | လေဗာကူဆင် | - | ဂလာဘတ်ချ် |

**တနင်္ဂနွေနေ့ (၂၉-၁-၁၇)**

| | | | |
|---|---|---|---|
| ည ၉း၀၀ | ဖရိုင်းဘတ် | - | ဟာသာဘာလင် |
| ည ၁၁း၀၀ | မိန့်ဇ် | - | ဒေါ့မွန် |

## အက်ဖ်အေဖလား

**သောကြာနေ့ (၂၇-၁-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၂း၁၅ | ဒါဘီ | - | လက်စတာ |

**စနေနေ့ (၂၈-၁-၁၇)**

| | | | |
|---|---|---|---|
| ည ၇း၀၀ | လီဗာပူး | - | ဝုဖ်ဗာဟမ်တန် |
| ည ၉း၃၀ | စပါး | - | ဝိုင်ကွန်ဘီ |
| ည ၉း၃၀ | အောက်စဖို့ဒ် | - | နယူးကာဆယ် |
| ည ၉း၃၀ | လင်ကွန်းစီးတီး | - | ဘရိုက်တန် |
| ည ၉း၃၀ | ချယ်လ်ဆီး | - | ဘရန့်ဖို့ဒ် |
| ည ၉း၃၀ | ရိုချာဒဲလ် | - | ဟက်ဒါဖီးလ် |
| ည ၉း၃၀ | ဘန်လေ | - | ဘရစ္စတိုးလ် |
| ည ၉း၃၀ | ဘလက်ဘန်း | - | ဘလက်ပူးလ် |
| ည ၉း၃၀ | မစ်ဒယ်ဘရော့ | - | အက်သရင်တန် |
| ည ၉း၃၀ | ခရစ္စတဲလ်ပဲလေ့စ် | - | မန်စီးတီး |
| နံနက် ၀၀း၀၀ | ဆောက်သမ်တန် | - | အာဆင်နယ် |

**တနင်္ဂနွေနေ့ (၂၉-၁-၁၇)**

| | | | |
|---|---|---|---|
| ည ၆း၃၀ | မီလ်ဝေါလ် | - | ဝက်ဖို့ဒ် |
| ည ၇း၀၀ | ဖူလ်ဟမ် | - | ဟားလ်စီးတီး |
| ည ၈း၃၀ | ဆက်တန် | - | လိဒ်စ်ယူနိုက်တက် |
| ည ၁၀း၃၀ | မန်ယူ | - | ဝီဂန် |

**ပြီး**ခဲ့တဲ့အပတ်အတွင်း လူတိုင်းသတိထားမိလိုက်တဲ့ပွဲစဉ်ကတော့ လီဗာပူးအသင်းဟာ အိမ်ကွင်းမှာ ဆွမ်ဆီးအသင်းကို ၂-၃ နဲ့ ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်လို့ ပြောရမှာပါ။ ဖြစ်နိုင်တဲ့တွက်ချက်မှုတွေအရပြောရမယ်ဆိုရင်တော့ ဒီပွဲဟာလီဗာပူးအသင်းရဲ့ ဆုဖလားမျှော်လင့်ချက်တွေ ပျက်သုဥ်းခဲ့တဲ့ ပွဲလို့တောင် ကြီးကြီး ကျယ်ကျယ်ပြောရမလိုပါပဲ။ ဒါပေမယ့်လည်း လီဗာပူးအသင်းအနေနဲ့ ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့ထိပ်ဆုံးမှာရှိနေတဲ့ ချယ်လ်ဆီးအသင်းနဲ့ ရမှတ်ကွာဟမှုက ၁၀ မှတ်ရှိတာကြောင့် အများကြီးကို ကွာဟတယ်လို့တော့မဆိုနိုင်ဘူး။ ဒါပေမယ့် လီဗာပူးအသင်းရဲ့ ခံစစ်ပိုင်းနဲ့ ဂိုးသမားတွေကတော့ သိပ်မကောင်းတာ အမှန်ပါပဲ။ ဒါပေမယ့်အကောင်းဘက်က ပြောရမယ်ဆိုရင်တော့ တိုက်စစ်မှူး ဗာမီနိုရဲ့ခြေစွမ်းတွေကတော့ အားရစရာကောင်းလှသေးတယ်လို့ဆိုရမယ်။

# လီဗာပူးချန်ပီယံမျှော်လင့်ချက်အတွက် အသက်ဆက်စေမယ့် တိုက်စစ်မှူး ဗာမီနို

**အောင်က**



| ယခုနှစ်ရာသီအတွင်း ပရီမီယာလိဂ်၏ အဓိကဘောလုံးပေးပို့နိုင်သူများ | | |
|---|---|---|
| ကစားသမား | အသင်း | အဓိပေးပို့နိုင်မှု |
| ဆန်းချက်ဇ် | အာဆင်နယ် | ၅၈ကြိမ် |
| ဗာမီနို | လီဗာပူး | ၄၅ကြိမ် |
| ဒီဘရူနီ | မန်စီးတီး | ၄၅ကြိမ် |
| အဲရစ်ဆင် | စပါး | ၄၂ကြိမ် |
| အိုဇေးလ် | အာဆင်နယ် | ၄၁ကြိမ် |

## လီဗာပူးရဲ့အခြေအနေ

လီဗာပူးအသင်းဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ် ၂၂ပွဲကစား ပြီးပြီးလို့ ပြောရမယ်။ ၂၂ ပွဲကစားပြီးချိန်မှာ ပေးဂိုးအနေနဲ့ ၂၇ ဂိုးပေးထားရပြီး ရဂိုးကတော့ ၅၁ ဂိုးအထိ ရရှိထားတယ်။ ဒါကြောင့် ပေးဂိုးများသလို ရဂိုးလည်းများနေတဲ့ အသင်းလို့ ပြောရမယ်။ ဒါကြောင့် အခုအတိုင်းသာ ဆက်လက်သွားမယ်ဆိုရင်တော့ ရာသီကုန်ရင် လီဗာပူးအသင်းနေနဲ့ ပေးဂိုးဟာ ၄၇ ဂိုး လောက်အထိရောက်ရှိ သွားနိုင်တဲ့အခြေအနေမှာ ရှိနေတယ်လို့တော့ပြောရမယ်။ ဒါကြောင့်လည်း လီဗာပူးအသင်းအနေနဲ့ ချန်ပီယံဖြစ်ရေးကတော့ သံသယဖြစ်ဖွယ်ရှိနေပြီလို့ဆိုရမှာလည်း ဖြစ်ပါတယ်။ ပရီမီယာလိဂ်ရဲ့သမိုင်းကြောင်းကို ကြည့်မယ်ဆိုရင်လည်း ချန်ပီယံဖြစ်တဲ့ အသင်းတွေရဲ့ပေးဂိုးဟာ အများဆုံးဂိုး ၄၀ သာရှိတာကို တွေ့ရမှာပါ။ ဒါပေမယ့် ခြွင်းချက်အနေနဲ့ တစ်ခါတစ်ရံမှာတော့ ၄၃ ဂိုးလောက်မှာ ချန်ပီယံဖြစ်သွားတာတော့ ရှိပါတယ်။ ဒါကြောင့် ပေးဂိုးများပြီဆိုရင်တော့ ချန်ပီယံဖြစ်ခွင့်ဟာ လွဲချော်ဖို့ရှိနေတယ်လို့ တောင် ပြောရမယ်။

## လီဗာပူးအသင်းပြင်ဆင်မှု

ဒါပေမယ့် လီဗာပူးအသင်းအနေနဲ့ ဇန်နဝါရီ စျေးကွက်အတွင်း ခံစစ်အင်အားကို အကောင်းဆုံး ဖြည့်တင်းနိုင်ခဲ့မယ်ဆိုရင်တော့ လီဗာပူးအသင်းရဲ့အောင်မြင်မှုမျှော်လင့်ချက်တွေက တောက်ပလာတယ်လို့ ပြောရဦးမှာပါ။ ဒါ့အပြင် ပရီမီယာလိဂ်မှာက တန်းဆင်း ဇုန်နားကပ်ခဲ့တဲ့ လက်စတာလို အသင်းတောင် နောက်ရာသီမှာ ချန်ပီယံဖြစ်ခဲ့တဲ့ သာဓကက အထင်အရှား ရှိနေတာကြောင့် လီဗာပူးအသင်းအတွက် ချန်ပီယံမျှော်လင့်ချက်ကတော့ မမှေးမှိန်သေးဘူးလို့ ဆိုရမယ်။ ဒါ့အပြင် အဲဒီလို အခြေအနေတွေထဲမှာမှ လီဗာပူးအသင်းအတွက် ချန်ပီယံမျှော်လင့်ချက်ကို အရောင်တင်ပေးနိုင်သူကတော့ တိုက်စစ်မှူး ဗာမီနိုလို့ ပြောရမှာပါ။

## ဗာမီနိုရဲ့ခြေစွမ်း

တိုက်စစ်မှူး ဗာမီနိုဟာ လီဗာပူးအသင်းမှာ နိုင်တယ်။ ဒါ့အပြင် လီဗာပူးအသင်းမှာက ထိပ်တန်းဂိုးသမား နှစ်ဦးတောင်ရှိတယ်။ဒါကြောင့် အသင်းရဲ့ဂိုးပေါက်အတွက် အကောင်းဆုံးဖြေရှင်း နိုင်တယ်။ ဒါကြောင့်လည်း လီဗာပူးအသင်း အတွက်တော့ အောင်မြင်မှုတွေ ရရှိဖို့ဟာ အပေါင်း လက္ခဏာဆန်တဲ့အခြေအနေတွေကို တွေ့ရတော့ false nine လို့ ပြောလို့ရတဲ့ တိုက်စစ်မှူး တစ်ဦး ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ဗာမီနို လိုပဲ false nine ကစားသမား တွေလို့ပြောလို့ရတဲ့ ပရီမီယာလိဂ် ကစားသမားတွေကတော့ အာဆင်နယ်အသင်းမှာဆိုရင် ဆန်းချက်ဇ်၊ ဆောက်သမ်တန်အသင်းမှာဆိုရင်တော့ ရက်မွန်၊စပါးအသင်းမှာဆိုရင် ဆွန်ဟောင်မင်နဲ့ ဝက်စ်ဟမ်းအသင်းတို့မှာတော့ အန်တိုနီယိုတို့ဖြစ်ပါတယ်။ ဒါပေမယ့် ဗာမီနိုဟာ ပြီးခဲ့တဲ့ရာသီကတော့ မန်နေဂျာရော်ဂျာရဲ့လက် အောက်မှာတော့ ၃၁ ပွဲပါဝင်ကစားခွင့် ရရှိခဲ့ပေမယ့် ပွဲထွက်ကစားသမား အဖြစ် ၂၄ ပွဲသာ ပါဝင်ကစားခွင့် ရရှိခဲ့ပါတယ်။ သူဟာ ၁၀ ဂိုးသွင်းယူပေးပြီး ဂိုးရရှိဖို့ ခုနစ်ကြိမ်တိုင် ကူညီပေးခဲ့ပေမယ့် အသားကျမှုမရှိခဲ့တာကတော့ အမှန်ပါပဲ။ ဒါပေမယ့် ဒီနှစ်ရာသီမှာတော့ မန်နေဂျာဂျာဂျင်ကလော့အသင်းကို ရောက်ရှိခဲ့ပြီးနောက်ပိုင်းမှာတော့ ဗာမီနိုဟာ အသင်းမှာပိုမိုအသားကျ ကစားလာနိုင်တာကို တွေ့ရပါတယ်။ ဒါ့အပြင် တိုက်စစ်ပိုင်းအတွက်လည်း ပိုမိုတောင့်တင်းစွာ ကစားနိုင်တာကိုတော့ မြင်ရပါတယ်။ ဒါ့အပြင် ဒီနှစ်ပရီမီယာလိဂ် ကစားသမားတွေထဲမှာ ဆိုရင်လည်း ဗာမီနိုဟာအဓိကဘောလုံးပေးပို့မှု ၄၅ ကြိမ်အထိ ပေးပို့ထားနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး အာဆင်နယ်တိုက်စစ်မှူးဆန်းချက်ဇ်ပြီးရင် ဒုတိယမြောက် အဓိကဘောလုံးပေးပို့မှုအများဆုံး ကစားသမားလို့ပြောရမှာပါ။ ဒါ့အပြင် ဘောလုံးဆွဲပြေးနိုင်မှုနဲ့ဖြတ်ထုတ်လုယူနိုင်မှုတွေမှာလည်း ပြီးခဲ့တဲ့ရာသီကထက် ပိုမိုကောင်းမွန်လာတာကိုတော့ တွေ့ရပါတယ်။

ဒါကြောင့် လက်ရှိအချိန်မှာ ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့အဆင့် ၄ နေရာမှာရှိနေတဲ့ လီဗာပူးအသင်းအတွက်တော့ ချန်ပီယံဖြစ်ရေးဟာအသင်းရဲ့ ခံစစ်ပိုင်းနဲ့ သက်ဆိုင်သလို ဗာမီနိုရဲ့ ခြေစွမ်းတွေနဲ့လည်း တိုက်ရိုက်သက်ဆိုင်တယ်လို့လည်း ပြောရမှာပါ။ ဒါကြောင့် လီဗာပူးအသင်းရဲ့ ချန်ပီယံမျှော်လင့်ချက်အတွက်တော့ အသက်ဆက်စေမယ့် တိုက်စစ်မှူး ဗာမီနိုလို့သာ ပြောရမှာ ဖြစ်ပါတယ်။



**ဗာမီနိုဟာ ပြီးခဲ့တဲ့ရာသီကတော့ မန်နေဂျာရော်ဂျာရဲ့ လက်အောက်မှာတော့ ၃၁ ပွဲ ပါဝင်ကစားခွင့် ရရှိခဲ့ပေမယ့် ပွဲထွက်ကစားသမားအဖြစ် ၂၄ ပွဲသာ ပါဝင်ကစားခွင့် ရရှိခဲ့ပါတယ်။ သူဟာ ၁၀ ဂိုးသွင်း ယူပေးပြီး ဂိုးရရှိဖို့ ခုနစ်ကြိမ်တိုင် ကူညီပေးခဲ့ပေမယ့် အသားကျမှုမရှိခဲ့တာကတော့ အမှန်ပါပဲ။ ဒါပေမယ့် ဒီနှစ်ရာသီ မှာတော့ မန်နေဂျာ ဂျာဂျင်ကလော့အသင်းကို ရောက်ရှိခဲ့ပြီးနောက်ပိုင်းမှာတော့ ဗာမီနိုဟာအသင်းမှာ ပိုမိုအသားကျကစားလာနိုင်တာကို တွေ့ရပါတယ်။**

| ဗာမီနိုရဲ့စွမ်းဆောင်မှု | | | | | |
|---|---|---|---|---|---|
| ခုနှစ် | ပွဲ | ဂိုး | ပံ့ပိုးမှု | အဓိကပေးပို့မှု(တစ်ပွဲ) | လုယူမှု(တစ်ပွဲ) |
| ၂၀၁၅-၁၆ | ၃၂ | ၁၀ | ၇ | ၁.၆ | ၀.၅ |
| ၂၀၁၆-၁၇ | ၂၁ | ၈ | ၃ | ၂.၂ | ၀.၉ |

# ရွှန်နေးသည် ထိုက်တန်သည့် အသိအမှတ်ပြုမှု မခံရကြောင်း အီဘရာဟီမိုဗစ် ဝေဖန်

အင်္ဂလန်နှင့် မန်ယူအသင်း တိုက်စစ်မှူး ဝိန်းရွှန်နေးသည် အင်္ဂလန်ဘောလုံးလောကတွင် ထိုက်တန်သည့် အသိအမှတ်ပြုမှုမရရှိကြောင်း မန်ယူအသင်းကစားဖော် တိုက်စစ်မှူး အီဘရာဟီမိုဗစ်က ဝေဖန်ပြောဆိုလိုက်သည်။



ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်က "ဝိန်း ရွှန်နေးဟာ ပြီးပြည့်စုံတဲ့ ကစားသမားပါ။ သူဟာ ကွင်းပြင်ပမှာ စစ်မှန်တဲ့ ဦးဆောင်သူ တစ်ဦး ဖြစ်သလို ကွင်းထဲမှာ ဆိုရင်လည်း ပြည့်စုံတဲ့ကစားသမား ဖြစ်ပါတယ်။ သူဟာ အသင်းဖော်တွေကို အကောင်းဆုံး ကူညီပေး နိုင်သလို စွမ်းရည်ကောင်းတွေလည်း ရှိသူပါ။ ရွှန်နေးက ဘယ်လို ဂိုးသွင်းယူရမယ်၊ ဘယ်လို ဂိုးသွင်းခွင့် ဖန်တီးပေးရမလဲ ဆိုတာကို သိရှိ နားလည်သူ ဖြစ်ပါတယ်။ ဒါ့အပြင် သူဟာ အလုပ်ကို ပြင်းပြင်း ထန်ထန် ကြိုးစားပြီး ကောင်းမွန်တဲ့စိတ်ထားကိုလည်း ပိုင်ဆိုင်ထားတယ်။ ရွှန်နေးဟာ ဘယ်လိုကစားသမားမျိုးလဲဆိုတာကို လူတိုင်းသိပါတယ်။ ဒါပေမယ့် အင်္ဂလန်မှာ ရွှန်နေးဟာ သူနဲ့ ထိုက်တန်တဲ့ အသိအမှတ်ပြုမှုမျိုးခံရခြင်း မရှိပါဘူး။ အင်္ဂလန် ဘောလုံးလောကမှာ ရွှန်နေးလို တိုက်စစ်မှူးမျိုးလက်ရှိအချိန်မှာ မရှိဘူး။ မန်ယူအသင်းအတွက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရွှန်နေး ရပ်တည်နိုင်ခဲ့တဲ့အတွက် ကျွန်တော်ဝမ်းသာပါတယ်။ ရွှန်နေးနဲ့အတူ တွဲဖက်ကစားခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိတယ်။ ရွှန်နေးအနေနဲ့ လက်ရှိပုံစံအတိုင်း ရှေ့ဆက်နိုင်လိမ့်ဦးမယ်လို့ မျှော်လင့်တယ်"ဟု အီဘရာဟီမိုဗစ်က ပြောဆိုခဲ့သည်။ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ပုံမှန်ပွဲထွက်ခွင့် ဆုံးရှုံးနေရသူ ရွှန်နေးသည် မန်ယူအတွက် စုစုပေါင်း ၂၆ ပွဲ ပါဝင်ကစားထားကာ ငါးဂိုး သွင်းယူပေးထားသူဖြစ်သည်။

# ဘတ်စကွက်၏နေရာတွင် အစားထိုးရန် ခက်ခဲကြောင်း ဘာစီလိုနာအသင်းဖော် ဆွာရက်ဇ် ပြောဆို

ဘာစီလိုနာအသင်းအနေဖြင့် ကွင်းလယ်ခံစစ်ကစားသမား ဆာဂျီယို ဘတ်စကွက်၏နေရာတွင် အစားထိုးရန် ခက်ခဲနိုင်ကြောင်း ဘာစီလိုနာတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်က ထုတ်ဖော်ပြောဆိုလိုက်သည်။



စပိန်ကစားသမား ဘတ်စကွက်သည် ပြီးခဲ့သည့် ဇန်နဝါရီ ၂၃ ရက်၌ ဘာစီလိုနာအသင်းက အဝေးကွင်းတွင် အီဘာ အသင်းအား လေးဂိုး- ဂိုး မရှိဖြင့် အနိုင်ရရှိခဲ့သော စပိန်လီဂါ ပွဲစဉ်၌ ပွဲချိန် ၁၀ မိနစ်၌ပင် အီဘာ ကွင်းလယ်ကစားသမား အက်စ်ကာလန်တီ၏ ဟန့်တားကစားပုံကြောင့် ညာဘက် ခြေကျင်းဝတ် ဒဏ်ရာ ရရှိသွားခဲ့ပြီး လူစားလဲခြင်း ခံခဲ့ရသည်။ အဆိုပါ ဒဏ်ရာကြောင့် သီတင်းပတ် နှစ်ပတ်ကြာ အနားယူရမည်ဖြစ်ကြောင်း ဘာစီလိုနာ အသင်းက အတည်ပြု သတင်းထုတ်ပြန်ခဲ့သည်။ ဘက်စကွက် (၂၈နှစ်) သည် ဒဏ်ရာကြောင့် ဘက်တစ်၊ ဘီဘာအိုတို့နှင့် ကစားမည့် စပိန်လာလီဂါပွဲစဉ်များကို လွဲချော်ရမည်ဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၅ ရက်တွင် ဘာစီလိုနာအသင်းက အဝေးကွင်း၌ ပီအက်စ်ဂျီအသင်းနှင့် ရင်ဆိုင်ရမည့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ ပွဲစဉ်တွင်မူ ပြန်လည်ပါဝင်နိုင်မည်ဖြစ်သည်။ တိုက်စစ်မှူး ဆွာရက်ဇ်က "ဘတ်စကွက်ဟာ အသင်းမှာ အလွန်အရေးပါတဲ့ ကစားဖော်တစ်ဦးဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ သိရှိနားလည်ထားပါတယ်။ သူဟာ ဘောလုံးကို ထိန်းချုပ်နိုင်ရေးမှာ ကျွန်တော်တို့ကို အများကြီး ကူညီပေးနိုင်သူပါ။ ဘတ်စကွက် ပါဝင်နိုင်မှုမရှိခြင်းဟာ အင်နီယေစတာ မပါဝင်နိုင်သလိုအသင်းအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုဖြစ်ပါတယ်။ အင်နီယေစတာ၊ ဘတ်စကွက်တို့လို ကစားသမားတွေနေရာမှာ အစားထိုးဖို့ အလွန်ခက်ခဲပါတယ်။ ဒါပေမယ့် ဘာစီလိုနာအသင်းမှာ ရှေ့ဆက်နိုင်ဖို့ လုံလောက်တဲ့ကစားသမား စုဖွဲ့မှုရှိနေပါတယ်"ဟု ပြောဆိုခဲ့သည်။

# နေမာသည် Ballon d'Or ဆုရယူနိုင်လိမ့်မည်ဟု နည်းပြ စကိုလာရီ ပြောဆို

စပိန်ကလပ် ဘာစီလိုနာအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာသည် အနာဂတ်တွင် Ballon d'Or ဆု ရရှိသူဖြစ်လာလိမ့်မည်ဟု ဘရာဇီးလက်ရွေးစင်အသင်း နည်းပြဟောင်း စကိုလာရီက ထုတ်ဖော်ပြောဆိုလိုက်သည်။



အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး နေမာသည် ၂၀၁၅ ခုနှစ် FIFA Ballon d'Or ဆုအတွက် နောက်ဆုံး ဆန်ခါတင်ကစားသမား သုံးဦး စာရင်းတွင် ရော်နယ်ဒို၊ မက်ဆီတို့နှင့်အတူ ပါဝင်ခဲ့ကာ တတိယနေရာတွင် ရပ်တည်ခဲ့သူဖြစ်သည်။

တရုတ်ကလပ် ဂေါင်ဇူး အဲဗားဂရန်ဒီ အသင်း နည်းပြအဖြစ် တာဝန်ယူနေသူ နည်းပြစကိုလာရီက "နေမာဟာ Ballon d'Or ဆု ဆွတ်ခူးနိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ထားပါတယ်။ဒါပေမယ့် ချက်ချင်းတော့ ဖြစ်လာမှာမဟုတ်ဘူး။ ရော်နယ်ဒိုနဲ့ မက်ဆီတို့က ဒီဆုအတွက် ဆက်ပြီး အားပြိုင်နေကြ ဦးမှာပါ။ ဒါပေမယ့် နောက်ထပ်နှစ်နှစ်လောက်ကြာချိန်မှာတော့ နေမာဟာ ရော်နယ်ဒိုနဲ့ မက်ဆီတို့ရဲ့နေရာကို လွှဲပြောင်းရယူနိုင်ပါလိမ့်မယ်။ နေမာဟာ ပါရမီရှင်ကစားသမားပါ"ဟု ပြောဆိုခဲ့သည်။ တိုက်စစ်မှူး နေမာသည် ယခုနှစ် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းအတွက် စုစုပေါင်း ၂၃ ပွဲ ပါဝင်ကစားထားကာ ကိုးဂိုးသွင်းယူပေးထားသူဖြစ်သည်။ ၂၀၁၆ ခုနှစ် Ballon d'Or ဆုအား ရီးရဲမက်ဒရစ်နှင့် ပေါ်တူဂီကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုက ရရှိခဲ့သည်။

**ထက်အောင်**

# ဒစ်ဂျစ်တယ်စနစ်သို့ကူးပြောင်းနိုင်မှ မီဒီယာပိုမိုတိုးတက်မည်



**ရန်ကုန် ဇန်နဝါရီ ၂၆**

မီဒီယာကဏ္ဍတွင် သမားရိုးကျလုပ်ကိုင်နေသောစနစ်မှ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်မှ အမြန်ဆုံးပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း BBC World Service မှ အာရှဒေသအယ်ဒီတာဖြစ်သူ မစ္စဂျူလီယာနာလုတီက ပြောသည်။

"ဒီကနေ့ ကျွန်မတို့ ကမ္ဘာကြီးဟာ ဒစ်ဂျစ်တယ်နည်းပညာတွေနဲ့ တိုးတက်ပြောင်းလဲနေပါပြီ။ ဒီလိုတိုးတက်ပြောင်းလဲနေတဲ့ ဒစ်ဂျစ်တယ်ခေတ်နဲ့အညီ မီဒီယာကိုလည်း ပြောင်းလဲသွားရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တယ်လီဖုန်းဆင်းကတ်တွေကို ဈေးပေါပေါနဲ့ ဝယ်ယူနိုင်ကတည်းက ဒစ်ဂျစ်တယ်ကို စတင်ပြောင်းလဲရမှာ ဖြစ်ပါတယ်" ဟု မစ္စဂျူလီယာနာက ဇန်နဝါရီ ၂၄ ရက်က စမ်းချောင်းမြို့နယ် မဟာမြိုင်လမ်းရှိ မြန်မာသတင်း အတတ်ပညာသိပ္ပံ၌ ပြုလုပ်သော သတင်းအတတ်ပညာနှင့် ပတ်သက်၍ ဟောပြောပို့ချရာတွင် ပြောခြင်းဖြစ်သည်။

ဘီဘီစီ သတင်းဌာနအနေဖြင့် ဒစ်ဂျစ်တယ်မီဒီယာသို့ ကူးပြောင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်းလုံးတွင် ဘီဘီစီပရိသတ် သန်း ၃၈၀ ခန့်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် ဒစ်ဂျစ်တယ်စနစ်ကြောင့် သန်း ၅၀၀ အထိ တိုးတက်လာရန် ခန့်မှန်းထားကြောင်း၊ ဘီဘီစီသတင်းဌာနအနေဖြင့် သတင်းအပြင် ဖျော်ဖြေပေးရန်နှင့် ပညာပေးရန်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကထပ်လောင်းပြောကြား သည်။

ပုံမှန်ဆောင်ရွက်နေသည့် မီဒီယာမှ ဒစ်ဂျစ်တယ်မီဒီယာအဖြစ် ပြုပြင်ပြောင်းလဲရာတွင် စိန်ခေါ်မှုအဖြစ် ပြည်သူများအနေဖြင့် ဒစ်ဂျစ်တယ်မီဒီယာကို လွယ်ကူစွာ လက်မခံနိုင်ခြင်းပင်ဖြစ်ကြောင်း၊ ပုံနှိပ်မီဒီယာကိုသာ အားကိုးပြီး ဒစ်ဂျစ်တယ်မီဒီယာနှင့်အတူ အမီလိုက်နိုင်ခြင်း မရှိသောသတင်းထောက်များမှာလည်း စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ကြောင်း၊ အခြေခံ ဒစ်ဂျစ်တယ်နည်းပညာကို ကျွမ်းကျင်မှသာ ဒစ်ဂျစ်တယ်မီဒီယာအဖြစ်သို့ ပြောင်းလဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ပြည်သူများအနေဖြင့် မိမိတို့စိတ်ဝင်စားဖွယ် သတင်းအချက်အလက်များကို လူမှုကွန်ရက်စာမျက်နှာများမှ ပိုမိုအချိန်ပေးကြည့်ရှုလာကြကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

အဆိုပါဒစ်ဂျစ်တယ်မီဒီယာသို့ ကူးပြောင်းရေးဟောပြောပို့ချရာတွင် မြန်မာသတင်း အတတ်ပညာသိပ္ပံမှတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ၊ မီဒီယာများ တက်ရောက်ကြသည်။

မစ္စဂျူလီယာနာလုတီသည် ဘီဘီစီကမ္ဘာတစ်လွှား အစီအစဉ်အောက်မှ ဒေသဆိုင်ရာဌာနခွဲတွင် အယ်ဒီတိုရီယယ်နှင့် လုပ်ငန်းမျှော်မှန်းဦးဆောင်ပေးနေသည့် အပြင် ဒစ်ဂျစ်တယ်မီဒီယာသို့ ကူးပြောင်းမှုကိုလည်း ဦးဆောင်နေသူဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြန်မာအားကစားလောက တားမြစ်ဆေးဝါးဥပဒေ ပြဋ္ဌာန်းနိုင်ရေးစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၂၆**

မြန်မာအားကစား ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာ အားကစားနှင့် စည်းစနစ်တကျ ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာအားကစားလောကတွင် လိုအပ်လျက်ရှိသော တားမြစ်ဆေးဝါး ဆန့်ကျင်ရေး၊ ဥပဒေပြဋ္ဌာန်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက်က နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းရှိ Multipurpose ၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်က မြန်မာနိုင်ငံတားမြစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ချုပ်သည် ကမ္ဘာ့တားမြစ်ဆေးဝါးဆန့်ကျင် ရေးအဖွဲ့ချုပ်၊ အာရှတားမြစ် ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ချုပ်၊ အရှေ့တောင်အာရှ တားမြစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ချုပ်တို့နှင့် ပူးပေါင်းကာ တားမြစ်ဆေးဝါးဆန့်ကျင်သည့် အစီအစဉ်များဆိုင်ရာမူဝါဒများကို ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ဆက်လက်၍ တားမြစ်ဆေးဝါးဆန့်ကျင်ရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် အားကစားနှင့် ကာယပညာဦးစီးဌာန ကျန်းမာရေးနှင့်အကြံပေး ကျွမ်းကျင်ပညာရှင် ဒေါက်တာမြလေးစိန်၊ ဆေးဘက်ဆိုင်ရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာမော်လီချစ်နှင့် တာဝန်ခံဆရာဝန်များက မြန်မာနိုင်ငံတွင် လုပ်ဆောင်နေသော တားမြစ်ဆေးဝါးများအကြောင်း၊ WADA နှင့် MADO မှ ဆက်လက်လုပ်ဆောင်မည့် တားမြစ်ဆေးဝါးနှင့် ပတ်သက်သောအစီအစဉ်များ၊ ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်း လုပ်ဆောင်နေသည့် တားမြစ်ဆေးဝါးနှင့်ပတ်သက်သော အကြောင်းအရာများ ပထမအကြိမ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ် တားဆီးရေးနှင့် သက်ငယ်မုဒိမ်းမှုများပပျောက်ရေး ဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက်က ကြည့်မြင်တိုင်မြို့နယ် ဆေးရိုးတန်းငြိမ်းချမ်းရေးရပ်ကွက်ရှိ သာသနာ့ဝေယျာဝစ္စဓမ္မာရုံ၌ ပြုလုပ်ရာ မှူခင်းကျဆင်းရေး ပညာပေးလက်ကမ်းစာစောင်များကို ရပ်ကွက်နေပြည်သူများအား ဝေငှပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်အောင် ဟောပြောစဉ် ကိုကြီးတင်

# ရဲတပ်ဖွဲ့သို့ လက်နက်အပ်နှံပေးသူများအား ဂုဏ်ပြု

**ကသာ ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံစီကြီးနယ်မြေရဲစခန်းက ရဲတပ်သားနှစ်ဦး ဇန်နဝါရီ ၁၅ ရက်ညက အကျဉ်းသားများပို့၍ အပြန်တွင် ဆိုင်ကယ်စီးနေစဉ် ပြုတ်ကျခဲ့သော သေနတ်နှစ်လက်အားတွေ့ရှိသဖြင့် သက်ဆိုင်ရာသို့ ပြန်လည်အပ်နှံခဲ့သည့် တာဝန်သိပြည်သူနှစ်ဦးနှင့် သတင်းမီဒီယာတစ်ဦးတို့အား ဂုဏ်ပြုခြင်းကို ဇန်နဝါရီလ ၂၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယခုလိုဂုဏ်ပြုချီးမြှင့်ရခြင်းမှာ ဇန်နဝါရီ ၁၅ ရက်က အင်းတော် - ဗန်းမောက်ကားလမ်းမိုင်တိုင် အမှတ် (၃၁/၆)အနီးတွင် ထီးချိုင့်မြို့နယ် ဥယျာဉ်ကုန်းရပ်ကွက်နေသူ ဖြိုးဝေမြင့်နှင့် ဖြိုးထက်အောင်တို့ နှစ်ဦးကတွေ့ရှိကောက်ရခဲ့ရာ သေနတ်နှစ်လက်အား ရိုးသားစွာ ဗန်းမောက်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ ပြန်လည်အပ်နှံ ၍ ဗန်းမောက်မြို့နယ် ရဲတပ်ဖွဲ့မှူးက တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းစီနှင့် မှတ်တမ်းတင် ဂုဏ်ပြုချီးမြှင့်ခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

## စာပေမြင့်မှ လူမျိုးတင့်မည်

# သခွားမွှေးများယခင်နှစ်များကထက် တစ်ဝက်ခန့်အဝင်နည်း

**ရန်ကုန် ဇန်နဝါရီ ၂၆**

သစ်သီးဆိပ်များသို့ သခွားမွှေးများဝင်ရောက်မှုမှာ ယခင်နှစ်ကထက် တစ်ဝက်မကပင် နည်းပါးသွားကြောင်း ကြည့်မြင်တိုင် ဗားကရာဆိပ်မှာ သခွားမွှေးကုန်သည် ဦးလှဝင်းက ပြောသည်။

"ဒီနှစ်က သခွားမွှေးစိုက်တဲ့ တောင်သူတွေ နည်းပါးလာတဲ့အတွက် မနှစ်ကထက် တစ်ဝက်မက အဝင်နည်းသွားပါတယ်" ဟု ၎င်းကပြောသည်။

ရန်ကုန်၊ ကြည့်မြင်တိုင်၊ ဗားကရာ သစ်သီးဆိပ်သို့ နှစ်စဉ်ဝင်လျက်ရှိသော သခွားမွှေးများမှာ တွံတေးမြို့နယ်၊ ပန်းလှိုင်၊ ဘက်တန်း၊ စာဖြူစု၊ ပြင်ဟဲစသည့် ကျေးရွာစိုက်ခင်းများမှဖြစ်သည်။

သခွားမွှေးမှာ အခြားသောသီးနှံများထက်ဈေးနိမ့်သဖြင့် ယင်းသခွားမွှေးစိုက်တောင်သူများမှာ ယခုနှစ်တွင် တို့စရာသခွားသီး၊ ပဲတောင့်ရှည်၊ ပဲသီးနှင့်အခြားသောဈေးရသည့် သီးနှံများကိုသာ အဓိကစိုက်ပျိုးကြသောကြောင့်ဖြစ်သည်ဟု ဗားကရာဆိပ်သို့ သခွားမွှေးလာပို့သည့် ကုန်သည်တစ်ဦးက ပြောသည်။

ယမန်နှစ်က ယခုလိုအချိန်တွင် ကြည့်မြင်တိုင် ဗားကရာဆိပ်၌ သခွားမွှေးတင် သမ္ဗန်များ ဆိပ်ကမ်းကပ်ရန် နေရာအခက်အခဲများရှိခဲ့သော်လည်း ယခုနှစ်တွင် တစ်နေ့သမ္ဗန်နှစ်စင်းပင် ပုံမှန်မရှိဟု သိရသည်။

ဈေးများအတွင်း၌ တစ်လုံးချင်း လက်လီဈေးမှာ အကြီးတစ်လုံးလျှင် ငွေကျပ် ၂၀၀၊ အလတ် တစ်လုံးလျှင် ငွေကျပ် ၁၅၀၊ အသေး တစ်လုံးလျှင် ငွေကျပ် ၁၀၀ ဈေးရှိနေသည်ကို တွေ့ရသည်။



ဗားကရာဆိပ်တွင် ခင်းရောင်းသည့်အမျိုးသမီးကြီးတစ်ဦးမှ "နောင်နှစ်တွေဆို ဒီထက်ဆိုးမယ် သခွားမွှေးကုန် ပျောက်သွားနိုင်တယ်" ဟု ပြောသည်။

**သတင်း-တင်ဝင်းလေး (ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**

# ကျောက်တံခါးမြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

**ကျောက်တံခါး ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စည်ပင်သာယာခန်းမ၌ ဇန်နဝါရီ ၂၃ ရက်က စာပေချစ်သူများစုပေါင်းကာ စာပေဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

စာပေဟောပြောပွဲသို့ စာပေပညာရှင်များဖြစ်ကြသည့် ဆရာချစ်နိုင်(စိတ်ပညာ)၊ ဆရာနွမ်ဂျာသိုင်း၊ ဆရာအကြည်တော်တို့ တက်ရောက်ခဲ့ပြီး စာပေနှင့်ပတ်သက်၍ ဆရာချစ်နိုင်(စိတ်ပညာ)က လူငယ်ဆိုတာ အနာဂတ်ပါပဲခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာနွမ်ဂျာသိုင်းက စာရေးသူမှ စာဖတ်သူသို့ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာအကြည်တော်က လမ်းနှစ်သွယ်ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ရာ ကျောက်တံခါးမြို့နယ်အတွင်းမှ စာပေချစ်သူများ စုစုပေါင်း ၇၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ရဲတပ်ဖွဲ့လုပ်ထုံးလုပ်နည်း ဥပဒေဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

**မော်လမြိုင် ဇန်နဝါရီ ၂၆**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစဉ်စနစ်(ဆင့်ပွား)သင်တန်းအမှတ်စဉ် (၂/၂၀၁၇)သင်တန်းဖွင့်ပွဲနှင့် ရဲလုပ်ငန်းလုပ်ထုံးလုပ်နည်းဥပဒေဆိုင်ရာ (မွမ်းမံ)သင်တန်းအမှတ်စဉ်(၁/၂၀၁၇) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက်က ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမနှင့် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ (အတ္ထရံ)ရဲမွမ်းမံလေ့ကျင့်ရေးကျောင်းသင်တန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးတက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲများသို့ ပြည်နယ်ရဲတပ်ဖွဲ့မှ ဦးစီး(ပ) (ဦး/ရေး/ထောက်) ဒုတိယရဲမှူးကြီး ခင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ သင်တန်းသားအရာရှိများ၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၃၀ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်သန်း (မော်လမြိုင်)**

## မြစိမ်းရောင်လည်ပတ်ရန်ပုံငွေလွှဲအပ်ပွဲ သံတွဲမြို့နယ်၌ ကျင်းပ

**သံတွဲ ဇန်နဝါရီ ၂၆**

သံတွဲမြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မြစိမ်းရောင်လည်ပတ်ရန်ပုံငွေပေးအပ်ပွဲကို ဇန်နဝါရီလ ဒုတိယပတ်က ၎င်းစီမံကိန်းကျေးရွာများ၌ကျင်းပသည်။ စီမံကိန်း နောက်တိုးရွာနှစ်ရွာဖြစ်သည့် (အလယ်ရွာ၊ နတ်တောင်မော်ရွာ) နှင့်ဆူးပုတ်ကုန်းကျေးရွာများသို့ လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ စီအား လွှဲပြောင်းပေးအပ်ပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရည်းစားကိုယ်ဝန်ရှိ၍ မယူနိုင်သဖြင့် ဓားဖြင့်ထိုးသူ ဖမ်းမိ

**မိုးညှင်း ဇန်နဝါရီ ၂၆**

မိုးညှင်းမြို့၌ အသက် ၁၉ နှစ်အရွယ် အမျိုးသားတစ်ဦးက ရည်းစားဖြစ်သူ အသက် ၂၄ နှစ်အရွယ် အမျိုးသမီးအား ကိုယ်ဝန်ရှိချိန်တွင် မယူနိုင်သဖြင့် ဓားဖြင့် ၁၁ ချက်ထိုးခဲ့ကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းမြို့ သာစည်ရပ်ကွက်တွင် သံပန်းလုပ်ငန်းလုပ်ကိုင်နေသူ ခိုင်ကို (၁၉ နှစ်)အား ၎င်း၏ရည်းစားဖြစ်သူ အမျိုးသမီးက ကိုယ်ဝန်ရှိနေသဖြင့် ယူရန်ပြောဆိုချိန်တွင် မယူနိုင်သဖြင့် ဇန်နဝါရီ ၂၂ ရက် ညနေ ၆ နာရီခန့်တွင် မိုးညှင်းမြို့အရှေ့ဘက်တောအတွင်း ခေါ်သွားကာ သားမယားအဖြစ်ပြုကျင့်ပြီး အသင့်ပါလာသော ခေါက်ဓားဖြင့် ၁၁ ချက်ထိုး၍ တောတွင်း၌ ပစ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဓားဖြင့်အထိုးခံရသူအမျိုးသမီးမှာ လည်ပင်းတွင် ဒဏ်ရာသုံးချက်၊ ဝဲယာရင်ညွန့်တွင် လေးချက်၊ ဝမ်းဗိုက်ဝဲယာတွင် နှစ်ချက်၊ ယာဘက်လက်ဖမိုးတွင် တစ်ချက်၊ ယာဘက်လက်ဖျံတွင်တစ်ချက် ပြတ်ရှဒဏ်ရာများ ရရှိခဲ့သော်လည်း အသက်မသေဘဲ အသက်စိုးရိမ်ရသည့်အခြေအနေတွင် ရှိနေကြောင်းနှင့် ကိုယ်ဝန်မှာ ပျက်ကျခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ခိုင်ကိုအား မိုးညှင်းမြို့မရဲစခန်း၌ ဖမ်းဆီးအရေးယူထားပြီး ရာဇသတ်ကြီးပုဒ်မ ၃၁၆၊ ၃၂၆ တို့ဖြင့် အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နီတိုး**

## မဲပေါက်သည်ဟုဖုန်းဆက်ကာ ငွေ ၂၇ သိန်း လိမ်လည်သွား

**မြိုင် ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း နေထိုင်သူတစ်ဦးထံသို့ ဖုန်းမဲပေါက်သဖြင့် ငွေကျပ်သိန်းကိုးရာ ရမည်ဟု ဖုန်းဆက်ပြောဆိုကာ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်အရ အခွန်ငွေ ကျပ် ၂၇ သိန်း လွှဲပေးရန် လိုအပ်ကြောင်း ပြောဆိုသည်ကို ယုံကြည်၍ ငွေလွှဲပေးမိပြီးမှ အလိမ်ခံရမှန်းသိသဖြင့် မြိုင်မြို့နယ်ရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိုင်မြို့နယ် ဆူးဝင်းကျေးရွာနေ ဦးအောင်မြင့်(၅၂ နှစ်)ထံသို့ ဖုန်းနံပါတ် ၀၉၄၅၇၂၉၁၀၉၈ ဖြင့် ဖုန်းဝင်လာပြီး ဦးအောင်မြင့်သည် အထိုင်ဖုန်းမဲပေါက်သဖြင့် ငွေကျပ်သိန်းကိုးရာ ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်အရ အခွန်ငွေကျပ် ၂၇ သိန်းကို ပြန်လည်ပေးဆောင်ရမည်ဖြစ်ကြောင်းနှင့် ဆောင်နိုင်/မဆောင်နိုင် မေးမြန်းပြီး အခွန်ငွေဆောင်နိုင်ပါက ဦးချမ်းဟိန်း၊ နိုင်ငံသားစိစစ်ရေးကတ် ၁၂/ဒဂဆ(နိုင်)------ အမည်ဖြင့် CB Bank သိမ်ဖြူဘဏ်ခွဲသို့ ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီတွင် ငွေ ၂၇ သိန်းကို လွှဲပေးရန်နှင့် ညနေ ၄ နာရီခွဲတွင် မြိုင်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ ငွေကျပ်သိန်း ၉၀၀ ကို သွားရောက်ထုတ်ယူရန် ဖုန်းဖြင့်ပြောကြားသည်ကို ယုံကြည်၍ ဦးအောင်မြင့်က မြိုင်မြို့နယ် ဗဟင်း CB Bank ဘဏ်ခွဲမှတစ်ဆင့် ငွေကျပ် ၂၇ သိန်းကို လွှဲပို့ပေးခဲ့ကြောင်း သိရသည်။ ထို့နောက်တွင် ဦးချမ်းဟိန်း ဆိုသူ၏ဖုန်းမှာ စက်ပိတ်ထား၍ အဆက်အသွယ် မရတော့သဖြင့် အမှုဖွင့်တိုင်တန်းထားကာ မြိုင်မြို့နယ်ရဲစခန်းက ငွေလိမ်သူကို ဖော်ထုတ်အရေးယူနိုင်ရန် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ကျော်မြင့်**

## ဘုရားစိန်ဖူးတော်ခိုးယူသူအား တစ်ရက်အတွင်း ဖမ်းဆီးနိုင်

**သံဖြူဇရပ် ဇန်နဝါရီ ၂၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာ ပင်လယ်ကမ်းခြေရှိ ဉာဏ်တော် ၃၃ တောင်မြင့်သော ဆံတော်ရှင် ကျိုက်စောရေလယ်ဘုရား၏ စိန်ဖူးတော် ခိုးယူသူအား ရဲတပ်ဖွဲ့က ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘုရားစိန်ဖူးတော် ပျောက်ဆုံးနေကြောင်း ကျိုက်စောရေလယ်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှဖေက စက်စဲကျေးရွာရဲကင်းစခန်းမှူး ရဲအုပ်ဝင်းဌေးထံသို့ ဇန်နဝါရီ ၁၇ ရက်က သတင်းပို့တိုင်ကြားသဖြင့် သွားရောက်စစ်ဆေးရာ စေတီ၏ စိန်ဖူးတော်နှင့်အတူ ဌာပနာထည့်သွင်းထားသည့် ရွှေထည်နှင့် ရတနာပစ္စည်းများ စုစုပေါင်း တန်ဖိုး ကျပ် ၁၃၅ သိန်းခန့်မှာ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်သိန်း ဦးစီး၍ ဌာနစုံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းစုံစမ်းခဲ့ရာ စိန်ဖူးတော်နှင့် ဌာပနာပစ္စည်းများ ခိုးယူသူမှာ စက်စဲကျေးရွာအုပ်စု ခမင်းဆိပ်နယ်မြေနေ ဌေးမင်းဦး(ခ)မဲလုံး(၂၇ နှစ်)ဖြစ်ကြောင်း သိရပြီး ၎င်း၏နေအိမ်အိပ်ခန်း ခေါင်းအုံးအတွင်း သိုဝှက်ထားသည့် ရွှေထည်ပစ္စည်းများ ရောင်းချရငွေ ကျပ် ၅၄ သိန်း၊ ရွှေထည်နှင့် ပလက်တီနမ်ပစ္စည်း ခုနစ်မျိုးတို့နှင့်အတူ ဇန်နဝါရီ ၁၈ ရက်တွင် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဌေးမင်းဦး (ခ) မဲလုံးသည် ဇန်နဝါရီ ၁၂ ရက်တွင် ရန်ကုန်သို့သွား၍ ရွှေဆိုင်နှစ်ဆိုင်တွင် ရွှေအချိန်လေးချိန် ၁၁ ကျပ်သားခန့်ကို ရောင်းချ ခဲ့ရာ ငွေ ၅၈ သိန်း ရရှိခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းအား ကျိုက္ခမီနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ဝင်း(ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## မှိုအဆိပ်ပါဝင်နေမှု ထိန်းချုပ်တားဆီးနိုင်ရန် ပညာပေးဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၂၆**



မှိုအဆိပ်ပါဝင်နိုင်သော သီးနှံများ (မြေပဲ၊ ၎ရုတ်၊ ပြောင်း) စသည့်တို့ကို စိုက်ပျိုးစဉ်၊ ရိတ်သိမ်းစဉ်၊ သိုလှောင်စဉ်၊ သယ်ပို့စဉ်၊ လုပ်ငန်းစဉ် အဆင့်ဆင့်များတွင် ဆောင်ရွက်ရန် နည်းလမ်းများနှင့် Afatoxin မှိုအဆိပ်အကြောင်း ပညာပေးလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲတွင် ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့ရာ ခရိုင်၊ မြို့နယ်များမှ သီးနှံကာကွယ်ရေး တာဝန်ခံများနှင့် သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ ရုံးချုပ်မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မြင့်နုသွင်က Afatoxin မှိုအဆိပ်ထုတ်လုပ်နိုင်သော မှိုအမျိုးအစားများအကြောင်း၊ Afatoxin မှိုအဆိပ်အမျိုးအစားများနှင့် အန္တရာယ်ရှိမှု၊ အဆိုပါ မှိုအဆိပ်ပါဝင်မှုကို လျှော့ချနိုင်ရန် ဆောင်ရွက်သင့်သော နည်းလမ်းများ၊ အာဆီယံနိုင်ငံများတွင် သတ်မှတ်ထားသော နိုင်ငံအလိုက် သီးနှံအလိုက် လက်ခံနိုင်သည့် မှိုအဆိပ်ပမာဏများအကြောင်းတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**တင်မောင်**
**(မန်းကိုယ်ပွား)**

## ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်အကြောင်း မိတ်ဆက်

**မကွေး ဇန်နဝါရီ ၂၆**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များအကြောင်း မိတ်ဆက်ပွဲကို မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။

မိတ်ဆက်ပွဲတွင် မကွေးမြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး Save the Children International မှ ဦးအောင်ကိုကိုနိုင်က မကွေးမြို့နယ်အတွင်း ဆောင်ရွက်မည့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကာ SCVG မှ တာဝန်ခံနှင့် Guardian Network မှ တာဝန်ခံများက ၎င်းတို့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မကွေးမြို့နယ်အတွင်း အကောင်အထည်ဖော်မည့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စီမံကိန်းလုပ်ငန်းစဉ်များကို မြန်မာနိုင်ငံအတွင်း ဦးတည်ကျေးရွာ ၃၀ ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆောင်ရွက်မည့်ဒေသများမှ ကလေးသူငယ်များအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများနှင့် ပတ်သက်၍ အစိုးရ၏ တာဝန်ယူမှု၊ တာဝန်ခံမှုများ၊ အရပ်ဖက် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီ ဖြည့်ဆည်းမှုများကို ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ညီညီမောင်(မကွေး)**

## အောက်ဆီဂျင်ထုတ်စက်ရုံတည်ဆောက်ရန် အလှူငွေများ လိုအပ်လျက်ရှိ

**သထုံ ဇန်နဝါရီ ၂၆**

မွန်ပြည်နယ် သထုံမြို့ရှိ အနိုင်းမဲ့မေတ္တာ သွေးနှင့် အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်း အနေဖြင့် ဒေသခံပြည်သူများအား အောက်ဆီဂျင်ဘူးများ ကူညီပေးရာတွင် အောက်ဆီဂျင်လိုအပ်ချက်ကို ပိုမို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အောက်ဆီဂျင်ထုတ်စက်ရုံကို တည်ဆောက်မည်ဖြစ်ကြောင်းနှင့် စက်ရုံတည်ဆောက်ရန် မြေနေရာကို ရရှိထားပြီးဖြစ်ကာ အလှူငွေများ လိုအပ်လျက်ရှိကြောင်း သိရသည်။

"လက်ရှိအချိန်ထိကတော့ အပြင်ကဝယ်ပြီး လူနာတွေကို အခမဲ့ပေးနေပါတယ်။ ဒီလိုဝယ်တာက ကုန်ကျစရိတ်များပြီး လိုအပ်ချက်များလာရင်လည်း အချိန်မီ မပေးနိုင်ဘူး။ စက်ရုံပြီးတဲ့အခါတော့ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ပေးနိုင်မှာပေါ့။ စက်ရုံဆောက်မယ့်မြေနေရာတော့ ရထားပြီးပါပြီ။ လာမယ့် မတ်လလောက် စက်ရုံကို စဆောက်နိုင်ဖို့ ရည်မှန်းထားပါတယ်"ဟု အနိုင်းမဲ့မေတ္တာ သွေးနှင့် အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်း ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက ပြောသည်။

အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေမှာ ကျပ်သိန်း ၃၀၀၀ ဝန်းကျင် ကုန်ကျမည်ဖြစ်ကြောင်း၊ အသင်းအနေဖြင့် အလှူငွေ ကျပ်သိန်း ၅၀၀ ခန့် ရရှိထားပြီးဖြစ်ရာ အလှူရှင်များ လိုအပ်နေသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အနိုင်းမဲ့မေတ္တာ သွေးနှင့် အောက်ဆီဂျင် အခမဲ့ ကူညီရေးအသင်းအနေဖြင့် အသင်းစတင်တည်ထောင်ချိန် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစ၍ ၂၀၁၇ ဇန်နဝါရီလအထိ ၄၀ လီတာဆံ့ အောက်ဆီဂျင်ဘူး ၁၆၀ ခန့်နှင့် ၁၀ လီတာဆံ့ အောက်ဆီဂျင်ဘူး ၄၁၀၀ ခန့်တို့ကို ဒေသတွင်း ပြည်သူ့ဆေးရုံများနှင့် ရပ်ကွက် ကျေးရွာများတွင် နေအိမ်အရောက် အခမဲ့ ဖြန့်ဝေပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီးပါက လီတာ ၄၀ ဆံ့ အောက်ဆီဂျင်ဘူး ၂၀ ခန့်ကို နေ့စဉ် ထုတ်လုပ်နိုင်မည်ဖြစ်ရာ လိုအပ်သည့်လူနာများအတွက် ပိုမိုထုတ်ပေးနိုင်မည်ဖြစ်ပြီး အရေးပေါ် အောက်ဆီဂျင် လိုအပ်လာပါက သထုံခရိုင်အတွင်း အချိန်၊ နေရာ၊ လူမျိုးမရွေး အခမဲ့ ရယူနိုင်စေရန် စီစဉ်ထားကြောင်း အသင်းတာဝန်ရှိသူထံမှ သိရသည်။

အောက်ဆီဂျင်ထုတ်စက်ရုံ တည်ဆောက်နိုင်ရေးအတွက် ရန်ပုံငွေဘောလုံးပွဲနှင့် ဂီတဖျော်ဖြေပွဲကိုလည်း သထုံမြို့မအားကစားကွင်း၌ ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ ရန်ပုံငွေဘောလုံးပွဲတွင် ရန်ကုန်မြို့တော်စည်ပင် လက်ရွေးစင်(ဟောင်း) ဘောလုံးအသင်းနှင့် သထုံမြို့ရှိ All Star ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြကာ ညပိုင်းတွင် နိုင်ငံကျော်တေးသံရှင်များပါဝင်သည့် ဂီတဖျော်ဖြေပွဲကို ဆက်လက်ကျင်းပခဲ့သည်။

**သက်ဦး(သထုံ)**

## ကျောင်းသား ကျောင်းသူ ၄၀၀၀ ကျော်အား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ခဲ့

**ကျောက်ကြီး ဇန်နဝါရီ**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနအနေဖြင့် နော်ဝေနိုင်ငံအခြေစိုက် လူမှုကူညီရေးအသင်း (NRC)နှင့် ပူးပေါင်း၍ ကျောက်ကြီးမြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူ များအား ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းမှစ၍ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်း ပြုလုပ်ပေးခဲ့ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ ကျောင်းသားကျောင်းသူပေါင်း ၄၀၁၀ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညီဇော်ဌေးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ အထက၊ အထက(ခွဲ)၊ အလက၊ အလက(ခွဲ)နှင့် မူလတန်းလွန်ကျောင်းများမှ အသက် ၁၀ နှစ်ပြည့်ပြီးသော ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးခဲ့ရာတွင် ကျောက်ကြီးမြို့နယ် ကျွဲတလင်းကျေးရွာ အထက(ခွဲ)မှ ကျောင်းသား ကျောင်းသူ ၁၁၁ ဦးအား ဇန်နဝါရီ ၂၀ ရက်က နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းအပါအဝင် စုစုပေါင်း ကျောင်းသားကျောင်းသူ ၄၀၁၀ ဦးတို့အား နိုင်ငံသား စိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

"ကျောက်ကြီးဒေသတွင်းမှာ ကေအင်န်ယူ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနဲ့ အပစ်အခတ်ရပ်စဲပြီးကတည်းက နယ်မြေအေးချမ်းလာတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာတယ်။ တောင်ပေါ်ဒေသရော ကျေးရွာတိုင်းမှာရော နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ကျောက်ကြီးမြို့ခံ ပြည်သူတစ်ဦးက ပြောသည်။ **(၀၄၅)**



# နှစ်စဉ်တူပျော် မန်းရွှေစက်တော်ရာ ဘုရားပွဲတော်

ဂေါတမမြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာမြတ်နှစ်ဆူရှိသော မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် အတွင်းရှိ မန်းရွှေစက်တော်ရာ ဘုရားပွဲတော် ယခုနှစ် ဖွင့်ပွဲကို နှစ်စဉ်ကျင်းပမြဲဖြစ်သော တပို့တွဲလဆန်း ၅ ရက်(ဖေဖော်ဝါရီ ၁ ရက်)နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

မန်းရွှေစက်တော်ရာ ဘုရားသမိုင်းအရ မြတ်စွာဘုရားရှင်သည် ဝါတော် ၂၀ ဝါမြောက်တွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ စန္ဒကူးနံ့သာကျောင်းတော်ကို အလှူခံတော်မူပြီး ခုနစ်ရက် သီတင်းသုံး၍ ပရိသတ်အပေါင်းတို့အား တရားရေအေးတိုက်ကျွေးကာ အပြန်ခရီး၌ သစ္စဗန္ဓတောင် (ယခုရွှေစက်တော်နေရာ) အရောက်တွင် နမ္မဒါနဂါးမင်းက တောင်းပန်သဖြင့် အောက်ခြေတော်ရာ ချပေးတော်မူခဲ့ပြီး သစ္စဗန္ဓမထေရ် တောင်းပန်သဖြင့် အထက်ခြေတော်ရာကို ချပေးတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်၏ ခြေတော်ရာနှစ်ဆူကို ရှေးယခင် မင်းများ လာရောက်ဖူးမြော်လေ့ရှိကြပြီး သိုဟန်ဘွား လက်ထက်မှစ၍ နှစ်ပေါင်း ၁၂၇ နှစ်၊ မင်းဆက်ပေါင်း ကိုးဆက်တိုင်တိုင် စက်တော်ရာနှစ်ဆူကို ခြုံနွယ်များဖုံးပြီး တိမ်မြုပ်ပျောက်ကွယ်နေခဲ့ရာမှ သက္ကရာဇ် ၉၉၆ ခုနှစ် သာလွန်မင်းလက်ထက်တွင် တောင်ဖီလာဆရာတော်က နောက်ပါရဟန်းသံဃာ ၁၂ ပါးနှင့်အတူ ရွှေစက်တော်ရာ ခြေတော်ရာနှစ်ဆူကို ရှာဖွေပူဇော်နိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက်တွင် တောင်ဖီလာဆရာတော်၏ ကျေးဇူးတော်ကြောင့် ခြေတော်ရာနှစ်ဆူကို လူသိများ ထင်ရှားလာခဲ့ပြီး ရသေ့ကြီးဦးခန္တီနှင့် နယ်ခံ ကမကထပြုသူ ဆရာတော်များ၊ အကျိုးဆောင် လူပုဂ္ဂိုလ်များက ဘုရားတန်ဆောင်းများ ပြုပြင်တိုးချဲ့ တည်ဆောက်ခဲ့သဖြင့် ယခုအခါ ခြေတော်ရာနှစ်ဆူကို လွယ်လင့်တကူ သွားရောက်ဖူးမြော် ကြည်ညိုနိုင်ခြင်းဖြစ်သည်။ အထက်စက်တော်ရာသို့တက်သော စောင်းတန်းသည် လှေကားထစ်ပေါင်း ၅၂၈ ထစ်ရှိကာ တက်ရောက်ဖူးမြော်သူတိုင်း၏ ရင်ကို အေးမြကြည်လင်စေရန် ၅၂၈ သွယ်သော မေတ္တာကို သင်္ကေတပြုထားခြင်းဖြစ်သည်။

မန်းရွှေစက်တော်ရာမှ ပါဒခြေတော်ရာမြတ်နှစ်ဆူအား


မန်းရွှေစက်တော်ဘုရားပွဲ ကျင်းပမည့်နေရာ၏ ကောင်းကင်ဓာတ်ပုံမြင်ကွင်း

နမ္မဒါမန်းချောင်းသည် သုံးကြိမ် ဦးခိုက်စီးဆင်းနေလျက်ရှိသည်။ မန်းချောင်းရေမှာလည်း ကြည်လင်အေးမြလျက် ဘုရားဖူးလာပြည်သူအများအား စိတ်အေးချမ်းမြစေသည်။ မန်းချောင်းရေသည် ရေဘယ်နှကြိမ်ဆင်းချိုးချိုး ဖျားခြင်း၊ နေမကောင်းခြင်း၊ အပူရှပ်ခြင်း ဖြစ်လေ့မရှိကြောင်းလည်း သိရသည်။

မန်းရွှေစက်တော်ရာဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ကျင်းပသဖြင့် မြန်မာပြည်၏ ရက်အရှည်ကြာဆုံး ဘုရားပွဲတော်လည်းဖြစ်သည်။ ရှေးယခင်က အညာမြေမှ မန်းရွှေစက်တော်ရာ ဘုရားပွဲတော်သို့ ကျေးရွာများမှ လှည်းယာဉ်များဖြင့် စုပေါင်း၍ ခုနစ်ရက်ကြာ လာရောက်ဖူးမြော်လေ့ရှိကြပြီး ယခုအခါတွင်မူ ဘုရားဖူးပြည်သူများမှာ ကားများ၊ သုံးဘီးဆိုင်ကယ်များဖြင့် နေ့ချင်းပြန် ဘုရားဖူးလာရောက်နိုင်ကြပြီဖြစ်သည်။

မန်းရွှေစက်တော်ရာဘုရားကြီး၏ ဂေါပကအဖွဲ့သစ်ကို အရပ်သားများဖြင့် ပြန်လည်ဖွဲ့စည်းထားခဲ့သည်။ ဘုရားပွဲတော်သို့ လာရောက်သောပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန် ယခုနှစ်တွင် တိုးချဲ့ပြုပြင်မှုများကို ဆောင်ရွက်ထားလျက်ရှိကြောင်း သိရသည်။ ပွဲတော်ကျင်းပရာ နေရာ ကျယ်ဝန်းစေရန်နှင့် သွားလာမှုအဆင်ပြေစေရန် ငဖဲစောင်းတန်းအထိ တိုးချဲ့ဆောင်ရွက်ပေးထားကာ ကားလမ်းကိုလည်း မြားကျစေတီနှင့် သဘာဝ ကျောက်ဘီလူးအထိ တိုးချဲ့ဖောက်လုပ်ပေးထားပြီး ငဖဲစောင်းတန်း တွင်လည်း ပျက်စီးယိုယွင်းမှုများကို ပြန်လည်ပြုပြင်ထားရှိပြီးဖြစ်သည်။

မန်းရွှေစက်တော်ရာ ဘုရားပွဲတော်သို့ လာရောက်သူများ အနေဖြင့် ဘုရားဖူးပြီးနောက် အပြန်တွင် အိုင်းမကျေးရွာအနီးရှိ မန်းဆည်တော်တွင် တစ်ထောက်နား အပန်းဖြေ၍ စကုမြို့ကို ဖြတ်ကာ လယ်ကိုင်းလမ်းခွဲမှတစ်ဆင့် ငါးမိုင်အကွာရှိ ဘုရားရှင် ခုနစ်ရက်သီတင်းသုံးတော်မူခဲ့ရာ စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကိုလည်း ဝင်ရောက် ဖူးမြော်နိုင်ကြမည်ဖြစ်သည်။

အညာမြေမှ မန်းရွှေစက်တော်ဘုရားပွဲတော်သည် နှစ်စဉ် တပို့တွဲလတွင် စတင်ဖွင့်လှစ် ကျင်းပမြဲဖြစ်ရာ ရာသီဥတုအားဖြင့် မပူလွန်း၊ မအေးလွန်းသော ခရီးသွားလာရ အကောင်းဆုံး ရာသီချိန်ခါဖြစ်၍မကြာမီ ရက်ပိုင်းအတွင်း ဖွင့်လှစ်ကျင်းပတော့မည့် မန်းရွှေစက်တော်ရာ ဘုရားပွဲတော်သို့ လာရောက်ဖူးမြော် ကြည်ညိုနိုင်ပါရန် ဖိတ်ခေါ်လိုက်ရပါသည်။

**ဆောင်းပါး**

**သူရထွန်း(ပွင့်ဖြူ)**


မန်းရွှေစက်တော်ဘုရားပွဲတွင် ခင်းကျင်းရောင်းချမည့် ဆိုင်ခန်းများ ပြင်ဆင်နေစဉ်

# ဖန်းမော်မြို့တော်ခန်းမရှေ့၌ ထားရှိမည့် ဗိုလ်ချုပ်ကြေးရုပ်ရောက်ရှိ

**ဖန်းမော် ဇန်နဝါရီ ၂၆**

ကချင်ပြည်နယ် ဖန်းမော်မြို့ သာစည်ရပ်ကွက်ရှိ ဖန်းမော်မြို့တော်ခန်းမရှေ့တွင် အထိမ်းအမှတ်အဖြစ် ထားရှိမည့်ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ ကချင်ပြည်နယ် ဖန်းမော်မြို့သို့ သယ်ဆောင်လာရာ ဇန်နဝါရီ ၂၄ ရက် ညနေပိုင်းက ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်သည် အမြင့် ရှစ်ပေခွဲခန့်ရှိပြီး ကြေးပိဿာချိန် ၂၇၀ ပိဿာဖြင့် သွန်းလုပ်ထားကာ တန်ဖိုးမှာ ငွေကျပ်သိန်း ၁၄၀ ခန့် တန်ဖိုးရှိကြောင်း သိရသည်။ ဗိုလ်ချုပ်ကြေးရုပ် ရောက်ရှိလာပြီးနောက် ဖန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးမှူး ဦးဝင်းနိုင်နှင့် စည်ပင်ဝန်ထမ်းများ၊ ဖန်းမော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကြေးရုပ်ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ မြို့မိမြို့ဖများ လာရောက်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်ကို ဖန်းမော်မြို့တော်ခန်းမရှေ့တွင် ယာယီထားရှိပြီး ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့တွင် မြို့တော်ခန်းမရှေ့ရှိ မြက်ခင်းပြင်၌ ရုပ်တုဖွင့်ပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## သတင်းတိုများ

### ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ရန် ပန္နက်တင်

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ရန် ပန္နက်တင်အခမ်းအနားကို မဲဇာကျေးရွာနှင့် နန့်သဲကျေးရွာ ကားလမ်းမကြီးဘေးရှိ အဆိုပါတိုက်နယ်ဆေးရုံ ဆောက်လုပ်မည့်မြေနေရာ၌ ဇန်နဝါရီ ၂၃ ရက်က ကျင်းပခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဘိုးသန်းညွန့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေးနှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ ပန္နက်များတင်ပေးခဲ့သည်။ အဆိုပါ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို ခွင့်ပြုငွေ ကျပ်သန်း ၆၂၀ ဖြင့် Galaxy Monywa ကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

### စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက်က မိုင်းယောင်းမြို့ အမှတ်(၇)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား ဓာတုဆိုးဆေးပါဝင်သည့် မုန့်များ၊ အစားအစာများသည် လူတို့၏ကျန်းမာရေးကို ထိခိုက်စေသဖြင့် စားသုံးရန်မသင့်ကြောင်း ဟောပြောသည်။ ထို့နောက် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးပြီး နံရံကပ်စာစောင်များလည်း ခင်းကျင်းပြသကာ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအား ကြည့်ရှုလေ့လာစေခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရေနံရှာဖွေရေးအတွက် တိုင်းတာခြင်းနှင့် သီးနှံလျော်ကြေးပေးရေး ဆွေးနွေး

**ဖန်းမောက် ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ်အတွင်း ရေနံရှာဖွေရေးအတွက် ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေနှင့် ဒေသခံတောင်သူများအား သီးနှံလျော်ကြေးပေးရေးအတွက် ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ONGC Videsh လီမိတက်မှ လက်ထောက်မန်နေဂျာ ဦးဆန်းအောင်နှင့် SINOPEC ကုမ္ပဏီမှ ကိုယ်စားလှယ် ဦးအောင်မြင့်တို့က ဖန်းမောက်မြို့နယ် စမ်းသပ်ရေနံလုပ်ကွက် ဧရိယာအတွင်း ရေနံရှာဖွေရေးအတွက် ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေနှင့် ကနန်းဒေသစိတ်အတွင်းရှိ ကျေးရွာခုနစ်ရွာမှ ဒေသခံတောင်သူများအနေဖြင့် လယ်ယာမြေနှင့် သီးနှံများ နစ်နာဆုံးရှုံးမှုရှိပါက ဒေသပေါက်စျေးအတိုင်း သီးနှံနစ်နာကြေး ပေးချေရေးတို့ကို ဆွေးနွေးပြီး MOGE မှ တာဝန်ခံ ဦးအောင်ကျော်ဆွေက ဖန်းမောက်မြို့နယ် စမ်းသပ်ရေနံလုပ်ကွက် ဧရိယာအတွင်း ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်မည့်အကြောင်းကို မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရှင်းလင်းပြောကြားခဲ့ကာ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီဟန်၊ မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှူးတို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းက အဆိုပါ လုပ်ငန်းနှင့်ပတ်သက်၍ ဒေသအတွက် မည်သို့အကျိုးပြုနိုင်ပုံနှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်စေရေးတို့ကို ဆွေးနွေးခဲ့ကာ SINOPEC ကုမ္ပဏီမှ ကိုယ်စားလှယ်က အသက် ၁၈ နှစ်ပြည့်ပြီးသော ဒေသခံပြည်သူများကို လုပ်သားအဖြစ် ငှားရမ်းသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

**ကျော်စွာ(ဖန်းမောက်)**

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ ၂၄-၁၂-၂၀၁၆ ရက် (စနေနေ့) SEDONA HOTEL (Grand Ballroom) တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သရေစည်သူ ဗိုလ်ချုပ်မြင့်အောင်(ငြိမ်း)နှင့်ဇနီး ဒေါ်သဇင်ခိုင်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဦးစည်သူမောင် (MD, ကောင်းငြိမ်းချမ်းသာ Co.,Ltd.)နှင့်ဇနီး ဒေါ်ဝင်းပပကျော် (ဆန္ဒ Car Service Centre) တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင် စိမ်းမို့မို့နှင့် Cupid Music Band၊ မင်္ဂလာပန်းကြဲပေးပါသော မခင်စန္ဒာမျိုး(ဆေးတက္ကသိုလ်-၂)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မနိုင်နိုင်ဇေလတ်၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မကေခိုင်မျိုးခန့်၊ မင်္ဂလာသတို့သား မင်္ဂလာသတို့သမီးအရံများအဖြစ် ကူညီဆောင်ရွက်ပေးပါသော မောင်ဇော်လင်းနိုင်၊ မောင်ချမ်းမြေ့အောင်၊ မဇင်သူထက်၊ မခင်သော်တာအေးတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ဒီဇိုင်နာပြည့်စုံအောင်နှင့် မိတ်ကပ်ဆံပင် ခင်စန်းဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ ပန်းအလှဆင်ပေးပါသော Eternal Flower၊ မင်္ဂလာဧည့်ခံပွဲဖိတ်ကြားလွှာရိုက်နှိပ်ပေးပါသော Fairy Stich၊ Pre-Wedding Photo ရိုက်ကူးပေးပါသော Y Studio Naybala Photography နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော အလိမ္မာနှင့်မောင်အောင်မျိုးမင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော တေဇ(၁၂)မှ အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်ဆိုင်ရာ အရာရှိကြီးများနှင့်ဇနီးများ၊ မိဘ၊ ဆရာသမားများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မြတ်သာကျော်-မအင်ကြင်းတင်မောင်နီ**

# လတာပို့တွဲ ထမနဲပွဲ ... ရှိုင်ရယ်မြန်မာနှင့် တူဆင်နွှဲ

မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များထဲမှတစ်ခုဖြစ်သော
တပို့တွဲလ ထမနဲထိုးပွဲအား
မြန်မာ့လက်ဖက်ရည်ရသာစစ် ရှိုင်ရယ်မြန်မာတီးမစ်နှင့် အတူ
ပါဝင်ဆင်နွှဲကြပါရန် ဖိတ်ခေါ်အပ်ပါသည်။



ကျင်းပပြုလုပ်မည့် နေ့ရက် - ၁၀.၂.၂၀၁၇ (သောကြာနေ့)

ကျင်းပပြုလုပ်မည့်မြို့များ -

(၁) ရန်ကုန်မြို့၊ (၂) မန္တလေးမြို့၊ (၃) ပျဉ်းမနားမြို့၊ (၄) ပုသိမ်မြို့၊ (၅) ပြည်မြို့၊
(၆) တောင်ငူမြို့၊ (၇) မုံရွာမြို့၊ (၈) တောင်ကြီးမြို့၊ (၉) လားရှိုးမြို့၊
(၁၀) ကျိုင်းတုံမြို့၊ (၁၁) မော်လမြိုင်မြို့၊

ပြိုင်ပွဲနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို
www.facebook.com/RoyalMyanmarTea တွင် ကြော်ငြာပေးသွားမည်ဖြစ်သည်။
ဤအစီအစဉ်အား မြန်မာ့လက်ဖက်ရည်ရသာစစ် ရှိုင်ရယ်မြန်မာတီးမစ်မှ ဂုဏ်ယူစွာ ပံ့ပိုးပါဝင်ပါသည်။

မြန်မာ့လက်ဖက်ရည်ရသာစစ်
Royal Myanmar Teamix

# စစ်ကိုင်းတောင်ရိုး(ဝါးချက်)ဇီဝိတဒါနသံဃာ့ဆေးရုံ မျက်စိရောဂါ ကုသရေး အထူးအစီအစဉ်(၄/၂၀၁၇)

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး (ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဩစတြေးလျနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီး Dr. Hyong Kwon Kang(ဒေါက်တာကွမ်း)အဖွဲ့နှင့်ဆေးရုံဝန်ထမ်းများပူးပေါင်း၍ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၁)ရက်မှ (၁၆)ရက်အထိ မျက်စိရေတိမ်၊ အတွင်းတိမ်၊ မျက်လုံးရှေ့ခန်း/နောက်ခန်းမျက်စိအမြင်လွှာ(Retina)ရောဂါ၊ မျက်စိစွေခြင်း၊ မျက်လုံးပတ်ဝန်းကျင်နှင့် မျက်ခွံပိုင်းဆိုင်ရာ မျက်စိရောဂါဝေဒနာရှင်များကို စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးပါမည်။

နေ့စဉ် ဆေးရုံ၏မျက်စိလက်ထောက်ဝန်ထမ်းများမှ(နံနက်(၈)နာရီမှ(၁၂)နာရီ၊ မွန်းလွဲ (၂) နာရီမှ ညနေ(၄)နာရီအထိ) ကြိုတင် စမ်းသပ်/စစ်ဆေးပေးပြီး မျက်စိအထူးကုဆရာဝန်ကြီးများနှင့် စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသနိုင်ရန် ရက်ချိန်းပေးပါမည်။

(မိမိတို့၏ ဆေးမှတ်တမ်းများနှင့် ယခုသောက်နေသောဆေးများရှိပါက ယူဆောင်လာခဲ့ပါ။)

ဆေးရုံ ဖုန်း ၀၉-၉၁၀၄၃၇၃၇၊ ၀၉-၄၅၀၂၀၀၇၃၇၊ ၀၉-၄၅၀၂၀၀၇၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း လျှုဒါန်းနိုင်ပါသည်။

**ဆေးရုံကြီးကြပ်ထောက်ပံ့ရေးအဖွဲ့**

# ကောင်းဆက် ဆေးဒိန်ချဉ်နှင့်ပေါင်းတင်ခြင်း

ခရီးသွားပြီးတိုင်း "ကောင်းဆက်" ကို သတိရပါ။ နေ့ပူထဲ သွားသွားရေငံပဲချိုးချိုး၊ ကောင်းဆက် အသားဖြူဆေး မိတ်ကပ်ကို လိမ်းထားရင် အသားမမဲတော့ပါ။ ၇.၁.၂၀၁၇ မှ ၇.၄.၂၀၁၇ထိ တစ်ဦးပေါင်းတင်ရင် တစ်ဦး (အခမဲ့) ပေါင်းတင်ပေးသည်။
ပင်ရင်း – အမှတ် (202-A) (3) လွှာ၊ ဘုန်းကြီးလမ်းနှင့် အနော်ရထာလမ်းထောင့် လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း 09449 448 009, 09 449 448 005
ဆိုင်ခွဲ – ကျောက်မြောင်း။ ဖုန်း – 09 - 420116218,01-542105

# ဦးကျော်ဇေယျ အမှုသည်များလက်စွဲ (ဒုတိယအကြိမ်)

မယ်နဲ့မောင်စာပေ၊ အမှတ်(၁၈၀)၊ ၄-လွှာ၊ အနော်ရထာလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉ ၉၆၅၁၅၃၆၄၀

## ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 7H-5510 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

# ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော် ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၇၆၆

ဒေါ်တင်တင်ယု **နှင့်** ၁။ ဦးမြင့်ရွှေ
၂။ ဒေါ်စန္ဒာအေး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ၂၇ လမ်း၊ အမှတ်(၃၁) (မြေညီထပ်)ရပ်နေ ဦးမြင့်ရွှေနှင့် ဒေါ်စန္ဒာအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်တင်ယုက ငွေကျပ် ၂၀၀၀၀၀၀၀ိ/-(ကျပ်သိန်းနှစ်ရာတိတိ)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက် (၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ခိုင်မျိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်၊ ဦးပိုင်အမှတ် ၁ᵃ၊ ဧရိယာ ဝ.ဒသမ ဝ၅၁ဧကရှိ မြေကွက်အား ဦးထွန်းရွှေ-ဒေါ်နီလာ၊ ၉/မထလ(နိုင်)၀၄၃၁၇၉၊ ၉/မထလ(နိုင်)၀၄၃၁၉၃၊ (ဘ) ဦးသာ၊ ဦးထွန်းစိန်မှ ဦးစံလှထွန်းမှ ဦးထွန်းရွှေ (ပါ) ၂ ဦးသို့ အရောင်းအဝယ်စာချုပ်မူရင်းပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်မူရင်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/မနူဟာ၊ ဦးပိုင်အမှတ် ၁၉၊ ဧရိယာ ဝ.ဒသမ ၃၁၅ဧကမှ ဧရိယာ ဝ.ဒသမ ၁၄၂ဧကအား ဦးအောင်လှမင်း ၉/တကန(နိုင်)၁၆၇၇၂၂ (ဘ) ဦးသန်းမြင့်မှ ဦးမြင့်အောင် (ပါ) ၃ဦးမှ ဦးအောင်လှမင်းသို့ အရောင်းအဝယ်စာချုပ်မူရင်း၊ ပိုင်ဆိုင်ကြောင်း တရားရုံး ကျမ်းကျိန်မူရင်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ ဦးပိုင်ခွဲမြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)
## ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)မှ အသင်းဝင်များတို့၏သားသမီးများ ၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ နှစ်ဘာသာနှင့် နှစ်ဘာသာအထက် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသားကျောင်းသူများတို့ကို ပညာရည်ချွန်ဆုပေးအပ်မည်ဖြစ်ပါသည်။

ပညာရည်ချွန်ဆုပေးအပ်နိုင်ရန်အတွက် အောက်ဖော်ပြပါ နာယကများနှင့်အမှုဆောင်များထံ ၁၀-၂-၂၀၁၇ ရက်နောက်ဆုံးထား၍ ဆက်သွယ်အကြောင်းကြားပါရန် ပန်ကြားအပ်ပါသည်။

၁၉-၂-၂၀၁၇ ရက် တနင်္ဂနွေနေ့တွင် အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ စကားစိမ်းလမ်း(နွယ်နီလမ်းထိပ်)သာသနာ့အလင်းရောင်ဓမ္မာရုံ၌ နံနက် ၉ နာရီတွင် ကျင်းပပါမည်။

**ဆက်သွယ်ရန်ပုဂ္ဂိုလ်များ-** ဦးစိန်ရွှေ ဖုန်း-၀၁-၅၁၉၁၀၄၊ ၀၁-၅၁၀၁၅၆
ဦးစိန်လှိုင် ဖုန်း-၀၉-၇၃၁၂၀၆၇၃
ဦးသန်းစိုး ဖုန်း-၀၉-၅၀၈၈၈၅၆
ဦးကျော်ခိုင် ဖုန်း-၀၉-၂၆၂၆၄၀၄၀၉၊ ၀၉-၉၆၄၅၄၀၄၀၉

**အမှုဆောင်အဖွဲ့**

---

စိုလ်မှူးကြီးသန်းမြင့် (ငြိမ်း) B.A တည်ထောင်အုပ်ချုပ်သည့်

# ပင်လုံနှင်းဆီ

ကက-၁၃/၁၁/၂၂၅

**ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ဘော်ဒါ**

**မူလတန်း၊အလယ်တန်း၊အထက်တန်း**

**စည်းကမ်းကောင်းသောကျောင်း**
**သင်ကြားမှုကောင်းသောကျောင်းဖြစ်သည်။**

- ကိုယ်ပိုင်ဆရာမှတ်ပုံတင်လက်မှတ်ရအတွေ့အကြုံရင့်(Ph.D, B.Ed, M.Sc, M.A)ဆရာဆရာမများမှစာသင်ခန်းအတွင်းတစ်ထိုင်တည်းရအောင်သင်ကြားပေးပါသည်။ Study guide များနှင့်တစ်နေ့စာတစ်နေ့အပြီးကျက်မှတ်ပေးပါသည်။
- ဂုဏ်ထူးဦးအောင်နိုင်(အင်္ဂလိပ်စာ)နှင့် ပါမောက္ခ၊တွဲဖက်ပါမောက္ခ၊ကထိကများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့်လည်းထပ်ဆောင်းသင်ကြားပေးပါသည်။
- တိုင်းနှင့်ပြည်နယ် စာမေးပွဲမေးခွန်းဟောင်းများကို နေ့စဉ်၊အပတ်စဉ်၊ လစဉ်လေ့ကျင့်ဖြေဆိုစေပါသည်။တက္ကသိုလ်ဝင်တန်းအတွက် စာမေးပွဲကြီးမေးခွန်းပုံစံ(၅)ကြိမ် လေ့ကျင့်ဖြေဆိုစေပါသည်။
- ၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင်ဖြဘာသာဂုဏ်ထူးရှင်(၂)ဦးနှင့်ဂုဏ်ထူးရှင်ပေါင်းများစွာမွေးထုတ်ပေးခဲ့ပါသည်။သိပ္ပံတွဲအောင်ချက်ရာခိုင်နှုန်း (၈၁.၁၈)ဖြင့်အောင်မြင်ခဲ့ပါသည်။
- အဆင့်မြင့်ဆိတ်ငြိမ် လုံခြုံအိမ်ရာတွင် ကျောင်းသား/ကျောင်းသူသီးသန့်စီ လုံးချင်းနှစ်ထပ်တိုက်များဖြင့် အဆင့်မြင့်သောဝန်ဆောင်မှုဖြစ်ပါသည်။
- ကျန်းမာရေးအတွက် အဆောင်တွင် ဆရာဝန်ထား၍ စောင့်ရှောက်ပေးပါသည်။

**၂၀၁၇-၂၀၁၈ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။**

အမှတ်(၆၄/၆၅)၊ ဘုရင့်နောင်လမ်းမကြီး၊ ပင်လုံဥယျာဉ်အိမ်ရာ၊အမှတ်(၆၆-စ)၊ နှင်းဆီလမ်း၊ ပင်လုံဥယျာဉ်အိမ်ရာ၊ (Rose Park II)၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
Ph: 09-2400261, 09448541535, 09-8792106, 09250666874

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၅၀၀၃ YAMAXA TTX ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ဇာလင်း ၅/ထခန(နိုင်)၀၄၆၂၅၃ က (ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

---




---

'သင်တန်းဟူသည် ထိပ်တန်းတစ်နေရာသို့ တက်ရာတွင် မရှိမဖြစ်လှေကားတစ်ခုဖြစ်သည်။'

**ALL Trainings Are Essenential For Your Success**
**Vehicle Driving & Maintenance Training**

၂၀၁၇ခု၊ အပါတ်စဉ်(၄၇)၊ ဖေဖော်ဝါရီလ (၃)ရက်နေ့ဖွင့်ပြီ

# ရောင်နီဦး
# AURORA

ယာဉ်မောင်း စက်ပြင်သင်တန်းကျောင်း

အမှတ် ၁၄၊ ဇင်မလမ်း၊ (၅)ရပ်ကွက်၊ (ရှမ်းရှင်ရုံနောက်ကျော)၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
**Ph-09-73235126, 09-43163080, 09-43170116**
သင်တန်းခွဲ -အမှတ် ၅၂၉၊ အနော်ရထာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
**Ph-09-43187831, 09-420317778**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/6164 Toyota Probox NCP 51/S/W (4x2)® ယာဉ်လက်ဝယ်ရှိသူ Zar Tha Pyin Int'l Trading Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/1889 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

---

### ဝန်ထမ်းအလိုရှိသည်(မ-၄ ဦး)

အရောင်းဝန်ထမ်း နှင့် စာရင်းကိုင်
အသက်(၃၀) နှစ်အတွင်း၊ ဘွဲ့ရ၊
အမျိုးသမီး၊ ရန်ကုန်တွင်လုပ်ရန်၊
လစာ ၂၀၀၀၀၀ ကျပ်
အလုပ်ချိန်
နံနက် 8:30 မှ ညနေ 6:00
စာရွက်စာတန်း အပြည့်အစုံနှင့်
ရုံးချိန်အတွင်း ဆက်သွယ်ရန်၊
ဖုန်း – ၀၉ ၄၉ ၃၃၅ ၁၂၃။

---



# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ ညည့်ခံပွဲကျေးဇူးတင်လွှာ

ထိုင်းနိုင်ငံ ဘန်ကောက်မြို့နေ
Mr. Suttipong Pongpatananurak & Mrs. Manee Srttima တို့၏ သား
Dr. Apichai Pongpatananurak
M.D(Mehidol University) Ramathlbodl Hospital
Interventional Cardiologist (Samitivej Sukumyit Hospital Group)
Chief of Heart Center Salmal Hospital(Central General Hospital Group)
Medical Teacher (Police General Hospital)
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်နေ
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်
(Chairman, Yuzana Group of Companies)+ ဒေါ်အေးအေးမော် တို့၏ သမီး
မအိအိဌေးမြင့်
B.A(Hons.) (Management), U.K
B.A(Hons.)(Chinese), U.K
Managing Director (Ayeyarwaddy Fisheries Ltd.)
Managing Director (Star Global Distribution Co., Ltd.)
Director (Annawar Tun Co., Ltd.)

တို့၏ ၉.၁၂.၂၀၁၆ ရက်နေ့တွင် **Sedona Hotel(Grand Ballroom)**၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းတရားသူကြီး ဦးတင်ထွေး(အနောက်ပိုင်းခရိုင်တရားသူကြီး) အားလည်းကောင်း၊ မင်္ဂလာအသိသက်သေအဖြစ် ဆောင်ရွက်ပေးကြပါသော ဒေါက်တာလေးမောင်နှင့်ဇနီး ဒေါ်သန်းသန်းအေး၊ ဒေါက်တာတင်ထွဋ် နှင့်ဇနီး ပါမောက္ခဒေါ်သန်းသန်းအေး၊ **Pol.Lt.Gen.Intadet Pornperaparn** နှင့် **Mrs. Khaearipornperaparn**၊ **Dr.Jitjumiong Harinasuta** နှင့် **Dr. Sukunya Harinasuta** တို့အားလည်းကောင်း၊ ၁၀.၁၂.၂၀၁၆ ရက်နေ့တွင် **Yuzana Garden Hotel** ၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေး ပရိတ်တရားတော်နာ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ဆုံးမသြဝါဒများပေးပါသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ် ပါမောက္ခ မဟာဌာနမှူး သာသနောဒယကျောင်းမှဆရာတော်ဘုရားကြီး ဒေါက်တာပရဝဘိဝံသနှင့်ဆရာတော်ကြီးများအား လည်းကောင်း၊ ၁၄.၁.၂၀၁၇ ရက်နေ့တွင် **Melia Hotel(Grand Ballroom)**၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်လက်ထပ် ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ နှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နှင့်ဇနီးဒေါ်မြင့်မြင့်ရီ၊ မင်္ဂလာရွှေဆွဲကြိုး ဆင်မြန်းပေးပါသော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီ၊ မင်္ဂလာစိန်လက်စွပ် ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး ဒေါ်ခင်မိမိကြွယ်တို့အား လည်းကောင်း၊ မင်္ဂလာပွဲသို့ကြွရောက် ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ကြီး သူရရွှေမန်း(ငြိမ်း) ပထမအကြိမ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးဒေါ်ခင်လေးသက် တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ သဝဏ်လွှာပေးပို့ပါသော ဂျပန်နိုင်ငံသံအမတ်ကြီး **H.E Tateshi Higuchi** အားလည်းကောင်း၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ကြပါသော ပြည်တွင်းပြည်ပမှ ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာလက်ဖွဲ့များချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မိတ်ဆွေသင်္ဂဟများအား လည်းကောင်း၊မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ ဦးကျော်စိုးဦး၊ **Ko Andy**၊ မတင်မိုးလွင်၊**Da Da**၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများ ဖြင့်သီဆိုဧည့်ခံပေးပါသော ရီရီသန့်၊နှင်းရီသန့် မြန်မာမှုတေးဂီတအဖွဲ့၊ မင်္ဂလာပန်း ကြဲပေးကြသူများ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး၊ မင်္ဂလာရွှေဆွဲကြိုး နှင့် မင်္ဂလာစိန်လက်စွပ်ကလပ် ကိုင်ဆောင်ပေးကြသူများ၊ မင်္ဂလာသတို့သားအရံ၊ မင်္ဂလာသတို့သမီးအရံ ဆောင်ရွက်ပေးကြသော ညီငယ်ညီမငယ်လေးများအားလည်းကောင်း၊ မိတ်ကပ်ဆံပင် မေဦးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ**Designer**မင်းသက်စံ (**Sweet & Smart**)၊ မင်္ဂလာလက်ဝတ်ရတနာများဆင်မြန်းပေးပါသော **She Shine**၊ဓာတ်ပုံနှင့် ဗီဒီယို**Exposure**ကိုနိုင်နိုင်ထွန်းနှင့်အဖွဲ့၊ ပန်းအလှပြင်**Eternal Flowers Floral Service**၊ **Zarni LED**အဖွဲ့၊ မင်္ဂလာဖိတ်စာ**Dagon** ပုံနှိပ်တိုက်၊ တိမ်လွှာမီးခိုးအလှဆင်ပေးပါသော **Myanmar Carbonic** အဖွဲ့၊ ၁၄.၁.၂၀၁၇ရက်နေ့တွင် **Melia Hotel(Grand Ballroom)**၌ ကျင်းပသော မင်္ဂလာညစာစားပွဲ နှင့် ၂၆.၁.၂၀၁၇ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ **Grand Hyatt Erawan Hotel** တွင်ကျင်းပသော မင်္ဂလာ ဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ **Sedona Hotel, Yuzana Garden Hotel, Melia Hotel** တို့မှ **Manager** နှင့်ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးပါသော မအေးသာ(**Signature Wedding & Events Planning**)၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် **Yuzana Group of Companies** မှ ဝန်ထမ်းမိသားစုအားလုံးအား လိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
Dr. Apichai Pongpatananurak+မအိအိဌေးမြင့်






## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဘိုးတော်ဘုရား၊ ဦးပိုင်အမှတ် (၃၈)၊ ဧရိယာ ၀ဒသမ ၂၁၆ဧကရှိ ဦးပါကြီး အမည်ပေါက် နှစ် ၃၀ဂရန်မြေကွက်မှ ဧရိယာ၀ဒသမ၁၀၆ဧကအား ဦးမောင်မောင်တာ ၁၃/မယတ(နိုင်)၀၀၀၅၈၉ (ဘ) ဦးသိုက်ထွန်းမှ ဦးပါကြီးအမည်ပေါက် နှစ် (၃၀) ဂရန်မူရင်း၊ ဦးပါကြီးမှ ဦးမောင်မောင်တာသို့ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ၈၇/၂၀၀၇မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြ၍ ဦးပိုင်ခွဲမြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/ကျန်စစ်သား၊ ဦးပိုင်အမှတ် ၁၀^က၊ ဧရိယာ၀ဒသမ၁၀၉ဧကရှိ ဒေါ်ဗျားသာ အမည်ပေါက်နှစ် ၂၀ ဂရန်မြေကွက်အား ဦးတင်မိုးထွန်း+ ဒေါ်ခင်ဖြူ၊ ၉/တကန(နိုင်)၀၀၉၀၃၃၊ ၉/တကန(နိုင်) ၀၁၁၅၁၅ (ဘ)ဦးထွန်းဆိုင်၊ ဦးပုမှ ဒေါ်ဗျားသာ အမည်ပေါက် နှစ် ၂၀ ဂရန်မူရင်း၊ ဒေါ်ဗျားသာမှ ဦးတင်မိုးထွန်း (ပါ) ၂သို့ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ၁၄/၂၀၁၁မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်အမှတ် ၁၆၄၊ ၁၆၅၊ ဧရိယာ ၀ဒသမ၁၀၈ဧကရှိ ဒေါ်ဇင်မာမြင့် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်စိုးစိုးလွင် ၁၄/မမန(နိုင်) ၀၂၈၁၀၇(ဘ)ဦးတင်လှမှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူအရပ်ကတိအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုဇယား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရန် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဖယ/၅၈၁၈၇ Luojia 110 အမည်ပေါက်သူ/ယာဉ်လက်ဝယ်ရှိသူ ဦးလွင်မောင်လတ် ၁၄/ပသန(နိုင်)၁၈၉၅၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

# ဘဝနတ်ထံပျံလွန်တော်မူခြင်း

## မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေး၊ မဟာစည်သာသနာ့ရိပ်သာ

## ဆရာတော် ဘဒ္ဒန္တအာဒိစ္စ မဟာထေရ်

## (သာသနာ့ဓဇ သိရီပဝရ ဓမ္မာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)

## သက်တော်(၉၀)၊ သိက္ခာတော်(၇၁)ဝါ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေး မဟာစည်သာသနာ့ရိပ်သာ၌ သီတင်းသုံးတော်မူသော ဆရာတော် ဘဒ္ဒန္တအာဒိစ္စ မဟာထေရ် (သာသနာ့ဓဇ သိရီပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)သည် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက်) ၂၃-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၂း၁၅ နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၂ရက်) ၂၉-၁-၂၀၁၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေး မဟာစည်သာသနာ့ရိပ်သာ၌ ဈာပနအခမ်းအနားကျင်းပပြီး ယင်းကျောင်းတိုက်၏ အရှေ့မြေကွက်ဈာပနကွင်းကြီးသို့ စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်ကာ အဂ္ဂိဈာပနပွဲကျင်းပပြုလုပ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ၊ ဒါယိကာမများအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**
**မော်လမြိုင်မြို့**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်အေးခင် အသက်(၁၀၁)နှစ်**

**B.A,BED,B.E.S**

**ကျောင်းအုပ်ဆရာမကြီး၊ အထက စိန့်ဖလိုမီနာ၊ အထက ထီးတန်း (ဟုမ်းလမ်း)၊ အထက(၁)ဒလ၊ အထက(၁)သာကေတ၊ အထက(၁)စမ်းချောင်း၊ အထက ဆိပ်ကြီးခနောင်တို၊ အထက(၄) စံပြ မြောက်ဥက္ကလာပ**

မန္တလေးမြို့၊စိန်ပန်းရပ်နေ(အရေးပိုင် ဦးဖဲ-ဒေါ်မေ) တို့၏သမီး၊ ရန်ကုန်မြို့ (အထက်) ကြည့်မြင်တိုင်မြို့နယ်၊ပွဲစားလမ်း၊ အမှတ် ၇၄နေ (ဦးအုန်းတင်)၏ဇနီး၊ (ဦးသောင်းညွန့်)-ဒေါ်အေးအေးသိန်း၊ ဒေါ်မေမြတ်မွန် (မစဘ ရုံးချုပ်-ငြိမ်း)၊ (ဦးမျိုးမင်းသိန်း)-ဒေါ်စန္ဒာ(Myint & Associates Co.,Ltd) တို့၏မိခင်၊မသက်မှူးသွယ်(ထ-၂၊ စမ်းချောင်း)၏ဘွားဘွားကြီးသည်၂၅-၁-၂၀၁၇ ရက် နံနက်၈နာရီတွင်ကွယ်လွန်သွားပါသဖြင့် ညနေ၄နာရီတွင်ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဥဥခင် (မိုးကုတ်ယောဂီ)

**(ဖျာပုံမြို့)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၂၁၊ ၂၈လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်နေ [ဒုတိယဗိုလ်မှူးကြီး လှမောင် (ပဲခူးတိုင်းတရားသူကြီး-အဖွဲ့ဝင်၊ ငြိမ်း)]၏ဇနီး၊ ဒေါ်လှလှဦး၊ ကပ္ပတိန်ထွဋ်ထွဋ်-ဒေါ်ချိုချိုစန်း၊ ဗိုလ်မှူးထွန်းထွန်း(ငြိမ်း၊ ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ နိုင်ငံတော်သမ္မတရုံး)-ဒေါ်မာလာသိန်း၊ ဒေါ်မြတ်မြတ်ဦး (အတွင်းရေးမှူး၊ အမျိုးသမီးဘောလုံးကော်မတီ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)-ဦးကျော်ကျော်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်)၊ ဗိုလ်မှူးချုပ် မျိုးသန့် (ပါမောက္ခချုပ်၊ ပြင်ဦးလွင်)-ဒေါ်သီတာတိုးတို့၏မိခင်ကြီး ဒေါ်ဥဥခင်သည် ၂၃-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၃း၃၅ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂) တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်ဇော်(ဥက္ကဋ္ဌ)-ဒေါ်ငွေငွေခိုင်**
**Max Myanmar Holding Co.,Ltd**

---

# ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသုမနာနန္ဒ

**မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ**

**ပဓာနမဟာနာယကဆရာတော် ဆုတောင်းပြည့်ကျောင်းတိုက်**

**သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ဆုတောင်းပြည့်ကျောင်းတိုက် ပဓာန မဟာနာယကဆရာတော်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ သာသနာ့ဓဇသိရီပဝရ ဓမ္မာစရိယ ဘဒ္ဒန္တသုမနာနန္ဒ မဟာထေရ်ဆရာတော်ကြီးသည် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ရက်) ၂၂-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁း၄၀နာရီတွင် တစ်ဘဝ၊ တစ်သံသရာ၊ တစ်ခန္ဓာချုပ်ငြိမ်း၍ ပျံလွန်တော်မူသွားပါသဖြင့်(၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁ရက်)၂၈-၁-၂၀၁၇ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ သီးခြားလောင်တိုက်တော်ဖြင့် အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှတပည့်ရဟန်းသံဃာ၊ ဒါယကာ၊ ဒါယိကာမများ၊ ဆွေတော်မျိုးတော် အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ဈာပနကော်မတီ**
**ဆုတောင်းပြည့်ကျောင်းတိုက်**

---

## မိဘအမည်မှန်

အထက (၁) ဟုမ္မလင်း နဝမတန်း(G) ကျောင်းဝင်အမှတ် (၁၁၉၅၂) မနန်းဇင်ခမ်း၏ မိဘအမည်မှန်မှာ ဦးခေါင်လွမ်း ၁၃/ကလတ(နိုင်)၀၃၉၄၂၈- ဒေါ်အဲစိန် ၅/ဟမလ(နိုင်)၀၈၇၂၇၁ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

အထက(၁)ဟုမ္မလင်း နဝမတန်း (I) ကျောင်းဝင်အမှတ် (၁၁၉၀၀) မှ မသင်းသင်းချယ်၏ ဖခင်အမည်မှန်မှာ ဦးဖေရင် ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

အထက(၁)၊ ဟုမ္မလင်း၊ နဝမတန်း (C)၊ ကျောင်းဝင်အမှတ် ၁၂၂၁၉ မသဲဖြူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးပန်းမြိုင် (HMN-၀၉၆၃၀၆) ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

အထက(၁)၊ဟုမ္မလင်း၊ နဝမတန်း (C)၊ကျောင်းဝင်အမှတ်(၁၂၃၇၆) နောင်နေဆန်းဦး၊ဟုမ္မလင်းမြို့နယ်၊ ငေါက်စားကျေးရွာအလက(ခွဲ) သတ္တမတန်းမှ မောင်နေဆန်းလင်း၊ တတိယတန်းမှ မအိအိမ်ဖြိုး၊(KG)တန်းမှမောင်ဝဏ္ဏဇော်တို့၏ဖခင် ဦးကျော်ဝင်း(ခ)ဦးကျောက်ပွင့် ၅/ဟမလ(နိုင်)၀၅၅၄၀၄ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ဝင်း(ခ)ဦးကျောက်ပွင့်**

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/9675 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ရီရီမြင့် အသက်(၈၄)နှစ်

**လက်ထောက်မန်နေဂျာ (ငြိမ်း) မြန်မာ့စီးပွားရေးဘဏ်ခွဲ (၁)**

ရန်ကုန်လုပ်သားများကောလိပ် သတ္တဗေဒကျောင်းသား/ကျောင်းသူဟောင်းများ၏ လူမှုရေးကူညီစောင့်ရှောက်မှုအသင်းအတွင်းရေးမှူး ဒေါ်မော်မော်ထွန်း၊ ဗိုလ်မှူးအောင်ကျော်နှင်း(တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)တို့၏ မိခင် ဒေါ်ရီရီမြင့် သည် ၁၇-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်-လုပ်သားများကောလိပ်သတ္တဗေဒ**
**ကျောင်းသား/ကျောင်းသူဟောင်းများ၏ လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

---

# ဝမ်းနည်းကြေကွဲခြင်း

## ဦးထွန်းရီ

**တပ်မတော်(လေ)(ငြိမ်း)**

**အသက်(၇၉)နှစ်**

သူငယ်ချင်း ဦးမိုးလွင်-ဒေါ်ခင်မျိုးလှိုင်တို့၏ ဖခင်ဦးထွန်းရီသည် ၂၃-၁-၂၀၁၇ရက် (တနင်္လာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်း အမှတ်စဉ်(၈၈)မှသူငယ်ချင်းများ**

---

## ဒေါက်တာထင်ပေါ် (မကွေး)

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်းနေ (ဦးထင်ကြူး-ဒေါ်မြရီ)တို့၏သား၊ ဦးခင်မောင်တိုး-ဒေါ်ယဉ်မေတို့၏မောင်၊ ဒေါက်တာထင်ကျော်-ဒေါ်ဘီဘီဝင်း၊ ဒေါ်မော်မော်၊ ဒေါက်တာထင်ဇော်-ဒေါ်အေးအေး၊ ဒေါက်တာတင်လတ်-ဒေါက်တာလှမေ၊ ဒေါ်ငွေလှတို့၏အစ်ကို၊ ဒေါက်တာသူဇာဟန်၏ခင်ပွန်း၊ ဗိုလ်မှူးဟန်ဝင်းအောင် (ငြိမ်း)-ဒေါ်စောမွန်တို့၏ဖခင်၊ ဆောင်းသော်တာအောင်၏အဘိုး၊ မကွေးမြို့၊ မြင်သာရပ်၊ စွယ်တော်လမ်းနှင့် ၁၉လမ်းထောင့်နေ ဒေါက်တာထင်ပေါ်သည် ၂၁-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် မကွေးမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဝမ်းနည်းကြေကွဲခြင်း

## မောင်အုပ်ပိုင်စိုး

**အသက်(၂၂)နှစ်**

စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုလွင်-ဒေါ်မြင့်မြင့်မော်တို့၏သား မောင်အုပ်ပိုင်စိုးသည် ၂၅-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစု**

---

# ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**

## ဦးရဲမြင့်ဦး

**Managing Director**
**(Golden One Star Co.,Ltd)**

**အသက်(၅၈)နှစ်**

မန္တလေးမြို့၊ အမှတ်(၃၈၅)၊ (၈၂)လမ်း၊ (၃၀×၃၁)လမ်းကြားနှင့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(Q-B)၊ မြကန်သာ(၁)လမ်းနေ (ဦးယုံစိန်)-ဒေါ်ဂျာဂျာမြင့် (စိန်ရတနာအထည်ဆိုင်)တို့၏သား ဦးရဲမြင့်ဦးသည် ၂၃-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၅း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာနှင့်ဝန်ထမ်းများ**
**မြတ်နိုးသူကုမ္ပဏီလီမိတက်**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ချစ်ခင်လေးစားရတဲ့ သူငယ်ချင်း ကိုစိုးတင်ဝင်း အသက်(၄၃)နှစ်သည် ရုတ်တရက် ကွယ်လွန်သွားကြောင်း ကြားသိရတဲ့အတွက် မိသားစု သူငယ်ချင်းများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း ကိုစိုးတင်ဝင်းတစ်ယောက် ကောင်းရာမွန်ရာ ဘဝသို့ ရောက်ရှိနိုင်ပါစေ။

**ကိုစိုင်းညွန့်အောင်-မခင်မျိုးဝင်းမိသားစု**
**Smart ကုန်စည်ပို့ဆောင်ရေး**
**ဂျယ်ဝေါင်**

---

# ဝမ်းနည်းကြေကွဲခြင်း

## မောင်အုပ်ပိုင်စိုး

**အသက်(၂၂)နှစ်**

စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၏သား မောင်အုပ်ပိုင်စိုး သည် ၂၅-၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**ဆေးဝါးစက်ရုံ(အင်းစိန်)**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခိုင်ဇော်လင်း ၉/ကပတ(နိုင်)၁၇၉၆၇၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၈၆၄၆၉၀၃**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၉-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာမှ ဦးကျော်ဝင်းအောင်၏ ပါမစ်လျှောက်အစား ပါမစ်ပျောက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဆရာမကြီးဒေါ်သန်းနွဲ့

**အပူဇော်ခံ ဆရာမကြီး၊ အထက(၁)၊ သန်လျင်**

**အသက် (၉၀)**

သန်လျင် အထက(၁)မှ အပူဇော်ခံဆရာကြီး (ဦးသာဟန်)၏ဇနီး အပူဇော်ခံဆရာမကြီး ဒေါ်သန်းနွဲ့သည် ၂၄-၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းသားဟောင်းများအာစရိယပူဇော်ပွဲ**
**ကျင်းပရေးဗဟိုအဖွဲ့**
**အထက(၁)၊ သန်လျင်**

---

## ဒေါ်ရီရီငွေ (စိန်ပွဲစားမငွေ) (မြိတ်)

**အသက် (၆၃)နှစ်**

မြိတ်မြို့၊ လှည်းထိန်စုလမ်း၊ ဈေးတန်းရပ်၊ အမှတ် ၈၈နေ (ဦးကျော်သိန်း-ဒေါ်ကြည်ညွန့်)တို့၏သမီး၊ ဦးအင်တိတ်-(ဒေါ်ခင်အေးမြင့်)၊ ဦးမျိုးသန့်-ဒေါ်ခင်ခင်အေး၊ (ဦးသန်းငွေ)-ဒေါ်ခင်အေးလွင်တို့၏ ညီမ၊ ဦးအောင်သန်း-ဒေါ်အင်မူ၊ ဦးမျိုးအောင်-ဒေါ်မြင့်ပို၊ ဦးသန်းဝင်း- ဒေါ်နီလာအေး၊ ဦးမျိုးညွန့်- ဒေါ်ဥမ္မာမြင့်တို့၏အစ်မ၊ မအိဖြူမျိုး (သရုပ်ပြ၊ ရူပဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်) (Preliminary Physics Stu-dent၊ ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသောမိခင်၊ တူ/တူမ ၁၅ယောက်တို့၏ အဒေါ်သည် ၂၂-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၈း၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၇ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၂၈-၁-၂၀၁၇ ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ဇေယျဝတီစာသင်တိုက်၊ ပုညဝတီကျောင်း၊ စမ်းချောင်းမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ရဲအုပ်သန်းမင်း

**လ/၁၁၃၇၄၂**

**မှူခင်းမှတ်တမ်းတာဝန်ခံ၊ ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့**

**ဒုရဲအုပ်လောင်းသင်တန်း (၁၄/၉၀)**

**အသက် (၅၅)နှစ်**

ရွှေပြည်သာမြို့မ ရဲစခန်းဝင်းနေ ဒေါ်နုနုဆွေ၏ ချစ်ခင်ပွန်း၊ ကိုရန်နိုင်-မစုစန္ဒာအေးသိန်း၊ မမေမြတ်နိုးတို့၏ဖခင် ရဲအုပ်သန်းမင်းသည် ၂၁-၁-၂၀၁၇ ရက် ညနေ ၆း၁၅ နာရီတွင် ရန်ကုန်ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုရဲမှူးကြီး ယုနိုင်၊ ရဲမှူးမြင့်အေး၊ ရဲမှူးတင်ထွန်း၊ ရဲမှူးခင်ခင်စိုး၊ ရဲမှူးခင်မော်မော်၊ ဒုရဲမှူးတင်ထွဋ်၊ ဒုရဲမှူးသိန်းအေးနှင့် ဒုရဲအုပ်လောင်းသင်တန်း (၁၄/၉၀) မှ သူငယ်ချင်းမိသားစုများ**

## မောင်အုပ်ပိုင်စိုး

**Diploma in Business Management,**
**Diploma in Construction and the Built Environment**

**အသက်(၂၂)နှစ်**

ရန်ကုန်မြို့နေ (ဦးထွန်းရီ-ဒေါ်စိုးကြည်)၊ မော်လမြိုင်မြို့နေ (ဦးဘသိန်း)-ဒေါ်မြည္ဒွန့်တို့၏မြေး၊ ရန်ကုန်မြို့၊ အမှတ် ၉၊ ဆေးဝါးအရာရှိရိပ်သာ၊ အနောက်ကြို့ကုန်းနေ ဗိုလ်မှူးကိုကိုလွင်(ငြိမ်း) အမြဲတမ်းအတွင်းဝန်/ဦးဆောင်ညွှန်ကြားရေးမှူး (မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်မော်တို့၏ချစ်လှစွာသောသား၊ ကိုငြိမ်းခန့်ကို၏ညီ၊ မသီရိမေသူ၊ မပန်းမြတ်သီရိတို့၏အစ်ကိုသည် ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၇ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။(စက်မှုဆေးဝါးအရာရှိရိပ်သာနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## မောင်အုပ်ပိုင်စိုး

**အသက်(၂၂)နှစ်**

စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/ဦးဆောင်ညွှန်ကြားရေးမှူး (မြန်မာ့ဆေးဝါးလုပ်ငန်း) ဦးကိုကိုလွင် - ဒေါ်မြင့်မြင့်မော်တို့၏ချစ်လှစွာသောသားလတ် မောင်အုပ်ပိုင်စိုး အသက်(၂၂)နှစ်သည် ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားခဲ့ခြင်းအတွက် သူငယ်ချင်းတို့မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထက-၅၊ ဗိုလ်တထောင်**
**1982 Batch**
**ငယ်သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## မောင်အုပ်ပိုင်စိုး

**HND (Civil) Diploma and Management (Singapore)**

**အသက်(၂၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ အမှတ် ၉၊ BPI အရာရှိရိပ်သာဝင်းနေ စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုလွင်-ဒေါ်မြင့်မြင့်မော်တို့၏သား မောင်အုပ်ပိုင်စိုးသည် ၂၅-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း
## မောင်အုပ်ပိုင်စိုး

**'Diploma in Business Management,Diploma in Construction and the Built Environment'**

**အသက်(၂၂)နှစ်**

ရန်ကုန်မြို့နေ (ဦးထွန်းရီ-ဒေါ်စိုးကြည်)၊ မော်လမြိုင်မြို့နေ (ဦးဘသိန်း)-ဒေါ်မြည္ဒွန့်တို့၏မြေး၊ ရန်ကုန်မြို့၊ ဆေးဝါးအရာရှိရိပ်သာ၊ အနောက်ကြို့ကုန်း၊ အမှတ်(၉)နေ ဗိုလ်မှူးကိုကိုလွင်(ငြိမ်း)အမြဲတမ်းအတွင်းဝန်/ဦးဆောင်ညွှန်ကြားရေးမှူး (မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန) - ဒေါ်မြင့်မြင့်မော်တို့၏ချစ်လှစွာသောသားလတ်၊ ကိုငြိမ်းခန့်ကို၏ညီ၊ မသီရိမေသူ၊ မပန်းမြတ်သီရိတို့၏အစ်ကိုလတ်သည် ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စက်မှုသင်တန်းကျောင်းများမှ**
**ကျောင်းအုပ်ကြီးများနှင့်ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## မောင်အုပ်ပိုင်စိုး

**'Diploma in Business Management,Diploma in Construction and the Built Environment'**

**အသက်(၂၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ အမှတ် ၉၊ BPI အရာရှိရိပ်သာဝင်းနေ စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုလွင်-ဒေါ်မြင့်မြင့်မော်တို့၏သား မောင်အုပ်ပိုင်စိုးသည် ၂၅-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စက်မှုဝန်ကြီးဌာန**
**တည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေးကော်မတီ**
**Vetting အဖွဲ့မှ အင်ဂျင်နီယာများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## မောင်အုပ်ပိုင်စိုး

**အသက်(၂၂)နှစ်**

စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်-ဒေါ်မြင့်မြင့်မော်တို့၏သား မောင်အုပ်ပိုင်စိုးသည် ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် ရုတ်တရက် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမင်းထွဋ်-ပါမောက္ခဒေါက်တာချိုချိုညွှန့်**
**ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## မောင်အုပ်ပိုင်စိုး

**အသက်(၂၂)နှစ်**

စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၏သား မောင်အုပ်ပိုင်စိုးသည် ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက်ပိုင်းတွင် ရုတ်တရက် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေး-ဒေါက်တာဒေါ်အေးအေးမြင့် မိသားစု**
**Kyaw Thar Engineering & Construction Group Co.,Ltd.**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသန္တိမာ (ရပ်/ကျေး သံဃနာယကဥက္ကဋ္ဌ)
**သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၆၀)ဝါ**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအုပ်စု ရပ်/ကျေးသံဃနာယကဥက္ကဋ္ဌ၊ မြို့နယ်သံဃာ့ဝန်ဆောင် သပြေချောင်းရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တသန္တိမာသည် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်) ၂၆-၁-၂၀၁၇ရက်(ကြာသပတေးနေ့)ညနေ ၅း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၃၀-၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်ပွဲကြီးအား ဆင်ယင်ကျင်းပပြုလုပ် ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

## ဦးထွန်းဟန်ရွှေ (မြိတ်)
**အသက်(၇၃)နှစ်**

မြိတ်မြို့နေ (ဦးဖိုးဟန်-ဒေါ်ခင်ကြည်)တို့၏သား၊ (ဒေါ်လွယ်တင်)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ် ၈၅နေ ဦးရဲထွန်း-ဒေါ်ဟေမာန်ထွန်း၊ ဦးငွေထွန်းဇော်-ဒေါ်လဲ့ဝင်းလှိုင်၊ ဦးမျိုးသိန်းထွန်း-ဒေါ်စုစုညို၊ ဦးကျော်မင်းထွန်း၊ ဦးညီထွေးထွန်း-ဒေါ်သက်မာဝင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၃-၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ အလုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ငပုတောမြို့နယ်အသင်း(ရန်ကုန်)
### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးသိန်း အသက်(၇၃)နှစ်
**ပညာရေးဌာန(ငြိမ်း)**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့၊ တောင်ပိုင်းရပ်ကွက်၊ မဋ္ဌူလမ်းနေ (ဦးမောင်ထိန်-ဒေါ်အေးစိန်)၏သမီး၊ (ဦးမောင်စော-ဒေါ်မလေး)၏သမီးချွေးမ၊ ဦးလှငွေ (ရွှေမြင်တင်စေတီတော် ဂေါပကဥက္ကဋ္ဌ၊ ငပုတောမြို့နယ်အသင်း သက်ကြီးကန်တော့ခံပုဂ္ဂိုလ်)၏ဇနီး၊ ဒေါက်တာအောင်သန်းစိုး-ဒေါ်သန့်သန့်အေး (အထက-ငပုတော)၊ ဦးမျိုးအောင်-ဒေါ်ချယ်ရီဝင်း(အမက-၁)၊ ဦးအောင်နိုင်-ဒေါ်ဖြူဖြူမာ၊ ဒေါ်မိုးမိုးအေးတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၆-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၇ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ငပုတောမြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးအေးမောင်
### အလယ်တန်းပြဆရာကြီး(ငြိမ်း)၊ အထက(၁)အလုံ
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ အထက(၁)အလုံကျောင်းဝင်းနေ (ဦးမောင်လှ-ဒေါ်အေးကြိုင်)တို့၏သား၊ (ဦးငြိမ်းမောင်)၊ ဦးသိန်းတို့၏ညီ၊ (ဦးဖိုးစီ)၊ ဒေါ်တင်ထွေး၊ ဒေါ်နုနုကြည်တို့၏အစ်ကို၊ ဒေါ်ခင်ကြည်(အလယ်တန်းပြ၊ ငြိမ်း)၏ခင်ပွန်း၊ ကိုဇော်ဝင်းထွန်း၊ (မဇာခြည်လင်း)တို့၏ဖခင်သည် ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ည ၇း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၁၇ ရက် (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုင်းအောင်လေး
**အသက်(၅၀)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ ၂လမ်း၊ အမှတ် ၄/ခနေ(ဦးအောင်သိန်း)-ဒေါ်သန်းတင်တို့၏သားသမက်၊ ဒေါ်အေးဝင်း၏ခင်ပွန်း၊ မနန်းအိအိမိုးဦး(ရုံးချုပ်၊ Card ဌာန၊ AYA Bank)၊ မောင်ဟိန်းဝင်းထွန်း (ရန်ကုန်-၁၁၊ ဘဏ်ခွဲ၊ AYA Bank)တို့၏ ဖခင်သည် ၂၆-၁-၂၀၁၇ရက် နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၇ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်ရုံး (ကောလင်းမြို့)
**အသက်(၇၇)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ မြို့မမြို့ကုန်းရပ်ကွက်၊ ၁၂လမ်းနေ (ဦးကျောက်လုံး - ဒေါ်စောဖြူ)တို့၏သား၊ ဒေါ်မလေး၏ခင်ပွန်း၊ (ဦးမျိုးဝင်း)-ဒေါ်အောင်မေစိန်၊ ဒေါ်ခင်စန္ဒာ (အထက-ကောလင်း)၊ ဒေါ်ခင်ချိုနွယ်၊ ဒေါ်ခင်ချိုမာ(ခေတ္တ-စင်ကာပူ)၊ (ဒေါ်မြတ်မြတ်မွန်)၊ ဦးစောသူရ (မန်နေဂျာ အင်/ယာ၊ ဗဟန်းမြို့နယ် လျှပ်စစ် မန်နေဂျာရုံး၊ YESC) - ဒေါ်သက်မွန်မြင့်၊ ဦးဝေလျံထွန်း (SAE ခေတ္တ-ရွှေစာရံ ဓာတ်အားခွဲရုံ)တို့၏ ဖခင်၊ ကိုရှိန်းလတ်မျိုး(AGE)-မဆုဝတ်မှုံတင် (AGE)၊ မရှိန်းသန္တာမျိုး (အလကခွဲ တောင်ကြား)၊ မလဲ့ရတီဦး(Grade-X ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏အဘိုး၊ မဟေသာ သံစဉ်၏အဘေးသည် ၂၄-၁-၂၀၁၇ ရက် ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၁-၂၀၁၇ရက်တွင်ကောလင်း သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၁-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ယုံဝေ (မြိတ်)
**အသင်းဝင်အမှတ်(၃၇၀၃)**
**အသက်(၇၄)နှစ်**

မြိတ်မြို့၊ ကန်ဖျားရပ်၊ လမင်းလမ်း၊ အမှတ် ၅နေ ဦးဥမ်ရီ၏ ဇနီးသည် ၂၅-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

### ရဟန်းအမကြီး
## ဒေါ်ငွေငွေစိန် (မငွေး)
**ပုဇွန်တောင်ဈေး**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၉၄၊ မြောင်းကြီးလမ်း၊ရေကျော်၊လေးလွှာ(ဝဲ)နေ ဦးထွန်းမြင့်၏ချစ်လှစွာသောဇနီး၊ ဦးကျော်ဇေယျ-ဒေါ်တင့်တင့်ထွန်း၊ ဦးမင်းဇော် (သချာ်) B.E (Civil)-ဒေါ်ကြည်သာထွန်း၊ ဦးအောင်ဇော်ထွေး - ဒေါ်အေးမြတ်သူတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၅-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြသန်း (ကြံခင်း)
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့နေ (ဦးညိုမောင်-ဒေါ်အုန်းရှင်)တို့၏သမီး၊ (ဦးတက်တူး)၏ဇနီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ပုသိမ်ညွှန့် ၈လမ်းနေ ဦးစိုးလွင် (ဦး/ရှိ၊ ဆည်မြောင်း၊ ငြိမ်း) ဒေါ်တင်ဌေးဦး (YCDC) လမ်းနှင့်တံတား (ငြိမ်း)တို့၏မိခင်၊ မောင်ဘိုဘိုလင်း-မတင်ဦးခိုင် (YCDC) မြို့/မြေဌာန၊ မောင်အောင်ကျော်မြင့်-မအိန္ဒြာနွန်းလဲ့ပိုင်၊ မောင်ပိုင်ဟိန်းထူးတို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၂၆-၁-၂၀၁၇ရက် နံနက် ၁၀း၁၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်လှကြည်
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၁)ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ အမှတ် ၅၅၀နေ (ဦးတင့်လွင်)၏ဇနီး၊ ဒေါ်အေးအေးနွယ်၊ ဦးသန့်ဇင် C/E (MAERSK) - ဒေါ်စိုးစိမ့်လတ်၊ ဒေါ်သီတာနွယ် (သူနာပြုဆရာမကြီး၊ စံပြဆေးရုံ)၊ ဦးတင့်အောင်လွင် 2/E (Liz Star)-ဒေါ်ယုယုသိန်း၊ ဦးသန်းဇော်လွင် C/O(SSC Shipmanagement Pte, Ltd)-ဒေါ်ဖြူဖြူဘို၊ ဒေါက်တာဒေါ်ဥမ္မာလွင် (လက်ထောက်ကထိက၊ ပုသိမ်တက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၅-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းအေး(ခ) ဒေါ်ကျည်းတန်
**(သီရိမင်္ဂလာဈေး)**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေ ၁လမ်းအရှေ့၊ အမှတ် ၇၈၁နေ (ဦးပု-ဒေါ်စာ)တို့၏သမီး၊(ဦးစံတုတ်-ဒေါ်နှင်းကြည်)တို့၏သမီးချွေးမ၊ ဦးထွန်းအောင်-ဒေါ်သောင်းရီ၊ ဒေါ်တင်ရီတို့၏ညီမ၊ ဦးစိန်သောင်း၏ချစ်လှစွာသောဇနီး၊ မခင်ပပအောင်၊ ကိုခင်ကြိုင်-မလဲ့ရည်ဝင်း၊ ကိုမျိုးသီဟ-မဝေဖြိုးအောင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၆-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၇ရက် (စနေနေ့) ညနေ ၄နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းစိုး
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ ၁၀လမ်း၊ အမှတ် ၆၃၀နေ (ဆရာဦးညွှန့်-ဒေါ်ချောမေ)၊ ဦးသောင်းတင်-ဒေါ်စုစု၊ (ဒေါ်စိန်မြိုင်)တို့၏သမီး၊ (ဦးနန်းစိုး)၊ ဦးသစ်လွင်-ဒေါ်မြင့်မြင့်ဆွေ၊ ဦးမြင့်သောင်း-ဒေါ်လှလှနှင်းတို့၏အစ်မ၊ ကိုအောင်မျိုးဇော်-မဖြူပြာမြင့်၊ မစောနန်းမွန်တို့၏ ချစ်လှစွာသောမိခင်၊ ဦးစန်းမောင်၏ ချစ်လှစွာသောဇနီးသည် ၂၆-၁-၂၀၁၇ ရက် (ကြာသပတေးနေ့) နံနက် ၆း၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၁-၂၀၁၇ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တတိက္ခ (တိုင်းဩဝါဒါစရိယ)
**သက်တော်(၉၈)နှစ်၊ သိက္ခာတော်(၇၈)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ ကုန်းတန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကဆရာတော် ဘဒ္ဒန္တတိက္ခသည်(၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်) ၁၅-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၅း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) ၇-၂-၂၀၁၇ရက်(အင်္ဂါနေ့)တွင် ကုန်းတန်းကျောင်းတိုက်အတွင်း၌ စံကျောင်းချအခမ်းအနားကျင်းပပြီး ၈-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ပေါင်းတလည်မြို့ကုန်းတန်းကျောင်းတိုက်ကြီးအတွင်း၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင်ပွဲကြီးအား နှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပြုလုပ် ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တထေရဝံသ
### မူလဓမ္မာစရိယ၊ ပဓာနဆရာတော်
### ဘုရားသုံးဆူထေရာရာမစာသင်တိုက်
**သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၉)ဝါ**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ဘုရားသုံးဆူ ထေရာရာမစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ ကွင်းကောက်မြို့ သီရိမင်္ဂလာကျောင်းကြီးစာသင်တိုက်၏နာယက၊ ကွင်းကောက်မြို့ နန္ဒာလ၊ နန္ဒာသီရိ၊ နန္ဒာမုနိစေတီတော်ကြီးများ၏ ဩဝါဒါစရိယ၊ (ခမည်းတော် ဦးအောင်သန့်-မယ်တော်ဒေါ်သိန်းခ)တို့၏သားဦးရတနာ၊ ဦးစံသိန်း-ဒေါ်ချို၊ ဦးစိုးတင့်-ဒေါ်စိုး၊ ဦးမြသောင်း-ဒေါ်စိန်၊ ဦးအောင်ကျော်-ဒေါ်စန်းတို့၏ အစ်ကိုဖြစ်တော်မူသော ဘဒ္ဒန္တထေရဝံသ ဆရာတော်ကြီးသည် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်) ၂၅-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်(၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၄ရက်) ၃၁-၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကျောင်းတိုက်မှကားများထွက်ခွာပြီး မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ရဟန်းသံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနကော်မတီ
ဘုရားသုံးဆူထေရာရာမစာသင်တိုက်

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်ကြီးစိုးထွန်းအောင်(ငြိမ်း)၏မိခင် ဒေါ်ထွေးကြည် အသက်(၈၈)နှစ်သည် ၂၄-၁-၂၀၁၇ရက် (အင်္ဂါနေ့)တွင် မုံရွာမြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း**
**အမှတ်စဉ်(၉၈)မှ**
**သူငယ်ချင်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်နွဲ့
**အသက်(၈၇)နှစ်**

ဦးကိုကိုအောင်(AGM၊ ဂမုန်းပွင့်ကုမ္ပဏီလီမိတက်)-ဒေါ်စန်းစန်းညီတို့၏မိခင် ဒေါ်ခင်နွဲ့ အသက်(၈၇)နှစ်သည် ၂၄-၁-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနေလင်းဦးနှင့် ဂမုန်းပွင့်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဥဥခင် (မိုးကုတ်ယောဂီ)၊ (ဖျာပုံမြို့)
**အသက်(၈၃)နှစ်**

ဗိုလ်မှူးချုပ်မျိုးသန့် (ပါမောက္ခချုပ်၊ ပြင်ဦးလွင်)-ဒေါ်သီတာတိုးတို့၏ချစ်လှစွာသောမိခင် ဒေါ်ဥဥခင်သည် ၂၃-၁-၂၀၁၇ရက် နံနက် ၃း၃၅နာရီတွင် ရန်ကုန်မြို့ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်တင်အောင်-ဒေါ်ဆွေဆွေလှ**
**နေပြည်တော်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဥဥခင် (မိုးကုတ်ယောဂီ)
### ဖျာပုံမြို့
**အသက်(၈၃)နှစ်**

ဗိုလ်မှူးချုပ်မျိုးသန့် (ပါမောက္ခချုပ်၊ ပြင်ဦးလွင်)-ဒေါ်သီတာတိုးတို့၏မိခင် ဒေါ်ဥဥခင်သည် ၂၃-၁-၂၀၁၇ ရက် နံနက် ၃း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၇၃)ဗိုလ်သင်တန်းကျောင်းဆင်းအရာရှိများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးဝင်းထွန်း (ငြိမ်း)
**DSTA- 4th Intake**
**အသက်(၃၉)နှစ်**

တပ်မတော်နည်းပညာတက္ကသိုလ်၊ အမှတ်စဉ်(၄)မှ ဗိုလ်ကြီးဝင်းထွန်း(ငြိမ်း)သည် ၂၁-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်နည်းပညာတက္ကသိုလ်၊ အမှတ်စဉ်(၈)မှ ညီငယ်များ**

# နှစ်နိုင်ငံအကြား တူညီသည့်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံတို့သည် မိမိတို့ နှစ်နိုင်ငံကို အတူတကွစုစည်းစေခဲ့

**ရန်ကုန် ဇန်နဝါရီ ၂၆**

အိန္ဒိယသမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ သံတမန်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး နေအိမ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.VikramMisri တို့သည် စင်မြင့်ထက်၌ နေရာယူကြပြီး အိန္ဒိယ-မြန်မာနှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✽



**အိန္ဒိယသမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားတက်ရောက်လာကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အား အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်**
(သတင်းစဉ်)

## မြန်မာနှင့် ဩစတြီးယားနှစ်နိုင်ငံချစ်ကြည်ရေး ရန်ပုံငွေကပွဲ Vienna Ball Yangon ကျင်းပမည်



မြန်မာ - ဩစတြီးယား နှစ်နိုင်ငံချစ်ကြည်ရေးရန်ပုံငွေကပွဲအတွက် ယနေ့ပြုလုပ်သည့် ရှင်းလင်းပွဲတွင် အစမ်းကပြစဉ်

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-မေဦးမိုး**

**ရန်ကုန် ဇန်နဝါရီ ၂၆**

ဩစတြီးယား ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးနှင့် Rotary Club of Yangon တို့ ပူးပေါင်းကျင်းပမည့် ပထမဆုံးသော Vienna Ball Yangon ကပွဲကို မတ် ၄ ရက်တွင် ကပြဖျော်ဖြေကာ ရရှိလာမည့် ရန်ပုံငွေများကို လိုအပ်နေသည့် ဒေသများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှူဒါန်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနှင့် ဩစတြီးယား နှစ်နိုင်ငံ ချစ်ကြည်ရေးကို တိုးမြှင့်မည့်

*စာမျက်နှာ ၁၂ ကော်လံ ၄* ●

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၆**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့၌ ညအပူချိန်များအနည်းငယ် လျော့နည်းနိုင်သည်။ (မိုး/ဇလ)

## အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပလျက်ရှိသည့် ၂၀၁၆ အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်အဖြစ် မြန်မာလက်ရွေးစင်ဖူဆယ်အသင်းနှင့် တီမောလက်စ်တေအသင်းတို့ ဇန်နဝါရီ ၂၇ ရက် ညနေ ၄ နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယင်းပွဲစဉ်ကို ညနေ ၃ နာရီ မိနစ် ၅၀ မှ စတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။
**(သတင်းစဉ်)**

